## ဆရာများအတွက် အမှာစာ

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans)၊ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words)၊ အဖြေများ ဟူ၍ အဓိကအပိုင်း(၄)ပိုင်းပါရှိသည်။

**၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်**

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများ ပါဝင်သည်။

(၁) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကို ခြုံငုံတင်ပြခြင်း
(၂) ထိရောက်သောသင်ကြားသင်ယူမှုအတွက် အခြေခံစည်းမျဉ်းများ
(၃) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)
(၄) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ
(၅) စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း
(၆) ၂၁ရာစုကျွမ်းကျင်မှုများ(21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)
(၇) အလယ်တန်းနှင့်အထက်တန်းအဆင့်စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း
(၈) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ် (Year Plan)

**(၁) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း**

ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းနှင့် အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါ အဓိကအချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်-

- သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ရှိသည်။
- ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး အတန်းဖော်များနှင့် ပူးပေါင်း ဆောင်ရွက်ကြသည်။
- ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံရမည့် အခက်အခဲပြဿနာများကို ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများ ဖန်တီးပေးသည်။
- ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (Problem Solving)နှင့် အဆင့်မြင့် ဆန်းစစ်တွေးခေါ်ခြင်း (Higher Level Critical Thinking) ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။

DBEBOX - Copyright Protected

- ဆရာက ကျောင်းသားများအား ရှင်းပြသည်၊ မေးခွန်းများမေးသည်၊ နားထောင်သည်။ ကျောင်းသားများက ဆွေးနွေးကြသည်၊ မေးခွန်းများမေးကြသည်၊ နားထောင်ကြသည်။

## (၂) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

ထိရောက်သောသင်ကြား သင်ယူမှုတွင် ဆရာနှင့်ကျောင်းသားများ အတူတကွ အောက်ပါတို့ကိုဆောင်ရွက်ကြသည်။

- ✔ ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။ ⇨ **သင်ခန်းစာအကြောင်းအရာနှင့် အသိပညာ**
- ✔ ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှု ဆိုင်ရာချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြ သည်။ ⇨ **သင်ကြားနည်းပညာ**
- ✔ ပုံမှန်အားဖြင့် ဆရာနှင့် ကျောင်းသားများသည် တိကျရှင်းလင်းသော အကြံပြုချက် (Feedback)များကို အပြန်အလှန်ပေးကြသည်။ ⇨ **စစ်ဆေးအကဲဖြတ်ခြင်း**

**သင်ယူမှုရလဒ်များ(Learning Outcomes)**

သင်ယူမှုအချိန်ကာလတစ်ခုအဆုံး၌ ကျောင်းသားများအား မည်သည့်အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား၊ တန်ဖိုးထားမှုများကိုသိရှိသွားစေရန်၊ နားလည်သွားစေရန်၊ ပြုလုပ်နိုင်စေရန် မျှော်မှန်းထားသည်ကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသော ဖော်ပြချက်များပါရှိသည် (သင်ခန်းစာအစီအစဉ်များ (Lesson Plans) ကိုကြည့်ပါ)။

## (၃) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း(Bloom's Taxonomy)

အလယ်တန်းနှင့်အထက်တန်းအဆင့်ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (Higher Order Thinking Skills) ဖွံ့ဖြိုး တိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (Lesson Plans)နှင့် သင်ယူမှုလုပ်ငန်းများ (Activities) တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များထည့်သွင်းထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကို ဖော်ပြသည့် အဓိကစကားလုံးများ (မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည် အစရှိသည်)ကို ရှာဖွေကြည့်ပါ။

DRE BOOK-Copyright Protected




### (၄) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ

ဆရာသည် သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းဆန်းစစ်သင့်ပါသည်။

**သင်ခန်းစာအစတွင်–**

ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိပညာများကို သင်ယူရရှိသွားမည်နည်း။

- ✔ စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်းမည်နည်း။
- ✔ ဆရာသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။
- ✔ ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများလိုအပ်သနည်း။
- ✔ သင်ထောက်ကူပစ္စည်းများကို မည်သို့ရရှိစုစည်းပြီး အသုံးပြုမည်နည်း။
- ✔ မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

**သင်ခန်းစာအလယ်တွင်–**

- ✔ သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ။
- ✔ ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာ့အနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ၊ မရှိ။

**သင်ခန်းစာအဆုံးတွင်–**

- ✔ မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ၊ မရှိ။

DREBOX - Copyright Protected

- ✓ သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ်စေခဲ့ခြင်း ရှိ၊ မရှိ။
- ✓ အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်ခဲ့သင့်ခြင်း ရှိ၊ မရှိ။
- ✓ ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူနိုင်ခဲ့ကြသနည်း။
- ✓ ဆရာ၏ သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါ သဘောတရားများ နားလည်မှုကိုစစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ၊ မရှိ။
- ✓ ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

**(၅) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကိုချိန်ငုံတင်ပြခြင်း**

သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့်ဆရာတို့အား အကြံပြုချက်များ(Feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက်အောင်မြင်စွာသင်ယူလိုပါက နောင်တွင်မည်သို့သင်ယူရန် လိုအပ်သည်ကို ခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သောသင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

**(က) စာသင်ခန်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းတွင်အောက်ပါနည်းလမ်းများပါဝင်သည်–**

- ✓ **ကျောင်းသားဗဟိုပြုမှု–** ဆရာနှင့်ကျောင်းသားများသည် သင်ကြားရေးထက်သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကိုပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကိုလုပ်ဆောင်ရန်ပြော၍မဟုတ်ဘဲ) မည်သည်ကို သင်ယူရန် နားလည်ကြသည်။
- ✓ **ဆရာ၏ဆုံးဖြတ်စီစဉ်မှု–** ဆရာအသီးသီးသည် မည်သည်ကို၊ မည်သို့စစ်ဆေးအကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။
- ✓ **ကျောင်းသားများ၏တက်ကြွသောပါဝင်ဆောင်ရွက်မှု–** ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့မည်သည့်အရာကို သင်ယူသင့်သည်ကို ပိုမိုနားလည်ကြသည်။ ထို့အပြင် မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း (Self-assessment) တွင်လည်း ပိုမိုကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက

DBE BOX Copyright Protected

၎င်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှု ရှိကြောင်း သတိပြုမိသောအခါ သင်ယူလိုစိတ်မြင့်မား လာသည်။

- **သင်ကြား–သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment)**- သင်ကြား-သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏ သင်ယူမှုတိုးတက်မှုအခြေအနေ အကြောင်းကို ဆရာသိရှိစေရန် အထောက်အထားပေးသည်။ သင်ကြား-သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှသာ ဆရာက ကျောင်းသားများ၏ သင်ယူမှုတိုးတက်စေရန် ကူညီပေးနိုင်မည်ဖြစ်သည်။ ဆရာက ကျောင်းသားများ၏ သင်ယူမှုဆိုင်ရာအထောက်အထားကို အကောင်းဆုံး မည်သို့မှတ်သားမည်ကို ဆုံးဖြတ်ရန်လိုအပ်သည်။ ရရှိသည့် အထောက်အထားအပေါ် မူတည်၍ ဆရာသည် ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏သင်ကြားမှုကို ကိုက်ညှိနိုင်သည်။ ဆရာများ၏ သင်ကြား-သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှု စွမ်းရည်နှင့်နည်းလမ်းများပိုမိုကောင်းမွန်စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ(Soft Skills: C-၅လုံး) ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏သင်ယူမှုကို မြှင့်တင်အားပေးနိုင်မည် ဖြစ်သည်။

**(ခ) စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ**

- **လေ့လာကြည့်ရှုခြင်း(Observation)**- လက်တွေ့လုပ်ငန်းများ၊ တွေ့ရှိချက်များ တင်ပြခြင်းများအတွက် အုပ်စုလိုက်ပြင်ဆင်ဆောင်ရွက်နေကြစဉ် ၎င်းတို့၏အပြုအမူများအပါအဝင် ကျောင်းသားများအား တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းထားခြင်းဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး)ကိုလည်း လေ့လာကြည့်ရှုပါ။
- **မေးခွန်းများမေးခြင်း(Questioning)**- ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘာလွန်းမိစ်၏ သင်ယူမှုအဆင့်ခွဲခြင်း)ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ၎င်း၏ သင်ကြားမှုကို ကိုက်ညှိသည်။ ဤသို့ဆောင်ရွက်ခြင်းသည်သင်ခန်းစာများ သို့မဟုတ် သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတွင်သာမက စာသင်ကြားစဉ် အချိန်မရွေးဖြစ်ပေါ်နိုင်သည်။
- **ကျောင်းသားများ၏သင်ယူမှုဂျာနယ်(Student Learning Journal)**-ဆရာသည် စဉ်းစားဖြေဆိုရသည့် မေးခွန်းများ (Open-ended questions) (ဥပမာ- မည်သည်ကို သင်ယူခဲ့ပြီးဖြစ်သည်၊ မည်သည်ကိုသင်ယူရန်လိုအပ်နေသေးသည်)ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် အဖြေများရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့ သင်ယူမှုဂျာနယ်

DBE BOX - Copyright Protected

ရေးခြင်းကို သင်ခန်းစာပြီးဆုံးသောအခါ ပြန်လည် သုံးသပ်ခြင်းအဖြစ်သုံးနိုင်သည်။ ထို့အပြင် နောက်သင်ကြားမည့် သင်ခန်းစာရည်ရွယ်ချက်နှင့် ပတ်သက်ပြီး ကျောင်းသားများအား ၎င်းတို့သိရှိပြီးသော အကြောင်းအရာများကို ရေးသားစေပြီး သင်ခန်းစာ၏အစတွင် ကျောင်းသားများ၏ယခင်ရှိပြီးသားဗဟုသုတကိုဆုံးဖြတ်ရန် အသုံးပြုနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ်များကို နမူနာ (ဥပမာ- ၁၀အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ တတ်မြောက်မှုအခြေအနေ သို့မဟုတ် ယခင်ရှိပြီးသား ဗဟုသုတကို ခြုံငုံ အကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်အပေါ် မူတည်၍ သင်ကြားမှုကိုက်ညှိခြင်းတို့ကို ဆောင်ရွက် နိုင်သည်။

**(၆) ၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)**

လူငယ်များသည် ရှုပ်ထွေးသော ကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ရာစုကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများလိုအပ်ပါသည်။ C-၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက်အရေးကြီးသောကျွမ်းကျင်မှုများမှာ-

- **ပူးပေါင်းဆောင်ရွက်ခြင်း(Collaboration)/ အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း (Group work)**- ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန်အားပေးသည်။
- **ဆက်သွယ်ပြောဆိုခြင်း(Communication)**- နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း- စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။
- **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း(Critical thinking and problem solving)**- ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့်အမှားပြင်ဆင် ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။
- **တီထွင်ဖန်တီးခြင်း(Creativity and innovation)**- အတွေးအခေါ်အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် 'ဘောင်ခတ်ထားသည့်အခြေအနေ' မှ ပြင်ပသို့ထွက်၍ တွေးခေါ်စေခြင်း ဖြစ်သည်။
- **နိုင်ငံသားကောင်းစိတ်ဓာတ်ရှိခြင်း(Citizenship)**- ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွ စွာပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်း စိတ်ဓာတ်ရှိခြင်း တို့ဖြစ်သည်။

DRE BOX - Copyright Protected

## (၇) အလယ်တန်းနှင့် အထက်တန်းအဆင့် စာသင်ခန်းများအတွင်းလူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း(ကျား မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)

အမျိုးသားပညာရေးဥပဒေ(၂၀၁၄)၌ သင်ရိုးညွှန်းတမ်းသည် မတူကွဲပြားခြားနားခြင်း (Diversity)ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (Equality)ကို အလေးထားသော၊ ဒီမိုကရေစီ အလေ့အကျင့်နှင့် လူ့အခွင့်အရေး (Human Rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော နိုင်ငံသားကောင်းများမွေးထုတ်ပေးနိုင်ပြီး တိုင်းရင်းသားမျိုးနွယ်စု အသီးသီး၏ ကြွယ်ဝသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

အခြေခံစည်းမျဉ်းအနေဖြင့် အလယ်တန်းနှင့် အထက်တန်းအဆင့်စာသင်ခန်းများသည် ကျား မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကိုမခွဲခြားဘဲ ကျောင်းသားအားလုံးအကျုံးဝင် (Inclusive)စေရန်ဖြစ်သည်။ အားလုံးအကျုံးဝင်ပြီးသာတူညီမျှမှု (Equity)ရှိသောကျောင်းပတ်ဝန်းကျင်သည် ကျောင်းသားတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကိုထိန်းသိမ်းပြီး အခြားသူများနှင့် မတူကွဲပြားခြားနားမှုကို နားလည်အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာသင်ကြားခွင့်ရစေမည်ဖြစ်သည်။

ဆရာသည် နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာ အပြုသဘောဆောင်သည့်သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လုပ်ရှားဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများသည် ကျောင်းသားများတွင် နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။

ထို့အပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြုရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသောအခန်းကဏ္ဍများ (Stereotyped Roles)၊ မတူညီသောယဉ်ကျေးမှု၊ လူမျိုးစုနိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ဖြစ်သည်။

DBE BOX - Copyright Protected

| ဆရာက ရှောင်ကြဉ်ရမည့်တရားသေစွဲမှတ်ထားသောအစဉ်အလာအရအမြင်များ၊ယူဆချက်များ | ဆရာကအားပေးရမည့် သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်မှုအတွက် နမူနာများ |
|---|---|
| **ကျား မ ကဏ္ဍ** - ဖခင် (သတင်းစာဖတ်နေခြင်း)နှင့်မိခင် (ညစာပြင်ဆင်ကျွေးမွေးခြင်း)တို့၏ အခန်းကဏ္ဍများ | **ကျား မ ကဏ္ဍ** - မိခင် (ညစာပြင်ဆင်ကျွေးမွေးခြင်း) နှင့် ဖခင် (ပန်းကန်ဆေးခြင်း)တို့၏အခန်းကဏ္ဍများ |
| **လူမျိုးစု၊ကျား မ**-ဆရာဝန်(ကျား-ဗမာတိုင်းရင်းသား) နှင့် သူနာပြု (မ-တိုင်းရင်းသားလူမျိုးစု) | **လူမျိုးစု၊ကျား မ**- ဆေးရုံဆောက်လုပ်ရေးအင်ဂျင်နီယာ(မ-တိုင်းရင်းသားလူမျိုးစု)နှင့် ဆရာဝန် (ကျား-ဗမာတိုင်းရင်းသား) |
| **ဆင်းရဲမှု** - ချမ်းသာသော ကျောင်းသားတစ်ဦးသည် ကွန်ပျူတာဖြင့် အိုင်စီတီပညာလေ့လာနေ၍ အခြားကျောင်းသားတစ်ဦးက ရေဒီယိုနားထောင်ပြီး အိုင်စီတီသင်ခန်းစာကို လေ့လာနေသည်။ | **ဆင်းရဲမှု** - စာသင်ခန်းအတွင်း၌ ကျောင်းသားအားလုံးသည် ဆရာနှင့်အတူ ရေဒီယိုဖြင့် အိုင်စီတီသင်ခန်းစာကို နားထောင်နေကြသည်။ |
| **မသန်စွမ်းမှု** - ကျောင်းသားအများစုသည်ပြင်းထန်သောကာယလုပ်ငန်းများကို အုပ်စုလိုက်လုပ်ဆောင်၍ မသန်စွမ်းသော ကျောင်းသားက သူစွမ်းဆောင်နိုင်သည့် အလုပ်မရှိသောကြောင့် ထိုင်ကြည့်နေရသည်။ | **မသန်စွမ်းမှု** - ကျောင်းသားအချို့က ကာယလုပ်ငန်းများကို လုပ်ဆောင်၍ မသန်စွမ်းသူအပါအဝင် အခြားကျောင်းသားများက အုပ်စု၏ လုပ်ဆောင်ချက်များကို စာရွက်ပေါ်တွင် ရေးသားမှတ်တမ်းတင်နေကြသည်။ |

ဆရာသည် မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်မှုကို အားကောင်းစေသည့်အခြားဥပမာများ၊ အခွင့်အလမ်းများကို ရှာဖွေပါ။ ကျောင်းသားအားလုံးကို တန်ဖိုးထားလေးစားရေးအတွက် ကျောင်းရှိအခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေဆွေးနွေးနိုင်သည်။

**(၈) သင်ရိုးမာတိကာ(Syllabus)နှင့် စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်(YearPlan)**

ဒသမတန်း၊ ဘောဂဗေဒဘာသာရပ်သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်(YearPlan)နှင့် သင်ခန်းစာခေါင်းစဉ်အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့် ဖော်ပြထားသည်။

DBE BOX - Copyright Protected

## (က) ဒသမတန်း၊ GRADE 10 ဘာသာရပ် သင်ရိုးမာတိကာ (Syllabus)

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Concise Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှုအညွှန်းကိန်းများ(Achievement Indicators) |
|---|---|---|---|
| ဘောဂဗေဒ၏ အခြေခံ အသိပညာ | - လူမှုစီးပွားရေး အခြေခံသဘော တရားများကို ရှင်းပြတတ်ရန်။<br>- ဘောဂဗေဒ၏အဓိပ္ပာယ် သတ်မှတ်ချက် ၃ မျိုးကို ဖော်ထုတ်တတ်ရန်။<br>- အကန့်အသတ်မရှိသော လူတို့၏လိုအင်ဆန္ဒများနှင့် အကန့်အသတ် ရှိသော အရင်းအမြစ်များကြား ခွဲခြမ်းစိတ်ဖြာတတ်ရန်။ | - ဘောဂဗေဒဘာသာရပ်၏ အခြေခံသဘောတရားများ ကိုနားလည်ရှင်းပြတတ်မည်။<br>- အဓိပ္ပာယ်သတ်မှတ်ချက် ၃ မျိုးကို နှိုင်းယှဉ် ဖော်ထုတ်တတ်မည်။<br>- အခြေခံကျသောလိုအပ်ချက်နှင့်အခြေခံမကျသော လိုအပ်ချက်ကိုသိရှိဖော်ပြတတ်မည်။<br>- ထုတ်လုပ်မှုအင်အားစု အကန့်အသတ်ရှိမှုကို ဖော်ပြတတ်လာမည်။<br>- လူတို့လိုအင်ဆန္ဒနှင့် အကန့်အသတ်ရှိသော အင်အားစု အရင်းအမြစ်များကြားဆုံးဖြတ်ချက် ရွေးချယ်မှုကို ခွဲခြားနိုင်လာမည်။ | - အိမ်ထောင်စုများ၏ နေ့စဉ်ဆောင်ရွက်ချက်များနှင့်အညီ ဘောဂဗေဒ၏ အခြေခံသဘောတရားများကို ဖော်ပြတတ်မည်။<br>- အဓိပ္ပာယ် သတ်မှတ်ချက် ၃ မျိုးကို ရှုထောင့်အမျိုးမျိုးမှ ခွဲခြားဖော်ထုတ်တတ်မည်။<br>- လက်တွေ့ဘဝတွင်အကန့်အသတ်မရှိသော လူတို့၏ လိုအင်ဆန္ဒများနှင့် အကန့်အသတ်ရှိသော အရင်းအမြစ်အခြေခံ သဘောတရားကို ခွဲခြား ဖော်ထုတ်တတ်မည်။ |
| | - ကုန်စည်နှင့် ဝန်ဆောင်မှု အမျိုးအစား အမျိုးမျိုးကို ခွဲခြားတတ်ရန်။<br>- ကုန်စည်အမျိုးအစားများနှင့် အသုံးပြုမှုကို ခွဲခြားတတ်ရန်။ | - ကုန်စည်နှင့် ဝန်ဆောင်မှု အမျိုးအစား အမျိုးမျိုးကို ဖော်ပြတတ်လာမည်။<br>- အသုံးပြုမှုပေါ် မူတည်၍ ကုန်စည်များကို အမျိုးအစားခွဲခြားနိုင်လာမည်။ | - ကုန်စည်နှင့် ဝန်ဆောင်မှုများကိုခွဲခြားတတ်လာမည်။ လက်တွေ့ဘဝအခြေအနေ အသုံးပြုမှုပေါ်မူတည်ပြီး ကုန်စည်နှင့် ဝန်ဆောင်မှု အမျိုးအစားများခွဲခြားမှုကို ရှင်းပြတတ်လာမည်။ |

DBE BOX - Copyright Protected

| | | | |
|---|---|---|---|
| စီးပွားရေးစနစ် | - စီးပွားရေးလုပ်ဆောင်ချက်များကို သိရှိနားလည်လာပြီး ၎င်းတို့၏ဆက်စပ်မှုများကို နေ့စဉ်လူမှု ဘဝတွင် အသုံးချတတ်ရန်။<br>- စီးပွားရေးအဆောက်အအုံနှင့် စီးပွားရေးလုပ်ဆောင်ချက်ကြား၊ စီးပွားရေးလုပ်ဆောင်ချက်နှင့် စီးပွားရေးစနစ်ကြား ဆက်စပ်မှုကို သိရှိရှင်းပြ တတ်ရန်။ | - စီးပွားရေးလုပ်ဆောင်ချက် ၅ ခုကို ခွဲခြားဖော်ပြတတ်လာမည်။<br>- စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်ကို သိရှိနားလည်လာပြီး ၎င်းပေါ်မူတည်၍ စီးပွားရေးလုပ်ဆောက်ချက်များကို အဆင့်ဆင့်ဖော်ထုတ်တတ်လာမည်။<br>- စီးပွားရေးစနစ်များပေါ်အခြေခံ၍ လက်ရှိမြန်မာနိုင်ငံတွင် လုပ်ဆောင်နေသောစီးပွားရေးလုပ်ဆောင်ချက်များကို ဆက်စပ်သုံးသပ်တတ်လာမည်။ | - စီးပွားရေးလုပ်ဆောင်ချက်များနှင့် ၎င်းတို့၏ဆက်စပ်မှုများကို ဥပမာများနှင့်တကွ မှတ်သားနားလည်လာမည်။<br>- စီးပွားရေးလုပ်ဆောင်ချက်များပါဝင်သည့် စီးပွားရေးကဏ္ဍပေါ်မူတည်၍ ထုတ်လုပ်မှုအဆောက်အအုံသဘောတရားကိုသိရှိလာမည်။<br>- မြန်မာနိုင်ငံစီးပွားရေးလုပ်ဆောင်ချက်များကို စိစစ်သုံးသပ်တတ်လာမည်။ |
| မြန်မာနိုင်ငံ၏ လူဦးရေ | - မြန်မာနိုင်ငံ၏ အလုပ်အကိုင် အလိုက်နှင့်ကဏ္ဍအလိုက် လူဦးရေပျံ့နှံ့ပုံကို သိရှိသုံးသပ်တတ်ရန်။<br>- လူဦးရေနှင့် စားသုံးမှုပုံသဏ္ဌာန်ဆက်စပ်မှုကို သိရှိစေရန်။<br>- မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းမှုကို သုံးသပ်တတ်ရန်။<br>- အနေတော်လူဦးရေသဘောတရားကို သိရှိရန် | - မြန်မာနိုင်ငံ၏ အလုပ်အကိုင် အလိုက်နှင့်ကဏ္ဍအလိုက် လူဦးရေပျံ့နှံ့ပုံကို သိရှိလာမည်။<br>- ကျေးလက်မြို့ပြစားသုံးမှုပုံစံကို ခွဲခြားသိရှိနိုင်လာမည်။<br>- မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီးများကြား လူဦးရေ သိပ်သည်းမှုကို နှိုင်းယှဉ်တတ်လာမည်။<br>- အနေတော်လူဦးရေ၊ လူဦးရေနည်းလွန်းခြင်း၊ များလွန်းခြင်း သဘောတရားများကို ရှင်းပြတတ်လာမည်။ | - လူဦးရေသည်လုပ်သားအင်အားကို ဖြည့်ဆည်းပေးနိုင်ကြောင်းဆွေးနွေးနိုင်မည်။<br>- မွေးဖွားနှုန်းကြမ်း၊ သေနှုန်းကြမ်း၊အသားတင်ပြောင်းရွှေ့မှုနှုန်း တို့ကို လက်တွေ့တွက်ချက်တတ်လာမည်။<br>- မြန်မာနိုင်ငံကျေးလက်နှင့်မြို့ပြကြား စားသုံးမှုပုံစံကို စိစစ်ဖော်ပြတတ်လာမည်။<br>- လူဦးရေသိပ်သည်းမှုကို တွက်ချက်တတ်မည်။<br>- ကျေးလက်မြို့ပြ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများကြား လူဦးရေ သိပ်သည်းမှုကို သိရှိသုံးသပ်တတ်မည်။<br>- လူဦးရေနည်းလွန်းခြင်း၊ များလွန်းခြင်းတွင် တွေ့ကြုံလာရမည့် အခက်အခဲများကို သိရှိလာမည်။ |

DBEBOX - Copyright Protected

| | | | |
|---|---|---|---|
| စီးပွားရေး အဆောက်အအုံ | - စီးပွားရေးလုပ်ဆောင်ချက်များနှင့် ထုတ်လုပ်မှုကဏ္ဍများကြား ဆက်စပ်မှုကို ရှင်းလင်းပြောပြတတ်ရန်။ | - ထုတ်လုပ်မှုကဏ္ဍများနှင့် စီးပွားရေးလုပ်ဆောင်ချက်များကြား ဆက်သွယ်မှုကို ရှင်းပြတတ်လာမည်။ | - မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍများနှင့် စီးပွားရေးလုပ်ဆောင်ချက်များကြား ဆက်သွယ်မှုကို သိရှိသုံးသပ်တတ်လာမည်။ |
| | - မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများကို လေ့လာသိရှိနိုင်ရန်။ | - မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံကို ကဏ္ဍအလိုက် သိရှိရှင်းပြတတ်လာမည်။ | - စီးပွားရေးကဏ္ဍများတွင် ထုတ်လုပ်မှုကို သိရှိသုံးသပ်တတ်လာမည်။ |
| | - တိုင်းပြည်ဝင်ငွေ၏ အခြေခံသဘောတရားကို ခွဲခြားသိရှိရန်။<br>- GDP သဘောတရား၊တွက်နည်းများ၊ခွဲဝေပုံများကို သိရှိရန်။<br>- မြန်မာနိုင်ငံ၏ လယ်ယာ၊ သားငါး၊သစ်တော၊သတ္တုတွင်းထွက်နှင့် စွမ်းအင်ကဏ္ဍများ၏ အခြေအနေ၊ စာရင်းဇယားများကို သိရှိရန်။ | - တိုင်းပြည်ဝင်ငွေ၏ အခြေခံသဘောတရားကို ရှင်းပြတတ်လာမည်။<br>- GDP သဘောတရား၊တွက်နည်းများ၊ခွဲဝေပုံများကို သိရှိလာမည်။<br>- လယ်ယာ၊သားငါး၊ သစ်တော၊သတ္တုတွင်းထွက်နှင့် စွမ်းအင်ကဏ္ဍများ၏အဓိကထုတ်ကုန်များ၊ သွင်းအားစုများ၊ အခြားကဏ္ဍများနှင့် ဆက်စပ်မှုများကို သိရှိသုံးသပ်တတ်လာမည်။ | - မြန်မာနိုင်ငံ၏ GDP ကို သိရှိသုံးသပ်စိစစ် တတ်လာမည်။<br>- GDP တွက်နည်း အခြေခံသဘောတရားများကို သိရှိမည်။<br>- လယ်ယာ၊သားငါး၊ သစ်တော၊သတ္တုတွင်းထွက်နှင့် စွမ်းအင်ကဏ္ဍများ၏အဓိကထုတ်ကုန်များ၊ သွင်းအားစုများ၊ အခြားကဏ္ဍများနှင့် ဆက်စပ်မှုများပေါ် အခြေခံ၍ ၎င်းကဏ္ဍများကို စိစစ်သုံးသပ်ရှင်းပြတတ်လာမည်။ |
| | - မြန်မာနိုင်ငံတွင် စက်မှုထူထောင်ရန်လိုအပ်ခြင်းနှင့် စက်မှုလုပ်ငန်းအမျိုးအစားများ၊ စာရင်းဇယားများကို သိရှိရန်။<br>- မြန်မာနိုင်ငံ၏ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်ရေးကဏ္ဍ၏ အခြေအနေစာရင်းဇယားများကို သိရှိရန်။<br>- မြန်မာနိုင်ငံဝန်ဆောင်မှုကဏ္ဍများ၏ အခြေအနေစာရင်းဇယားများကို သိရှိရန်။ | - မြန်မာနိုင်ငံတွင် စက်မှုထူထောင်ရန်လိုအပ်ခြင်းကို သိရှိလာမည်။<br>- စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်ရေးကဏ္ဍတို့၏ အဓိကထုတ်ကုန်များ၊သွင်းအားစုများ၊ အခြားကဏ္ဍများနှင့် ဆက်စပ်မှုများကို သုံးသပ်တတ်လာမည်။<br>- ဝန်ဆောင်မှုကဏ္ဍများ၏ ဆောင်ရွက်မှုအခြေအနေများကို သုံးသပ်တတ်မည်။ | - စက်မှုထူထောင်ရန် လိုအပ်ခြင်း၊ စက်မှုလက်မှု၊ လျှပ်စစ်၊ ဆောက်လုပ်ရေးကဏ္ဍတို့၏ အဓိကထုတ်ကုန်များ သွင်းအားစုများ၊ အခြားကဏ္ဍများနှင့် ဆက်စပ်မှုတို့ပေါ် အခြေခံ၍ ၎င်းကဏ္ဍများကို စိစစ်သုံးသပ်ရှင်းပြတတ်မည်။<br>- ဝန်ဆောင်မှုကဏ္ဍများကို စိစစ်သုံးသပ်ရှင်းပြတတ်မည်။ |

DBE BOX - Copyright Protected

## (ခ) စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်(Year Plan)နှင့် သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁ | ၅ | အခန်း(၁)<br>ဘောဂဗေဒဆိုသည်မှာ | - "အီးကိုစ်" + "နိုမီ"<br>- လူသားတို့၏ အကန့်အသတ်မရှိသော လိုအင်ဆန္ဒများ နှင့်အကန့်အသတ်ရှိသော အရင်းအမြစ်များ<br>- အခန်း(၁)ကို ပြန်လည်ဆန်းစစ်ခြင်း<br>- လေ့ကျင့်ခန်းများ |
| ၂ | ၅ | အခန်း(၁)<br>ဘောဂဗေဒဆိုသည်မှာ<br>အခန်း(၂)<br>ကုန်စည်နှင့်ဝန်ဆောင်မှုများ | - လေ့ကျင့်ခန်းများ<br>- ကုန်စည်များနှင့်ဝန်ဆောင်မှုများ၏အဓိပ္ပာယ်<br>- အခမဲ့ကုန်စည်နှင့် ရှားပါးကုန်စည်<br>- သွင်းအားစုများနှင့် ကုန်ထွက်များ |
| ၃ | ၅ | အခန်း(၂)<br>ကုန်စည်နှင့်ဝန်ဆောင်မှုများ | - ကုန်ချောနှင့်ကုန်ကြမ်းများ<br>- နောက်ဆုံးသုံးကုန်စည်နှင့် ကြားသုံးကုန်စည်<br>- စားသုံးကုန်စည်များနှင့် ထုတ်လုပ်သူသုံးကုန်စည် |
| ၄ | ၅ | အခန်း(၂)<br>ကုန်စည်နှင့်ဝန်ဆောင်မှုများ | - ကြာရှည်သုံးကုန်စည်နှင့်တစ်ခါသုံးကုန်စည်<br>- ပျက်စီးလွယ်သောကုန်စည်နှင့် မပျက်စီးလွယ်သော ကုန်စည်<br>- ကုန်လက်ကျန်နှင့်ကုန်စီးဆင်းမှု<br>- အခန်း(၂)ကို ပြန်လည်ဆန်းစစ်ခြင်း |
| ၅ | ၅ | အခန်း(၂)<br>ကုန်စည်နှင့်ဝန်ဆောင်မှုများ<br>အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊ စီးပွားရေးအဆောက်အအုံ ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးအဖွဲ့အစည်းများ | - လေ့ကျင့်ခန်းများ<br>- စီးပွားရေးလုပ်ဆောင်ချက်များ |

DBE BOX - Copyright Protected

| | | | |
|---|---|---|---|
| ၆ | ၅ | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊ စီးပွားရေးအဆောက်အအုံ ပုံသဏ္ဍာန်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးအဖွဲ့အစည်းများ | - စီးပွားရေးလုပ်ဆောင်ချက်များ |
| ၇ | ၅ | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊ စီးပွားရေးအဆောက်အအုံ ပုံသဏ္ဍာန်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးအဖွဲ့အစည်းများ | - စီးပွားရေးလုပ်ဆောင်ချက်များ<br>- စီးပွားရေးအဆောက်အအုံပုံသဏ္ဍာန်နှင့် စီးပွားရေးစနစ်<br>- စီးပွားရေးအဖွဲ့အစည်းများ |
| ၈ | ၅ | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊ စီးပွားရေးအဆောက်အအုံ ပုံသဏ္ဍာန်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးအဖွဲ့အစည်းများ | - စီးပွားရေးအဖွဲ့အစည်းများ<br>- အခန်း(၃)ကို ပြန်လည်ဆန်းစစ်ခြင်း<br>- လေ့ကျင့်ခန်းများ |
| ၉ | ၅ | အခန်း(၄)<br>မြန်မာနိုင်ငံ၏လူဦးရေ | - မြန်မာနိုင်ငံ၏လူဦးရေ အဆောက်အအုံ ပုံသဏ္ဍာန်<br>(က) စုစုပေါင်းလူဦးရေပမာဏနှင့်တိုးတက်မှုနှုန်း<br>(ခ) အသက်နှင့်ကျားမအလိုက်လူဦးရေပျံ့နှံ့မှု |
| ၁၀ | ၅ | အခန်း(၄)<br>မြန်မာနိုင်ငံ၏လူဦးရေ | (ဂ) ဒေသအလိုက်ပျံ့နှံ့မှု<br>(ဃ) အလုပ်အကိုင်အလိုက်နှင့်ကဏ္ဍအလိုက် လူဦးရေပျံ့နှံ့မှု<br>- လုပ်သားအင်အား |
| ၁၁ | ၅ | အခန်း(၄)<br>မြန်မာနိုင်ငံ၏လူဦးရေ | - လုပ်သားအင်အား<br>- စားသုံးသူများ<br>- အနေတော်လူဦးရေ |
| ၁၂ | ၅ | အခန်း(၄)<br>မြန်မာနိုင်ငံ၏လူဦးရေ | - အနေတော်လူဦးရေ<br>- အခန်း(၄)ကို ပြန်လည်ဆန်းစစ်ခြင်း<br>- လေ့ကျင့်ခန်းများ |

DBE BOX - Copyright Protected

| | | | |
|---|---|---|---|
| ၁၃ | ၅ | အခန်း(၅)<br>မြန်မာနိုင်ငံ၏<br>စီးပွားရေးအဆောက်အအုံ | - တိုင်းပြည်ဝင်ငွေ<br>- မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုအဆောက်အအုံ |
| ၁၄ | ၅ | စာမေးပွဲအတွက်<br>ပြန်လှန်လေ့ကျင့်ခြင်း | |
| ၁၅ | ၅ | ပထမအစမ်းစစ်ဆေးခြင်း | |
| ၁၆ | ၅ | အခန်း(၅)<br>မြန်မာနိုင်ငံ၏<br>စီးပွားရေးအဆောက်အအုံ | - မြန်မာနိုင်ငံ၏ထုတ်လုပ်မှု အဆောက်အအုံ<br>- မြန်မာနိုင်ငံ၏ GDP ကိုခွဲဝေအသုံးပြုပုံ |
| ၁၇ | ၅ | အခန်း(၅)<br>မြန်မာနိုင်ငံ၏<br>စီးပွားရေးအဆောက်အအုံ | - မြန်မာနိုင်ငံ၏ GDPကိုခွဲဝေအသုံးပြုပုံ<br>- အခန်း(၅)ကို ပြန်လည်ဆန်းစစ်ခြင်း<br>- လေ့ကျင့်ခန်းများ |
| ၁၈ | ၅ | အခန်း(၅)<br>မြန်မာနိုင်ငံ၏<br>စီးပွားရေး အဆောက်အအုံ<br>အခန်း(၆)<br>မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ<br>နှင့် သားငါးကဏ္ဍ | - လေ့ကျင့်ခန်းများ<br>- လယ်ယာကဏ္ဍနှင့်<br>သားငါးကဏ္ဍများအရေးပါမှု<br>- လယ်ယာကဏ္ဍ၏အဓိကထုတ်ကုန်များ |
| ၁၉ | ၅ | အခန်း(၆)<br>မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ<br>နှင့် သားငါးကဏ္ဍ | - လယ်ယာကဏ္ဍ၏ အဓိကထုတ်ကုန်များ<br>- လယ်ယာကဏ္ဍ၏ သွင်းအားစုများ<br>- အခြားကဏ္ဍများနှင့်ဆက်စပ်မှု |
| ၂၀ | ၅ | အခန်း(၆)<br>မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ<br>နှင့် သားငါးကဏ္ဍ | - အခြားကဏ္ဍများနှင့်ဆက်စပ်မှု<br>- သားငါးကဏ္ဍ<br>- ရေလုပ်ငန်း<br>- အခန်း(၆)ကို ပြန်လည်ဆန်းစစ်ခြင်း<br>- လေ့ကျင့်ခန်းများ |

DBLBOX - Copyright Protected

| | | | |
|---|---|---|---|
| ၂၁ | ၅ | အခန်း(၇)<br>မြန်မာနိုင်ငံ၏သစ်တောကဏ္ဍ | - သစ်တောကဏ္ဍ၏အရေးပါမှု<br>- သစ်တောကဏ္ဍ၏အဓိကထုတ်ကုန်များ<br>- သစ်တောကဏ္ဍအတွက်သွင်းအားစုများ |
| ၂၂ | ၅ | အခန်း(၇)<br>မြန်မာနိုင်ငံ၏သစ်တောကဏ္ဍ | - အခြားစီးပွားရေးကဏ္ဍများနှင့် ဆက်စပ်ပုံ<br>- အခန်း(၇)ကိုပြန်လည်ဆန်းစစ်ခြင်း<br>- လေ့ကျင့်ခန်းများ |
| ၂၃ | ၅ | အခန်း(၈)<br>မြန်မာနိုင်ငံ၏ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍနှင့်စွမ်းအင်ကဏ္ဍ | - သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ အဓိကထုတ်ကုန်များ<br>- သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ သွင်းအားစုများ<br>- သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ သွင်းအားစုများ |
| ၂၄ | ၅ | အခန်း(၈)<br>မြန်မာနိုင်ငံ၏ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍနှင့်စွမ်းအင်ကဏ္ဍ | - စွမ်းအင်ကဏ္ဍ၏အဓိကထုတ်ကုန်များ<br>- အခြားကဏ္ဍများနှင့် ဆက်စပ်မှု |
| ၂၅ | ၅ | အခန်း(၈)<br>မြန်မာနိုင်ငံ၏ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍနှင့်စွမ်းအင်ကဏ္ဍ<br>အခန်း(၉)<br>မြန်မာနိုင်ငံ၏<br>စက်မှုလုပ်ငန်းကဏ္ဍများ | - အခန်း(၈)ကို ပြန်လည်ဆန်းစစ်ခြင်း<br>- လေ့ကျင့်ခန်းများ<br>- စက်မှုလုပ်ငန်းအရေးပါမှု<br>- စက်မှုလုပ်ငန်းတည်ထောင်ရန်လိုအပ်ခြင်း |
| ၂၆ | ၅ | စာမေးပွဲအတွက်<br>ပြန်လှန်လေ့ကျင့်ခြင်း | |
| ၂၇ | ၅ | ဒုတိယအစမ်းစစ်ဆေးခြင်း | |
| ၂၈ | ၅ | အခန်း(၉)<br>မြန်မာနိုင်ငံ၏<br>စက်မှုလုပ်ငန်းကဏ္ဍများ | - စက်မှုလုပ်ငန်းတည်ထောင်ရန်လိုအပ်ခြင်း<br>- စက်မှုလုပ်ငန်းတည်နေရာရွေးချယ်ခြင်း |

DBE BOX - Copyright Protected

| | | | |
|---|---|---|---|
| ၂၉ | ၅ | အခန်း(၉)<br>မြန်မာနိုင်ငံ၏<br>စက်မှုလုပ်ငန်းကဏ္ဍများ | - စက်မှုလုပ်ငန်းအမျိုးအစားခွဲခြားပုံ<br>- စက်မှုလုပ်ငန်း၏အဓိကထုတ်ကုန်များ<br>- စက်မှုလုပ်ငန်း၏အဓိကသွင်းအားစုများ |
| ၃၀ | ၅ | အခန်း(၉)<br>မြန်မာနိုင်ငံ၏<br>စက်မှုလုပ်ငန်းကဏ္ဍများ | - အခြားကဏ္ဍများနှင့်ဆက်စပ်မှု<br>- မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားကဏ္ဍ<br>- မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု<br>- မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ သွင်းအားစုများ |
| ၃၁ | ၅ | အခန်း(၉)<br>မြန်မာနိုင်ငံ၏<br>စက်မှုလုပ်ငန်းကဏ္ဍများ<br>အခန်း(၁၀)မြန်မာနိုင်ငံ၏<br>ဝန်ဆောင်မှုကဏ္ဍများ | - မြန်မာနိုင်ငံ၏ဆောက်လုပ်ရေးကဏ္ဍ<br>- အခန်း(၉)ကို ပြန်လည်ဆန်းစစ်ခြင်း<br>- လေ့ကျင့်ခန်းများ<br>- ကုန်သွယ်ရေးကဏ္ဍ |
| ၃၂ | ၅ | အခန်း(၁၀)<br>မြန်မာနိုင်ငံ၏<br>ဝန်ဆောင်မှုကဏ္ဍများ | - ကုန်သွယ်ရေးကဏ္ဍ<br>- ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း |
| ၃၃ | ၅ | အခန်း(၁၀)<br>မြန်မာနိုင်ငံ၏<br>ဝန်ဆောင်မှုကဏ္ဍများ | - ဘဏ်လုပ်ငန်းများ<br>- ပို့ဆောင်ရေးကဏ္ဍ |
| ၃၄ | ၅ | အခန်း(၁၀)<br>မြန်မာနိုင်ငံ၏<br>ဝန်ဆောင်မှုကဏ္ဍများ | - ပို့ဆောင်ရေးကဏ္ဍ<br>- ဆက်သွယ်ရေးကဏ္ဍ<br>- အခန်း(၁၀)ကိုပြန်လည်ဆန်းစစ်ခြင်း<br>- လေ့ကျင့်ခန်းများ |
| ၃၅ | ၅ | စာမေးပွဲအတွက်<br>ပြန်လှန်လေ့ကျင့်ခြင်း | |
| ၃၆ | ၅ | နှစ်ဝက်ဆုံးစစ်ဆေးခြင်း | |

DBE BOX - Copyright Protected

## ၂။ သင်ခန်းစာအစီအစဉ်များ(Lesson Plans)

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ်(သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊လေ့ကျင့်ခြင်း၊ပြန်လည် သုံးသပ်ခြင်း- **I-T-P-R**)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကိုအားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာ့အတွက်မှတ်စု)ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းဟူသောအဆင့်(၄)ဆင့်ပါရှိမည်။(သင်ခန်းစာကိုလိုက်၍ အနည်းငယ်ကွဲပြားနိုင်သည်။)

- I သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- T သင်ကြားခြင်း (Teach)/သင်ကြားမှု လုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့် စကားလုံး
- P လေ့ကျင့်ခြင်း (Practice)
- R ပြန်လည်ဆန်းစစ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

| | | |
|---|---|---|
| I | သင်ခန်းစာမိတ်ဆက်ခြင်း/<br>နိဒါန်းပျိုးခြင်း<br>(Introduction) | ယခင်သင်ယူပြီး အသိပညာကိုစစ်ဆေးခြင်း၊<br>ဥပမာ-'အဝင်-အထွက်'(ENTRY - EXIT) နည်းလမ်းကိုသုံးခြင်း။<br>အဝင်(မသင်ကြားမီ)-ယခင်ကသင်ယူခဲ့သော အကြောင်းနှင့် ပတ်သက်၍မည်သည့်အကြောင်းအရာ ၃ ခုကိုသင်ပြန်လည် မှတ်မိသနည်း။<br>အထွက်(သင်ကြားပြီး)-သင်သည် မည်သည့်အကြောင်းအရာ အသစ် ၃ ခုကိုသင်ယူခဲ့သနည်း။ |
| T | သင်ကြားခြင်း (Teach) | ဤအပိုင်းတွင်အများစုသည်ဆရာဗဟိုပြုဖြစ်မည်။ |
| P | လေ့ကျင့်ခြင်း (Practice) | ဤအပိုင်းတွင်အများစုသည်ကျောင်းသားဟိုပြုဖြစ်မည်။ |
| R | ပြန်လည်ဆန်းစစ်ခြင်း(Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်ဆန်းစစ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း-လေ့ကျင့်ခြင်း(T-P)အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ကာထပ်ကာ ဖြစ်နိုင်သည်။ ဥပမာ-




DBE BOX - Copyright Protected

## ၃။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words)

ကျောင်းသားများက သင်ခန်းစာပါသဘောတရားများကို ပိုမိုနားလည်စေရန်အတွက် ကျောင်းသုံးဖတ်စာအုပ်တွင် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များ ကို ထည့်သွင်းဖော်ပြထားသည်။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြသော အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ပညာရပ်ဆိုင်ရာအဓိကဝေါဟာရများ ပါဝင်သည်။

DBE BOX - Copyright Protected

# အခန်း(၁)
# ဘောဂဗေဒဆိုသည်မှာ
# What Economics is

**စာသင်ချိန်(၆)ချိန်** **တစ်ချိန်(၄၅)မိနစ်**

## သင်ယူမှုရလဒ်များ

- ဘောဂဗေဒဘာသာရပ်၏ အဓိပ္ပာယ်ကို နားလည်သိရှိလာနိုင်ပြီး နေ့စဉ်ဘဝနှင့် ဆက်စပ် အသုံးချတတ်မည်။
- အခြေခံကျသောလိုအပ်ချက်များနှင့် အခြေခံမကျသောလိုအပ်ချက်များကို ရှင်းပြတတ်မည်။
- လူ့လုပ်အား၊ သဘာဝသယံဇာတပစ္စည်းများ၊ ရုပ်ဝတ္ထုပစ္စည်းများနှင့် ထုတ်လုပ်မှုကိရိယာများ အားလုံးကို ကုန်ထုတ်အင်အားစုများ သို့မဟုတ် ထုတ်လုပ်မှုအရင်းအမြစ်များ (productive resources) ဟု ခေါ်ခြင်းကို ရှင်းပြတတ်မည်။
- အကန့်အသတ်မရှိသောလူသားတို့၏ လိုအင်ဆန္ဒများနှင့် အကန့်အသတ်ရှိသောအရင်း အမြစ်များကြား ခွဲခြမ်းစိတ်ဖြာတတ်လာမည်။
- ချွေတာရေးသဘောတရားကို သိရှိနားလည်လာနိုင်၍ နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာမည်။

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- အခြေခံကျသောလိုအပ်ချက်များနှင့် အခြေခံမကျသောလိုအပ်ချက်များ၊ ကုန်ထုတ်အင်အား စုများ၊ ကုန်ချောများနှင့် ကုန်ကြမ်းများ၊ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ကုန်ထွက်နှင့် သွင်းအားစု အမျိုးအစားများကို ဥပမာပေးနိုင်ရန်စဉ်းစားထားပါ။

## ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

- လူသားတို့၏ အတောမသတ်သည့် လိုအင်ဆန္ဒများနှင့် ရှားပါးသည့် အင်အားစုများအကြောင်းကို အချင်းချင်းအပြန်အလှန်ဆွေးနွေးခြင်းဖြင့် ဆက်သွယ်ပြောဆို တတ်လာမည်။
- အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊ အုပ်စုလိုက်ဆောင်ရွက်တတ်ခြင်း၊ ကြောင်းကျိုးဆက်စပ် စဉ်းစားခြင်း၊ ခွဲခြမ်းစိတ်ဖြာစဉ်းစားတတ်ခြင်းစသည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများကို ရရှိစေမည်။

DBE BOX Copyright Protected

## ၁.၁။ "အီးကိုစ်"(Ecos) + "နိုမီ"(Nomy)

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- ဘောဂဗေဒဝေါဟာရ ဖြစ်ပေါ်လာပုံကို ရှင်းပြတတ်စေရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကမ္ဘာပေါ်ရှိနိုင်ငံများအားလုံးတွင် မိသားစုများ၊ အိမ်ထောင်စုများဖြင့်ဖွဲ့စည်းထားသည်ကို သိရှိပြီးဖြစ်သဖြင့် အောက်ပါမေးခွန်းကို ဖြေဆိုပါစေ။
- မိသားစုများ၊ အိမ်ထောင်စုများ၏နေ့စဉ်ဘဝတွင် ဆောင်ရွက်မှုများကို မိမိမိသားစုဖြင့် ဥပမာပြု၍ ပြောပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- မိသားစု သို့မဟုတ် အိမ်ထောင်စုစီမံခန့်ခွဲခြင်းကိုအသုံးပြုပြီး အောက်ပါအချက်များကို ရှင်းပြပါ။
- ဘောဂဗေဒတွင် အဓိပ္ပာယ်ဖွင့်ဆိုချက် ၃ မျိုးရှိကြောင်း၊ ပထမမှာ တိုက်ရိုက်အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ပြီး မိသားစုစီမံခန့်ခွဲခြင်းအဓိပ္ပာယ်နှင့်သက်ဆိုင်ကြောင်း ရှင်းပြပါ။
- ဒုတိယယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဆက်လက်ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားအရေအတွက်အပေါ် မူတည်၍အုပ်စုဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအား ဘောဂဗေဒ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အုပ်စုလိုက် ဖတ်ပါစေ။
- စီးပွားရေးအဆောက်အအုံအကြောင်းကို အုပ်စုလိုက် ဆွေးနွေးပါစေ။ ဆွေးနွေးစဉ်ဆရာက လှည့်လည် ကြီးကြပ်ပေးပါ။ အုပ်စုကိုယ်စားလှယ်ကျောင်းသားတစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့တင်ပြပေးပါ။
- ဘောဂဗေဒ၏ ယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုချက်ကို မှတ်စုတွင်ရေးမှတ်ပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- "အီကိုနိုမီ" ဟူသောစကားလုံး၏ ခေတ်သစ်အဓိပ္ပာယ်ဆိုလိုချက်နှင့် ဂရိဘာသာစကား၏ တိုက်ရိုက်အဓိပ္ပာယ်ဖွင့်ဆိုချက်တို့သည် အခြေခံအားဖြင့် တူညီမှုရှိပါသလား။ မည်သို့ တူညီကြသနည်း။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၃) မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX - Copyright Protected

## ၁.၂။ လူသားတို့၏ အကန့်အသတ်မရှိသောလိုအင်ဆန္ဒများနှင့် အကန့်အသတ်ရှိသော အရင်းအမြစ်များ

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

### သင်ခန်းစာရည်ရွယ်ချက်

- အခြေခံကျသောလိုအပ်ချက်များ (basic requirements) နှင့်အခြေခံမကျသောလိုအပ်ချက်များ (non-basic requirements)ကို ရှင်းပြတတ်စေရန်
- လူ့လုပ်အား၊ သဘာဝသယံဇာတပစ္စည်းများ၊ ရုပ်ဝတ္ထုပစ္စည်းများနှင့် ထုတ်လုပ်မှုကိရိယာများ အားလုံးကို ကုန်ထုတ်အင်အားစုများ သို့မဟုတ် ထုတ်လုပ်မှုအရင်းအမြစ်များ (productive resources) ဟု ခေါ်ခြင်းကို ရှင်းပြတတ်စေရန်

### သင်ခန်းစာမိတ်ဆက် (၁၅)မိနစ်

- ဘောဂဗေဒတွင် အဓိပ္ပာယ်ဖွင့်ဆိုချက် ၃ မျိုးရှိသည်ကိုသိရှိခဲ့ပြီး ၂ မျိုးသင်ကြားပြီးဖြစ်သည့်အတွက် တိုက်ရိုက်အဓိပ္ပာယ်နှင့် ယေဘုယျအဓိပ္ပာယ်များကို ကျောင်းသားများ မှတ်မိသလောက်ပြောပါစေ။
- ထို့နောက်ဘောဂဗေဒ၏ တတိယအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဆက်လက်သင်ကြားမည်ဖြစ်ကြောင်းပြောကြားပါ။

### သင်ကြားခြင်း (၃၀)မိနစ်

- ကျောင်းသားများကို လိုချင်မှုနှင့်လိုအပ်မှု မည်သို့ကွာခြားသနည်းဟူသော မေးခွန်းကို မေးမြန်းပါ။ အဖြေများပေါ်မူတည်၍ အခြေခံကျသောလိုအပ်ချက်များ(basic requirements) နှင့် အခြေခံမကျသော လိုအပ်ချက်များ (non-basic requirements)ကို ရှင်းပြရမည်။
- လူသားတို့၏လိုအင်ဆန္ဒကြောင့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ရသည်ကို ရှင်းပြပါ။
- လူသားတို့၏ လိုအင်ဆန္ဒများဖြည့်ဆည်းရန်အတွက် ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ရာတွင် ကုန်ထုတ်အင်အားစုများ (factors of production) သို့မဟုတ် ထုတ်လုပ်မှုအရင်းအမြစ်များ (productive resources) ကို အသုံးပြုရကြောင်း ရှင်းပြပါ။
- ထုတ်လုပ်မှုအရင်းအမြစ်များ(productive resources) ရရှိနိုင်မှု အကန့်အသတ်ရှိခြင်းကို ဥပမာများနှင့် ရှင်းပြပါ။
- ဘောဂဗေဒဘာသာရပ်၏ တတိယအဓိပ္ပာယ်ဖွင့်ဆိုချက်ကို သင်ကြားပါ။
- ဘောဂဗေဒဘာသာရပ်သည် လူ့အဖွဲ့အစည်းနှင့်သက်ဆိုင်ပြီး သိပ္ပံနည်းကျစူးစမ်းလေ့လာမှုများကို အသုံးပြုသဖြင့် ယင်းကို လူမှုရေးသိပ္ပံဘာသာခွဲတစ်ရပ်အနေဖြင့် သတ်မှတ်ထားသည်ကို ရှင်းပြပါ။



DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ကျောင်းသားများကို အုပ်စုဖွဲ့ပါ။ ကုန်စည်နှင့် ဝန်ဆောင်မှုခြားနားချက်များကို အုပ်စုလိုက် ဆွေးနွေးစေပြီး ဝန်ဆောင်မှုလုပ်ငန်း ၁၀ မျိုးကို ဆွေးနွေးဖော်ထုတ်ပါစေ။ ဆွေးနွေးစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုကိုယ်စားလှယ် ကျောင်းသားတစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့တင်ပြပေးပါ။ ထို့နောက် ကျောင်းသားများအား ၎င်းတို့၏မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။
- ထို့နောက် ကျောင်းသားများကို မိမိတို့ပတ်ဝန်းကျင်တွင် တွေ့မြင်နိုင်သော အကန့်အသတ်မရှိသော လူသားတို့၏လိုအင်ဆန္ဒများနှင့် အကန့်အသတ်ရှိသောအရင်းအမြစ်များကို အချင်းချင်းဆွေးနွေးပါစေ။ ဆွေးနွေးစဉ်ဆရာက လှည့်လည် ကြီးကြပ်ပေးပါ။ ရလဒ်များကို အုပ်စုကိုယ်စားလှယ် ကျောင်းသားတစ်ဦးစီက သင်ပုန်း သို့မဟုတ် ကားချပ်တွင်ရေးပြပါစေ။ ထို့နောက် ကျောင်းသားများအား ဆွေးနွေးချက်ရလဒ်များကို ၎င်းတို့၏မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၂၀)မိနစ်**

- လူသားတို့သည် မိမိတို့လိုအင်ဆန္ဒရှိသည့် အရာဟူသရွေ့ကို ရရှိနိုင်ခြင်း ရှိ မရှိကို ရှင်းလင်းပါစေ။
- သင့်အတွက် အရေးအကြီးဆုံးလိုအပ်ချက် ၃ ခုကိုဖော်ပြပြီး ၎င်းတို့အနက် ၂ ခုသာ ရနိုင်မည်ဆိုပါက မည်သည့်အရာကို ရွေးချယ်မည်နည်း။ အဘယ်ကြောင့်ထိုသို့ ရွေးချယ်ရသနည်း။
- မိမိ နေ့စဉ်ရရှိသော မုန့်ဖိုးအားသုံးစွဲမှုသည် ဘောဂဗေဒဟူသောအဓိပ္ပာယ်နှင့် ဆက်စပ်မှုရှိ မရှိကို ကျိုးကြောင်းပြ၍ ရှင်းလင်းပါ။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၅) မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**အခန်း(၁)ကို ပြန်လည်ဆန်းစစ်ခြင်း**

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

- **ဘောဂဗေဒဆိုသည်မှာ** သင်ခန်းစာတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။
- ဘောဂဗေဒ၏အဓိပ္ပာယ်သတ်မှတ်ချက်သုံးခုကို ကျောင်းသားများအား အုပ်စုများခွဲ၍ တင်ပြခိုင်းပါ။
- အောက်ပါအချက်များကို ကျောင်းသားများအား အုပ်စုဖွဲ့၍ ဆွေးနွေးခိုင်းပါ။

အခြေခံကျသောလိုအပ်ချက်များ (basic requirements) နှင့် အခြေခံမကျသောလိုအပ်ချက်များ(non-basic requirements)၊ အကန့်အသတ်မရှိသော လူသားတို့၏ လိုအင်ဆန္ဒများ၊ ကုန်ထုတ်အင်အားစုများ သို့မဟုတ် ထုတ်လုပ်မှုအရင်းအမြစ်များရရှိနိုင်မှု အကန့်အသတ်ရှိခြင်း

DBE BOX Copyright Protected

## ၂။ သင်ခန်းစာအစီအစဉ်များ(Lesson Plans)

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ်(သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊လေ့ကျင့်ခြင်း၊ပြန်လည် သုံးသပ်ခြင်း- **I-T-P-R**)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကိုအားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာ့အတွက်မှတ်စု)ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းဟူသောအဆင့်(၄)ဆင့်ပါရှိမည်။(သင်ခန်းစာကိုလိုက်၍ အနည်းငယ်ကွဲပြားနိုင်သည်။)

- I  သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- T  သင်ကြားခြင်း (Teach)/သင်ကြားမှု လုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့် စကားလုံး
- P  လေ့ကျင့်ခြင်း (Practice)
- R  ပြန်လည်ဆန်းစစ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

| | | |
|---|---|---|
| I | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း (Introduction) | ယခင်သင်ယူပြီး အသိပညာကိုစစ်ဆေးခြင်း၊ ဥပမာ-'အဝင်-အထွက်'(ENTRY - EXIT) နည်းလမ်းကိုသုံးခြင်း။<br>အဝင်(မသင်ကြားမီ)-ယခင်ကသင်ယူခဲ့သော အကြောင်းနှင့် ပတ်သက်၍မည်သည့်အကြောင်းအရာ ၃ ခုကိုသင်ပြန်လည် မှတ်မိသနည်း။<br>အထွက်(သင်ကြားပြီး)-သင်သည် မည်သည့်အကြောင်းအရာ အသစ် ၃ ခုကိုသင်ယူခဲ့သနည်း။ |
| T | သင်ကြားခြင်း (Teach) | ဤအပိုင်းတွင်အများစုသည်ဆရာဗဟိုပြုဖြစ်မည်။ |
| P | လေ့ကျင့်ခြင်း (Practice) | ဤအပိုင်းတွင်အများစုသည်ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| R | ပြန်လည်ဆန်းစစ်ခြင်း(Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်ဆန်းစစ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း-လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ကာထပ်ကာဖြစ်နိုင်သည်။ ဥပမာ-




DBE BOX - Copyright Protected

(စ) ကုန်ထုတ်လုပ်ရန်အတွက် လူ့လုပ်အား၊ သဘာဝသယံဇာတပစ္စည်းများ၊ ကုန်ထုတ်ကိရိယာများကို လိုသလောက်ရရှိနိုင်ပါသည်။

၂။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) အီကိုနိုမီဟူသောစကားလုံး၏ တိုက်ရိုက်အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ မိသားစု သို့မဟုတ် အိမ်ထောင်စု -------------------- ဖြစ်သည်။

(ခ) စီးပွားရေးအဆောက်အအုံဟုဆိုလျှင် နိုင်ငံအတွင်းရှိ -------------------- များ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းများကိုဆိုလိုသည်။

(ဂ) အိမ်ထောင်စု၏ဝင်ငွေနှင့် အသုံးစရိတ်များစီမံခန့်ခွဲသည့်ဆုံးဖြတ်ချက်များကို ------------------- က ပြုလုပ်ရသည်။

(ဃ) အခြေခံကျသောလိုအပ်ချက်များတွင် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် --------------------တို့ ပါဝင်သည်။

(င) လူသားတို့၏ လိုအင်ဆန္ဒများသည် -------------------- များပြားလှသည်။

(စ) -------------------- အရင်းအမြစ်များရရှိနိုင်မှုသည် အကန့်အသတ်ဖြင့် တည်ရှိသည်။

Option

၃။ အဖြေမှန်ရွေးပါ။

(က) ဘောဂဗေဒ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ၃ မျိုးအနက် ပထမအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ (က) မိသားစုစီမံခန့်ခွဲခြင်း (ခ) ကုန်စည်နှင့်ဝန်ဆောင်မှုများခွဲဝေအသုံးပြုခြင်း (ဂ) ထုတ်လုပ်မှုအရင်းအမြစ်များကို စီမံခန့်ခွဲအသုံးပြုခြင်း ဖြစ်သည်။

(ခ) ဘောဂဗေဒဆိုသည်မှာ (က) ကုန်စည်နှင့်ဝန်ဆောင်မှု (ခ) စီးပွားရေးအဆောက်အအုံ (ဂ) ကုန်ထုတ်အင်အားစုများကို လေ့လာခြင်းနှင့် ချွေတာသုံးစွဲရေးတို့ကို လေ့လာခြင်းဖြစ်သည်။

(ဂ) အခြေခံမကျသောလိုအပ်ချက်များတွင် (က) စားသောက်ဖွယ်ရာများ (ခ) အဝတ်အထည်များ (ဂ) ပျော်ပွဲရွှင်ပွဲများ ပါဝင်ပါသည်။

(ဃ) ဘောဂဗေဒဘာသာရပ်သည် လူ့အဖွဲ့အစည်းနှင့်သက်ဆိုင်ပြီး သိပ္ပံနည်းကျစူးစမ်းလေ့လာမှုများကို အသုံးပြုသဖြင့် (က) သိပ္ပံဘာသာရပ် (ခ) ဝိဇ္ဇာဘာသာရပ် (ဂ) လူမှုရေးသိပ္ပံဘာသာရပ်ခွဲ တစ်ရပ်အနေဖြင့် သတ်မှတ်ထားသည်။

၄။ အောက်ပါမေးခွန်းများကိုဖြေပါ။

(က) ဗောဂဗေဒဘာသာရပ်ကို မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သနည်း။

(ခ) လူသားတို့၏ အခြေခံလိုအပ်ချက်နှင့် အခြေခံမကျသောလိုအပ်ချက်များကို ကိုယ်ပိုင်ဥပမာများပေး၍ဖြေဆိုပါ။

(ဂ) လူသားတို့သည် မိမိတို့ လိုအင်ဆန္ဒရှိသည့်အရာဟူသမျှကို ရရှိနိုင်မှုရှိ မရှိကို ကျိုးကြောင်းပြ၍ရှင်းပြပါ။

DBE BOX - Copyright Protected

# အခန်း(၂)
# ကုန်စည်နှင့်ဝန်ဆောင်မှုများ
# Goods and Services

**စာသင်ချိန်(၁၆)ချိန်** **တစ်ချိန်(၄၅)မိနစ်**

## သင်ယူမှုရလဒ်များ

- နေ့စဉ်အသုံးပြုနေသော အရာဝတ္ထုများကို ဘောဂဗေဒဝေါဟာရအရ ကုန်စည်ဟု ခေါ်ဆိုကြောင်း၊ ကုန်စည်အပြင် ဝန်ဆောင်မှုလည်းရှိကြောင်းကို ရှင်းပြတတ်လာမည်။
- ထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းကိုလိုက်၍ ကုန်စည်များကို အမျိုးအစားခွဲခြားနိုင်လာမည်။
- ထို့ပြင်ကုန်စည်သိုလှောင်မှုပေါ်မူတည်၍ ကုန်လက်ကျန်နှင့် ကုန်စီးဆင်းမှုကိုလည်း ခွဲခြားလာနိုင်မည်။

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- အခမဲ့ကုန်စည်နှင့် ရှားပါးကုန်စည်၊ သွင်းအားစု၊ ကုန်ထွက်၊ ကုန်ချောနှင့် ကုန်ကြမ်း၊ နောက်ဆုံးသုံးကုန်စည်၊ စားသုံးကုန်စည်၊ ထုတ်လုပ်သူသုံးကုန်စည်၊ ကြာရှည်သုံးကုန်စည်၊ တစ်ခါသုံးကုန်စည်၊ ပျက်စီးလွယ်သောကုန်စည်၊ မပျက်စီးလွယ်သောကုန်စည် အမျိုးအစားများကို ဖော်ပြသောပုံပြကားချပ်များကို ပြင်ဆင်ထားပါ။
- ထုတ်လုပ်မှုဖြစ်စဉ်ကိုရှင်းပြရန် သွင်းအားစုနှင့် ကုန်ထွက်များကိုပြသသော ထုတ်လုပ်ခြင်းဖြစ်စဉ်အဆင့်ဆင့်၊ ပရိဘောဂများရောင်းချခြင်း လုပ်ငန်းအဆင့်ဆင့်ကို ပြသသောဗီနိုင်းရုပ်ပုံကားချပ်များကို ပြင်ဆင်ထားပါ။

## ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

- ထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းကိုလိုက်၍ ကုန်စည်အမျိုးအစားများကွဲပြားခြင်း၊ ကုန်လက်ကျန်များ(stocks)၊ ကုန်စီးဆင်းမှုများ(flows)အကြောင်းကို ဆရာနှင့်သော်လည်းကောင်း၊ ကျောင်းသားအချင်းချင်းသော်လည်းကောင်း အပြန်အလှန်ဆွေးနွေးခြင်းဖြင့် ဆက်သွယ်ပြောဆိုတတ်လာမည်။
- အုပ်စုလိုက်ဆောင်ရွက်ခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်တတ်လာမည်။
- ကုန်စည်အမျိုးအစားများနှင့် ကုန်ထုတ်စွမ်းအားစုများ၏ သဘောသဘာဝကို လေ့လာခြင်းဖြင့် ခွဲခြမ်းစိတ်ဖြာတတ်ခြင်း၊ ဆန်းစစ်ဝေဖန်တတ်ခြင်း စသည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများကိုရရှိလာမည်။

DBE BOX Copyright Protected

## ၂.၁။ ကုန်စည်နှင့်ဝန်ဆောင်မှုများ၏အဓိပ္ပာယ်
## ၂.၂။ အခမဲ့ကုန်စည်နှင့်ရှားပါးကုန်စည်များ

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

### သင်ခန်းစာရည်ရွယ်ချက်

- ကုန်စည်၊ ဝန်ဆောင်မှုနှင့် သက်ဆိုင်သောသဘောတရား၊ အခမဲ့ကုန်စည်နှင့် ရှားပါးကုန်စည်တို့၏ သဘောတရားကို ရှင်းပြတတ်စေရန်

### သင်ခန်းစာမိတ်ဆက် (၁၀)မိနစ်

- ဘောဂဗေဒဘာသာရပ်သည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို လူသားတို့က မည်သို့မည်ပုံထုတ်လုပ်၍ မည်သို့မည်ပုံအသုံးပြုကြသည်ကို လေ့လာသောဘာသာရပ် ဖြစ်ကြောင်းသိရှိခဲ့ပြီးဖြစ်သဖြင့် ကုန်စည်များနှင့်ဝန်ဆောင်မှုများကို ဆက်လက်ရှင်းပြမည်ဟု ပြောကြားပါ။
- ထို့နောက်ကျောင်းသားများ နေ့စဉ်အသုံးပြုနေသော အရာအချို့ကို ပြောပြခိုင်းပါ။ (ဥပမာ- စားပွဲ၊ ဂဏန်းပေါင်းစက်၊ တံမြက်စည်း)၊ ထိုအရာဝတ္ထုများကို မည်သို့အသုံးပြုနိုင်ကြောင်းမေးမြန်းပါ။ ထို့နောက် နေ့စဉ်အသုံးပြုသောအရာများကို ကုန်စည်များဟုခေါ်ပြီး ထိုအရာများကို အသုံးပြု၍ လုပ်ဆောင်နိုင်မှုများသည် ဝန်ဆောင်မှုများဖြစ်ကြောင်းပြောပြပါ။

### သင်ကြားခြင်း (၁၅)မိနစ်

- ကုန်စည်များ(Goods)နှင့်ဝန်ဆောင်မှုများ(Services)၏ သဘောသဘာဝကို ရှင်းပြပါ။

### လေ့ကျင့်ခြင်း (၂၀)မိနစ်

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ ကုန်စည်နှင့်ဝန်ဆောင်မှုများစာရင်းကို အုပ်စုလိုက်ဆွေးနွေးဖော်ထုတ်၍ တင်ပြစေပါ။ ထို့နောက်အရေးအကြီးဆုံး ကုန်စည်နှင့်ဝန်ဆောင်မှု ၅ မျိုးစီကို စာရင်းတွင်မှတ်သားပြ၍ အဘယ်ကြောင့်အရေးကြီးသည်ကို အုပ်စုလိုက်ရှင်းပြစေပါ။ လိုအပ်သည်များကို ဖြည့်စွက်ရှင်းပြပါ။

### သင်ကြားခြင်း (၁၅)မိနစ်

- အခမဲ့ကုန်စည်(Free Goods)နှင့် ရှားပါးကုန်စည်(Scarce Goods)တို့၏ သဘောတရားတို့ကို သင်ကြားမည်။

### လေ့ကျင့်ခြင်း (၁၅)မိနစ်

- ကျောင်းသားများကိုအုပ်စုဖွဲ့ပါ။ နေ့စဉ်အသုံးပြုနေသော ကုန်စည်များထဲမှ အခမဲ့ကုန်စည်၊ ရှားပါးကုန်စည်၊ စီးပွားရေးကုန်စည်များကို ဇယားကွက်ချ၍ ခွဲခြားသတ်မှတ်ပေးပါ။ အုပ်စုလိုက်တင်ပြခိုင်းပြီး လိုအပ်သည်များကို ဖြည့်စွက်ပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- ကုန်စည်နှင့်ဝန်ဆောင်မှု၏ သဘောသဘာဝကို ရှင်းလင်းပြီး ဥပမာ ၅ မျိုးစီခွဲခြားဖော်ပြပါ။
- အရာဝတ္ထုတစ်ခုသည် နေရာတိုင်းနှင့် အချိန်တိုင်း၌ အခမဲ့ကုန်စည်ဖြစ်ပါသလား၊ အကြောင်းပြ၍ဖြေဆိုပါ။
- ဘောဂဗေဒဘာသာရပ်သည် မည်သည့်ကုန်စည်နှင့် သက်ဆိုင်သနည်း၊ အဘယ့်ကြောင့်နည်း။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၉) နှင့် (၁၀)မှ အဓိကအချက်များကို အသုံးပြု၍ သင်ကြားရန်။**

## ၂.၃။ သွင်းအားစုနှင့်ကုန်ထွက်များ

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

### သင်ခန်းစာရည်ရွယ်ချက်

- သွင်းအားစုများ၊ ကုန်ထွက်များနှင့် သက်ဆိုင်သော သဘောတရားများကို ရှင်းလင်းစွာသိရှိ၍ လက်တွေ့ခွဲခြားတတ်ရန်

### သင်ခန်းစာမိတ်ဆက် (၂၀)မိနစ်

- အခမဲ့ကုန်စည်၊ ရှားပါးကုန်စည်တို့၏သဘာဝနှင့် အရေးပါမှုတို့ကို ကျောင်းသားများအား ပြန်လည် ဆွေးနွေးပါစေ။
- ထို့နောက် ကျောင်းသားကျောင်းသူများဝတ်သော ကျောင်းဝတ်စုံ(ဥပမာ-အင်္ကျီအဖြူ)ကို ထုတ်လုပ်ရန် မည်သည့်အရာများ လိုအပ်မည်နည်းဟုမေးပါ။ ဖြေဆိုလာသော အဖြေများအရ ထုတ်လုပ်ရာတွင် အသုံးပြုရသောအရာများသည် ကုန်ထုတ်စွမ်းအားစုများ ဖြစ်ကြောင်း ပြောပြပါ။

### သင်ကြားခြင်း (၂၅)မိနစ်

- သွင်းအားစုများနှင့် ကုန်ထွက်များအကြောင်းကို ရှင်းပြသင်ကြားပါ။
- ဆက်လက်၍ ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ရန် ကုန်ထုတ်စွမ်းအားစုများ ပေါင်းစပ်အသုံးပြုရပုံနှင့် ထုတ်လုပ်မှုလုပ်ငန်းသည် ဖြစ်စဉ်တစ်ခုအဖြစ် အဆင့်ဆင့်လုပ်ဆောင်ရပုံကို ရှင်းလင်းပါ။

### လေ့ကျင့်ခြင်း (၂၅)မိနစ်

- ကျောင်းသားများကို အုပ်စုဖွဲ့ပါ။ ထို့နောက် အုပ်စုတစ်စုစီက အိမ်တွင်တွေ့မြင်နိုင်သော ထုတ်လုပ်မှုဖြစ်စဉ်တစ်ခုနှင့် လက်ဖက်ရည်ဆိုင်တွင်တွေ့မြင်နိုင်သော ထုတ်လုပ်မှုဖြစ်စဉ်တစ်ခုစီ လေ့လာတင်ပြစေပြီး အိမ်တွင်အသုံးပြုသောကုန်စည်နှင့် လက်ဖက်ရည်ဆိုင်တွင် အသုံးပြုသောကုန်စည်များကို ခွဲခြားဖော်ထုတ်၍ အတန်းသို့ ပြန်လည်တင်ပြပါစေ။

DBE BOX - Copyright Protected

**ပြန်လည်ဆန်းစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၂၀)မိနစ်**

- ယေဘုယျအားဖြင့် သွင်းအားစုများတွင် ကုန်ထုတ်စွမ်းအားစုများနှင့် ကုန်ကြမ်းများပါဝင်ကြောင်း ကုန်စည် ၃ မျိုးကို ဥပမာပြုပြီး ဖြေဆိုပါစေ။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၁)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## ၂.၄။ ကုန်ချောများနှင့်ကုန်ကြမ်းများ

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

### သင်ခန်းစာရည်ရွယ်ချက်

- ကုန်ချော၊ ကုန်ကြမ်းနှင့် သက်ဆိုင်သောသဘောတရားများကို ရှင်းလင်းစွာသိရှိ၍ လက်တွေ့ခွဲခြားတတ်ရန်

### သင်ခန်းစာမိတ်ဆက် (၂၀)မိနစ်

- သွင်းအားစုများနှင့် ကုန်ထွက်များ၏ သဘာဝနှင့် အရေးပါမှုတို့ကို ကျောင်းသားများအား ပြန်လည်ဆွေးနွေးပါစေ။
- ကျောင်းသားများအား သင်နေထိုင်သော အိမ် သို့မဟုတ် သင်၏ကျောင်းအဆောက်အဦကို မည်သည့်အရာများနှင့် တည်ဆောက်ထားသနည်းဟု မေးပါ။ ကျောင်းသားများ၏ဖြေဆိုမှုအရ အဆောက်အဦတစ်ခု တည်ဆောက်ရာတွင် သွင်းအားစုများ သုံးရကြောင်း ပြောပြပြီး သင်ခန်းစာသစ်ကို နိဒါန်းပျိုးပါ။

### သင်ကြားခြင်း (၂၅)မိနစ်

- ကုန်ချောနှင့် ကုန်ကြမ်းများအကြောင်းကို ရှင်းပြသင်ကြားပါ။

### လေ့ကျင့်ခြင်း (၂၅)မိနစ်

- ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အုပ်စုဖွဲ့ပါ။ မိမိတို့ပတ်ဝန်းကျင်ဒေသရှိ ကုန်စည် ၁၀ မျိုးကို ယင်းတို့အသုံးပြုမှုအပေါ် မူတည်၍ ကုန်ချော သို့မဟုတ် ကုန်ကြမ်းအဖြစ် ခွဲခြားသတ်မှတ်ပုံကို အုပ်စုတစ်အုပ်စုစီ လေ့လာပါစေ။ လေ့လာတွေ့ရှိချက်များကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ ပြန်လည်တင်ပြပါစေ။

### ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၂၀)မိနစ်

- အရာဝတ္ထုတစ်ခုသည် နေရာတိုင်း၌ ကုန်ချောဖြစ်ပါသလား။ အကြောင်းပြဖြေဆိုပါ။
- ကုန်ချောနှင့်တစ်ဝက်တစ်ပျက်ပြီးကုန်ချော၏ ခြားနားချက်ကိုရှင်းပြပြီး ကုန်စည် ၅ မျိုးကို ဥပမာပေး၍ ခွဲခြားဖော်ထုတ်ပါ။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၂)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX - Copyright Protected

## ၂.၅။ နောက်ဆုံးသုံးကုန်စည်နှင့် ကြားသုံးကုန်စည်

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- နောက်ဆုံးသုံးကုန်စည်၊ ကြားသုံးကုန်စည်နှင့် သက်ဆိုင်သော သဘောတရားများကို ရှင်းပြနိုင်ပြီး လက်တွေ့ခွဲခြားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၂၀)မိနစ်**

- ကုန်ချော၊ ကုန်ကြမ်းများ၏ သဘာဝနှင့်အရေးပါမှုတို့ကို ကျောင်းသားများအား ပြန်လည်ဆွေးနွေးပါစေ။
- ထို့နောက် နောက်ဆုံးအသုံးပြုမှုနှင့် ကြားအသုံးပြုမှုကို ထင်ရှားစွာခွဲခြားပြသနိုင်သော ကုန်စည်တစ်ခု (ဥပမာ-ထမင်းတစ်ပန်းကန်၊ ရေတစ်ပုလင်း)ကို ပြသ၍ဖြစ်စေ၊ ပြောပြ၍ဖြစ်စေ၊ မည်သို့အမျိုးမျိုးအဖုံဖုံ အသုံးပြုနိုင်ကြောင်းကို ကျောင်းသား ၅ ဦးကို မေးမြန်းပါ။ ကျောင်းသားများ၏ ဖြေဆိုမှုမှနောက်ဆုံး အသုံးပြုမှုနှင့် ကြားအသုံးပြုမှုကို ခွဲခြားပြောပြပါ။

**သင်ကြားခြင်း** **(၂၅)မိနစ်**

- နောက်ဆုံးသုံးကုန်စည်နှင့် ကြားသုံးကုန်စည်များကို ရှင်းပြဆွေးနွေးပါ။

**လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ကုန်ချောများနှင့် နောက်ဆုံးသုံးကုန်စည်များ ထပ်တူဖြစ်မဖြစ်ကို ကျောင်းသားများကို အုပ်စုလိုက်ခွဲ၍ ဥပမာ ၃ ခုစီဖြင့် အုပ်စုတွင်းဆွေးနွေးပြီး ဆွေးနွေးရရှိချက်များ ရေးသားပါစေ။ အုပ်စုလိုက်ပြန်ပြောပါစေ။ ဆရာက လှည့်လည်ကြည့်ရှုပါ။
- စားသုံးမှုအတွက်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက်သော်လည်းကောင်း၊ ပို့ကုန်တင်ပို့မှုအတွက်သော်လည်းကောင်း အသုံးပြုသည့် နောက်ဆုံးသုံးကုန်စည် ၁၀ မျိုးကို အုပ်စုတွင်းဆွေးနွေးပြီး အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အကြောင်းပြချက်များနှင့် ရှင်းလင်းတင်ပြပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၂၀)မိနစ်**

- မူလသွင်းအားစုနှင့် ကြားသုံးသွင်းအားစုများကို ဥပမာများပြ၍ နှိုင်းယှဉ်ရှင်းလင်းပါ။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၃)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DRE BOX - Copyright Protected

## ၂.၆။ စားသုံးကုန်စည်များနှင့် ထုတ်လုပ်သူသုံးကုန်စည်များ

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- စားသုံးကုန်စည်များ၊ ထုတ်လုပ်သူသုံးကုန်စည်များနှင့် သက်ဆိုင်သော သဘောတရားများကို ရှင်းလင်းစွာနားလည်ပြီး လက်တွေ့ခွဲခြားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- နောက်ဆုံးသုံးကုန်စည်နှင့် ကြားသုံးကုန်စည်များ၏သဘာဝနှင့် အရေးပါမှုတို့ကို ကျောင်းသားများအား ပြန်လည်ဆွေးနွေးပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- စားသုံးကုန်စည်နှင့် ထုတ်လုပ်သူသုံးကုန်စည်များကို ရှင်းပြဆွေးနွေးပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- အသုံးချမှုအပေါ် မူတည်၍ စားသုံးကုန်စည်၊ ထုတ်လုပ်သူသုံးကုန်စည်ဟူ၍ခွဲခြားသည်ကို ကျောင်းသားများကို အုပ်စုလိုက်ခွဲ၍ ဥပမာ ၃ ခုစီဖြင့် အုပ်စုတွင်းဆွေးနွေးပြီး ဆွေးနွေးရရှိချက်များကို မှတ်စုစာအုပ်တွင် ရေးသားပါစေ။ အုပ်စုလိုက်ပြန်ပြောပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ထုတ်လုပ်သူသုံးကုန်စည်များတွင် ရင်းနှီးကုန်စည်များနှင့် ကုန်ကြမ်းများပါဝင်မှုကို ဥပမာများနှင့် ရှင်းလင်းပါ။
- သင်တို့ပတ်ဝန်းကျင်ဒေသတွင်ရှိသော စားသုံးသူသုံး သို့မဟုတ် ထုတ်လုပ်သူသုံးလုပ်ငန်းတစ်ခုကိုဖော်ပြပြီး မည်သည့်ကုန်စည်များ ထုတ်လုပ်သည်ကို ခွဲခြားဖော်ပြပါ။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၄)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## ၂.၇။ ကြာရှည်သုံးကုန်စည်နှင့် တစ်ခါသုံးကုန်စည်

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- ကြာရှည်သုံးကုန်စည်၊ တစ်ခါသုံးကုန်စည်နှင့် သက်ဆိုင်သောသဘောတရားများကို ရှင်းပြတတ်ပြီး လက်တွေ့ခွဲခြားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- စားသုံးကုန်စည်နှင့် ထုတ်လုပ်သူသုံးကုန်စည်များ၏ သဘာဝနှင့်အရေးပါမှုတို့ကို ပြန်လည်ဆွေးနွေးပါစေ။

DBE BOX - Copyright Protected

**သင်ကြားခြင်း** **(၁၅)မိနစ်**

- နောက်ဆုံးသုံးကုန်စည်နှင့် ကြားသုံးကုန်စည်များကို ရှင်းပြဆွေးနွေးပါ။ ကြာရှည်သုံးကုန်စည်များသည် စားသုံးကုန်စည်နှင့် ထုတ်လုပ်သူသုံး ကုန်စည်နှစ်မျိုးစလုံး ဖြစ်နိုင်ကြောင်း၊ တစ်ခါသုံးကုန်စည်များကို ကုန်ထုတ်လုပ်ရာတွင်အသုံးပြုပါက တစ်ခါသုံးထုတ်လုပ်သူသုံး ကုန်စည်ဖြစ်ကြောင်း ရှင်းပြဆွေးနွေးပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကြာရှည်သုံးထုတ်လုပ်သူသုံးကုန်စည်သည် ရင်းနှီးကုန်စည်များဖြစ်သည်ကို ကျောင်းသားများကို အုပ်စုလိုက်ခွဲ၍ ဥပမာ ၃ ခုစီဖြင့် အုပ်စုတွင်းဆွေးနွေးပြီး ဆွေးနွေးရရှိချက်များကို မှတ်စုစာအုပ်တွင် ရေးသားပါစေ။ အုပ်စုလိုက်ပြန်ပြောပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- စားသုံးကုန်စည်နှင့် ထုတ်လုပ်သူသုံးကုန်စည် နှစ်မျိုးစလုံးဖြစ်နိုင်သည့် ကုန်စည်များကို ဖော်ထုတ်၍ အဘယ်ကြောင့်ဖြစ်နိုင်ကြောင်း ရှင်းလင်းပါ။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၅)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## ၂.၈။ ပျက်စီးလွယ်သောကုန်စည်နှင့် မပျက်စီးလွယ်သောကုန်စည်

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- ပျက်စီးလွယ်သောကုန်စည်၊ မပျက်စီးလွယ်သောကုန်စည်များနှင့် သက်ဆိုင်သော သဘောတရားများကို ရှင်းပြတတ်ပြီး လက်တွေ့ခွဲခြားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကြာရှည်သုံးကုန်စည်များနှင့် တစ်ခါသုံးကုန်စည်များ၏ သဘာဝနှင့်အရေးပါမှုတို့ကို ပြန်လည်ဆွေးနွေးပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- ပျက်စီးလွယ်သောကုန်စည်ဆိုသည်မှာ ကြာရှည်မခံဘဲ တိုတောင်းသောအချိန်အတွင်း ပျက်စီးသွားနိုင်သောကုန်စည်များဖြစ်ပြီး မပျက်စီးလွယ်သောကုန်စည်ဆိုသည်မှာ အထိုက်အလျောက် ကြာရှည်သိမ်းဆည်းထား၍ရသော ကုန်စည်များဖြစ်ကြောင်း ဥပမာများနှင့် ရှင်းပြပါ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ မပျက်စီးလွယ်သော ကုန်စည်ဖြစ်ပြီး တစ်ခါသုံးကုန်စည်ဖြစ်သောကုန်စည် ၃ မျိုး၊ ပျက်စီးလွယ်သောကုန်စည်ဖြစ်ပြီး တစ်ခါသုံးကုန်စည်ဖြစ်သော ကုန်စည် ၃ မျိုး၊ မပျက်စီးလွယ်သောကုန်စည်ဖြစ်ပြီး ကြာရှည်သုံးကုန်စည်ဖြစ်သောကုန်စည် ၃ မျိုးကို အုပ်စုအလိုက် ဆွေးနွေးတင်ပြပါစေ။ ကျောင်းသားများ လုပ်ငန်းလုပ်နေစဉ်တွင် အုပ်စုများကို လှည့်လည်ကြည့်ရှုပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ပျက်စီးလွယ်သောကုန်စည် (perishable goods)နှင့် မပျက်စီးလွယ်သောကုန်စည် (non-perishable goods)မည်သို့ကွာခြားသနည်း။ ဇယားရေးဆွဲ၍ပျက်စီးလွယ်နှင့် မပျက်စီးလွယ်သော ကုန်စည်များကို ဥပမာများနှင့် နှိုင်းယှဉ်ပြပါ။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၅)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## ၂.၉။ ကုန်လက်ကျန်နှင့်ကုန်စီးဆင်းမှု

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- ကုန်လက်ကျန်၊ ကုန်စီးဆင်းမှုများနှင့် သက်ဆိုင်သော သဘောတရားများကို ရှင်းပြတတ်ပြီး လက်တွေ့ခွဲခြားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၂၀)မိနစ်**

- ပျက်စီးလွယ်သောကုန်စည် (perishable goods)နှင့် မပျက်စီးလွယ်သောကုန်စည် (non-perishable goods)တို့၏ သဘာဝနှင့်အရေးပါမှုတို့ကို ပြန်လည်ဆွေးနွေးပါစေ။
- ကျောင်းသားများအား မိမိတို့အိမ်တွင်စားသုံးသောဆန်သည် စားသုံး၍ ကုန်ခန်းသွားမှု ရှိမရှိ မေးပါ။ ကုန်ခန်းသွားလျှင် မည်သို့လုပ်ဆောင်ကြောင်းမေးပါ။ ဖြေဆိုမှုအပေါ် မူတည်၍ ကုန်စည်ပမာဏကို ပုံသေသဘောအရသော်လည်းကောင်း၊ စီးဆင်းမှုသဘောအရသော် လည်းကောင်း လေ့လာနိုင်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **(၂၅)မိနစ်**

- ကုန်လက်ကျန်(stocks)ဆိုသည်မှာ သတ်မှတ်ထားသည့်အချိန်ကာလတွင်ရှိနေသောကုန်စည်များသို့မဟုတ် ကုန်ထုတ်စွမ်းအားစုများ၏အစုအပုံပမာဏဖြစ်သည်။ ကုန်စီးဆင်းမှု(flows) ဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း ကုန်လက်ကျန်တွင် ထပ်ပေါင်းထည့်လိုက်သော ပမာဏ သို့မဟုတ် ထုတ်နုတ်လိုက်သော ပမာဏဖြစ်သည်တို့ကို ဥပမာများနှင့် ရှင်းပြပါ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ကျောင်းသားများကို ၅ ယောက်တစ်အုပ်စုစီ အုပ်စုဖွဲ့ပါ။ အုပ်စုတိုင်းအား အောက်ပါပုစ္ဆာကို တွက်ခိုင်းပါ။ ဆန်ဆိုင်တစ်ဆိုင်တွင် နှစ်စ၌ ပေါ်ဆန်းမွှေးဆန်အိတ် ၁၅၀၀ နှင့် မနောသုခ ဆန်အိတ် ၁၀၀၀ ရှိသည်။ ထိုနှစ်အတွင်းတွင် ပေါ်ဆန်းမွှေးဆန်အိတ် ၃၀၀ ရောင်းချရပြီး အိတ် ၅၀၀ ဝယ်ယူသည်။ ထို့နောက် အိတ် ၇၀၀ ထပ်မံရောင်းချရသည်။ မနောသုခ ဆန်အိတ်သည် ထိုနှစ်အတွင်း အိတ် ၂၀၀ ရောင်းချရပြီး အိတ် ၅၀၀ ဝယ်ယူသည်။ ဆန်နှစ်မျိုး လုံး၏ စုစုပေါင်းကုန်စီးဆင်းမှုနှင့် ကုန်လက်ကျန်ကို ရှာခိုင်းပါ။ အုပ်စုအလိုက် ဆွေးနွေးတွက်ချက်တင်ပြချက်များကို သင်ပုန်းပေါ်တွင်ကပ်ထားပါ။ အချင်းချင်းလှည့်လည် ကြည့်ခိုင်းမည်။ တစ်အုပ်စု၏ လိုအပ်ချက်ကိုတစ်အုပ်စုက ဖြည့်စွက်မည်။ ကျောင်းသားများ လုပ်ငန်းလုပ်နေစဉ်တွင် အုပ်စုများကို လှည့်လည်ကြည့်ရှုပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**


- ကုန်စည် သို့မဟုတ် ကုန်ထုတ်စွမ်းအားစုတို့၏ ပုံသေသဘောနှင့် စီးဆင်းခြင်းသဘောကို နှိုင်းယှဉ်ရေးသားပြပါ။

**ရည်ညွှန်းချက်−ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၆)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## ၂.၁၀။ အခန်း(၂)ကို ပြန်လည်ဆန်းစစ်ခြင်း

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

- ကုန်စည်များ၏ သဘောသဘာဝများကို ကျောင်းသားများနှင့် ခွဲခြားဖော်ထုတ်မည်ဖြစ်ပါသည်။
- ထို့နောက် အောက်ပါပုံပြဇယားတွင် ကွက်လပ်ထား၍ လိုအပ်သောအချက်များကို ဖြည့်ခိုင်းပြီး အခန်း(၂)တွင် သင်ယူခဲ့သည့် အကြောင်းအရာများကိုပြန်လည်သုံးသပ်ပါ။




---



DBE BOX - Copyright Protected

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

## လေ့ကျင့်ခန်းများ

၁။ အောက်ပါမေးခွန်းများကို မှား မှန် ရွေးပါ။

(က) နေအိမ်အဆောက်အဦ၊ ပရိဘောဂ၊ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်တို့သည် ကုန်စည်များ ဖြစ်ကြသည်။

(ခ) ကုန်ထွက်များသည် ကုန်ချောများဖြစ်ပြီး၊ ကုန်ချောတိုင်းသည်လည်း နောက်ဆုံးသုံးကုန်စည်များ ဖြစ်သည်။

(ဂ) ကုန်ထုတ်လုပ်ငန်းများမှ ဝယ်ယူထားသော မော်တော်ယာဉ်များသည် စားသုံးသူသုံးကုန်စည်များ ဖြစ်သည်။

(ဃ) ကြာရှည်သုံးထုတ်လုပ်သူသုံးကုန်စည်သည် ရင်းနှီးကုန်စည်များဖြစ်သည်။

(င) အရာဝတ္ထုတစ်ခုသည် နေရာတိုင်းနှင့် အချိန်တိုင်း၌ အခမဲ့ကုန်စည် ဖြစ်နေနိုင်ပါသည်။

DBE BOX Copyright Protected

၂။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) စုပေါင်းတပ်ဆင်ခြင်းမပြုရသေးသည့် စက်ကိရိယာအပိုင်းအစများ၊ အရောင်မတင်ရသေးသော ပရိဘောဂများ၊ ကော်ဖေအောက်ခံများ စသည်တို့ကို -------------------- ဟု ခေါ်သည်။

(ခ) -------------------- ဆိုသည်မှာ သတ်မှတ်ထားသော အချိန်ကာလတွင် ရှိနေသော ကုန်စည်များ သို့မဟုတ် ကုန်ထုတ်အင်အားစုများ၏ အစုအပုံပမာဏပင်ဖြစ်သည်။

(ဂ) ထုတ်လုပ်မှုအဆင့်တစ်ဆင့်၏ ကုန်ချောသည် အခြားထုတ်လုပ်မှု တစ်ခု၏ -------------------- ဖြစ်ကြောင်းတွေ့ရသည်။

(ဃ) အကန့်အသတ်ဖြင့်သာရရှိနိုင်သော ရှားပါးသောကုန်စည်များကို ------------------ ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

(င) ဆန်သည် စားသုံးမှုပြုလိုက်သဖြင့် ထုတ်လုပ်မှုဖြစ်စဉ်တွင် ပြန်လည်ပါဝင်နိုင်ခြင်းမရှိသဖြင့် ၎င်းကို --------------------- ကုန်စည်ဟုခေါ်သည်။

Option

၃။ အဖြေမှန်ရွေးပါ။

(က) ကုန်ထုတ်အင်အားစုများကို (က) မူလသွင်းအားစုများ (ခ) ကြားသုံးသွင်းအားစုများ (ဂ) ကြားသုံးကုန်စည်များဟုခေါ်သည်။

(ခ) ကြာရှည်သုံးစားသုံးကုန်စည်များမှာ (က) အဝတ်အထည်များ (ခ) မီးသွေး (ဂ) လောင်စာဆီ တို့ ဖြစ်သည်။

(ဂ) ကြားသုံးသွင်းအားစုများမှာ (က) လုပ်အား (ခ) အရင်းအနှီး (ဂ) ကုန်ကြမ်း တို့ဖြစ်သည်။

(ဃ) ခရမ်းရောင်ဌက်မွေးတောင်သည် အသုံးဝင်တန်ဖိုးနှင့် ဖလှယ်မှုတန်ဖိုးမရှိပါက (က) အခမဲ့ ကုန်စည် (ခ) စီးပွားရေးကုန်စည် (ဂ) ရှားပါးကုန်စည်သာဖြစ်ပါသည်။

(င) ၂၀၁၇ ခုနှစ်တွင် လယ်သမားတစ်ဦး၏ စပါးကျီတွင် စပါးတင်း (၁၅၀)ရှိပြီး ထိုနှစ်တွင်ပင် တင်း (၅၀)ကို ရောင်းချလိုက်ပါက နှစ်ဆုံးတွင် ကုန်လက်ကျန်မှာ (က) ၁၅၀ တင်း (ခ) ၁၀၀ တင်း (ဂ) ၅၀ တင်း ဖြစ်သည်။

၄။ အောက်ပါမေးခွန်းများကိုဖြေပါ။

(က) ကုန်စည်နှင့်ဝန်ဆောင်မှုများကို မည်သို့ခွဲခြားနိုင်သနည်း။ သင့်ပတ်ဝန်းကျင်တွင် တည်ရှိနေသည်များကို ဥပမာပေး၍ဖြေဆိုပါ။

(ခ) စီးပွားရေးကုန်စည်ဆိုသည်မှာအဘယ်နည်း။ ဥပမာပေး၍ဖြေဆိုပါ။

(ဂ) နောက်ဆုံးသုံးကုန်စည်တိုင်းသည် ကုန်ချောဖြစ်သော်လည်း ကုန်ချောတိုင်းသည် နောက်ဆုံး သုံးကုန်စည် မဖြစ်ကြောင်းကို ပေါ်လွင်အောင်ရှင်းပြပါ။

(ဃ) ကျောင်းသားတစ်ဦးအနေဖြင့် နေ့စဉ်အသုံးပြုနေသော ကုန်စည်များသည် တစ်ခါသုံး ကုန်စည် သို့မဟုတ် ကြာရှည်သုံးကုန်စည်ဖြစ်နိုင်သည်ကို ဥပမာပေး၍ဖြေဆိုပါ။

(င) အောက်ပါကုန်စည်များသည် မည်သည့်ကုန်စည်အမျိုးအစားဖြစ်သည်ကို အကြောင်းပြ ဖြေဆိုပါ။ အချို့ကုန်စည်များသည် အမျိုးအစားတစ်မျိုးမကဖြစ်နိုင်ကြောင်းကိုလည်းရှင်းပြပါ။
(၁) ဂဏန်းပေါင်းစက် (၂) အဝတ်အစား (၃) မုန့်ဟင်းခါး (၄) လက်ကိုင်တယ်လီဖုန်း
(၅) ရုပ်မြင်သံကြားစက်

DBE BOX - Copyright Protected

# အခန်း(၃)
# စီးပွားရေးလုပ်ဆောင်ချက်များ၊ စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးအဖွဲ့အစည်းများ
# Economic Activities, Economic Structure, Economic System and Economic Organizations

**စာသင်ချိန်(၁၈)ချိန်** **တစ်ချိန်(၄၅)မိနစ်**


## သင်ယူမှုရလဒ်များ

- နေ့စဉ်နေထိုင်မှုဘဝသည် စီးပွားရေးနှင့်ဆက်စပ်လျက်ရှိကြောင်း ရှင်းပြတတ်လာမည်။
- စီးပွားရေးလုပ်ဆောင်ချက်များကို သိရှိနားလည်လာပြီး ၎င်းတို့၏ဆက်စပ်မှုများကို နေ့စဉ်လူနေမှုဘဝတွင် အသုံးချတတ်လာနိုင်မည်။
- စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်ကို သိရှိနားလည်လာပြီး ၎င်းအပေါ်မူတည်၍ စီးပွားရေးလုပ်ဆောင်ချက်များကို အဆင့်ဆင့်ဖော်ထုတ်တတ်မည်။
- ကမ္ဘာပေါ်တွင် စီးပွားရေးစနစ် ၃ မျိုးရှိသည်ကို သိရှိပြီး နိုင်ငံများ၏စီးပွားရေး လုပ်ဆောင်ချက်များပေါ် အခြေခံ၍ မည်သည့်စီးပွားရေးစနစ်ကျင့်သုံးနေသည်ကို သုံးသပ်တတ်လာမည်။
- စီးပွားရေးစနစ်များပေါ်အခြေခံ၍ လက်ရှိမြန်မာနိုင်ငံတွင် လုပ်ဆောင်နေသော စီးပွားရေးလုပ်ဆောင်ချက်များကို ဆက်စပ်သုံးသပ်တတ်လာမည်။

OBEBOX Copyright Protected

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- စီးပွားရေးလုပ်ဆောင်ချက်များ အဆင့်ဆင့်ချိတ်ဆက်မှုပြပုံ၊




## ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

- စီးပွားရေးလုပ်ဆောင်ချက်များ အဆင့်ဆင့်ချိတ်ဆက်မှုကို အုပ်စုလိုက် ဖော်ပြဆွေးနွေးနိုင်ခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်တတ်လာမည်။
- စီးပွားရေး အဖွဲ့အစည်းများ၏ ဝိသေသလက္ခဏာများကို ဥပမာများဆောင်၍ အုပ်စုလိုက်ဖော်ပြဆွေးနွေးနိုင်ခြင်းကြောင့် အပြန်အလှန်ပြောဆို ဆက်သွယ်တတ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာတတ်ခြင်း၊ စသည့်ကျွမ်းကျင်မှုများ ရရှိလာမည်။
- စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်နှင့် စီးပွားရေးစနစ်အကြောင်း အုပ်စုလိုက် ဆွေးနွေးခြင်းဖြင့် ကြောင်းကျိုးဆက်စပ်စဉ်းစားခြင်း၊ ခွဲခြမ်းစိတ်ဖြာစဉ်းစားတတ်ခြင်း၊ ဆန်းစစ်ဝေဖန်တတ်ခြင်း စသည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများကို ရရှိစေမည်။

## ၃.၁။ စီးပွားရေးလုပ်ဆောင်ချက်များ

**စာသင်ချိန်(၉)ချိန်** **တစ်ချိန်(၄၅)မိနစ်**

### သင်ခန်းစာရည်ရွယ်ချက်

- ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ရာတွင်လည်းကောင်း အသုံးပြုရာတွင်လည်းကောင်း လူသားတို့သည် တစ်ဦးနှင့်တစ်ဦးနီးကပ်စွာ ဆက်နွယ်လျက်ရှိပြီး အလုပ်ပြီးမြောက်စေရန် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ရသော အခြေအနေများစွာရှိကြောင်းကို ရှင်းပြတတ်ရန်

## (က)ထုတ်လုပ်ခြင်း

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

### သင်ခန်းစာမိတ်ဆက် (၁၀)မိနစ်

- ဘောဂဗေဒဘာသာရပ်သည် လူတို့၏လိုအင်ဆန္ဒများကို ဖြည့်စွမ်းရန်အတွက် အကန့်အသတ်ဖြင့်သာရရှိနိုင်သော ထုတ်လုပ်မှုအရင်းအမြစ်များကို လူသားများအနေဖြင့် မည်သို့မည်ပုံစီမံခန့်ခွဲအသုံးပြုသည်ကို လေ့လာသောဘာသာရပ်ဖြစ်သည်ကို သိရှိပြီးဖြစ်၍ စီးပွားရေးကိစ္စရပ်များအတွက် လူသားတို့ ပူးပေါင်းစီမံခန့်ခွဲလုပ်ကိုင်ခြင်းအကြောင်းကို ဆက်လက်လေ့လာကြမည်ကို ရှင်းပြမည်။

### သင်ကြားခြင်း (၁၅)မိနစ်

- ရှေးဦးစွာစီးပွားရေးကိစ္စရပ်များ အတွက်လူသားတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းကို စီးပွားရေးလုပ်ဆောင်ချက်များ(Economic Activities)ဟုခေါ်ပြီး ထိုလုပ်ဆောင်ချက်များကို အဓိကအားဖြင့် အမျိုးအစား ၅ ခု ခွဲခြားဖော်ပြကြောင်း ကျောင်းသုံးစာအုပ်ကို အသုံးပြုပြီး ရှင်းပြပေးမည်။

### လေ့ကျင့်ခြင်း (၂၀)မိနစ်

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပေးပါ။ ကုန်စည်တစ်မျိုးစီ၏ ထုတ်လုပ်မှုကို အုပ်စုများအလိုက် ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ရှင်းလင်းပြောပြပါစေ။ လိုအပ်သည်များကို ကျန်သူများက ဝိုင်းဝန်းဆွေးနွေးဖြည့်စွက်ပါစေ။

### သင်ကြားခြင်း (၁၀)မိနစ်

- အလုပ်ခွဲခြားလုပ်ကိုင်ခြင်းနှင့် ဇောက်ချလုပ်ကိုင်ခြင်းကို ဆက်လက်ရှင်းပြပေးပါ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ အလုပ်ခွဲခြားလုပ်ကိုင်ခြင်းနှင့် ဇောက်ချလုပ်ကိုင်ခြင်းတို့ကြောင့် လဲလှယ်ခြင်းနှင့် ကုန်သွယ်ခြင်းတို့ အလွန်အရေးပါလာခြင်းကို ဆွေးနွေးပါစေ။ ပြီးလျှင် အုပ်စုလိုက်တင်ပြပါစေ။ အတန်းတွင်းအုပ်စုများ ဆွေးနွေးနေစဉ် လှည့်လည်ကြည့်ရှုပါ။ လိုအပ်လျှင် ဖြည့်စွက်ပေးပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၂၀)မိနစ်**

- ကုန်ထုတ်စွမ်းအားစုများ၊ အလုပ်ခွဲခြားလုပ်ကိုင်ခြင်းနှင့် ဇောက်ချလုပ်ကိုင်ခြင်းတို့ကို နားလည်သလို ရှင်းပြပါ။
- ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းအားဖြင့် ရရှိသည့်အကျိုးကျေးဇူးများကို ဖော်ထုတ်ရှင်းပြပါ။
- သင်ခန်းစာ၏ အဓိကအချက်ကို ကျောင်းသားများအား ပြောပြ၍ နိဂုံးချုပ်ပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၂၁)နှင့်(၂၂)မှ အဓိကအချက်များကို အသုံးပြု၍ သင်ကြားရန်။**

**(ခ)ဖြန့်ဖြူးခြင်း**

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- ကျောင်းသားများအား ကုန်စည် ၁ မျိုး ဥပမာ စပါးမှဆန်ကို ရရှိစေရန်စိုက်ပျိုးထုတ်လုပ်ရာတွင် ပါဝင်သူများကို မေးမြန်းပါ။ ၎င်းတို့ ဝင်ငွေတူညီစွာ ရရှိခြင်းရှိ မရှိကိုလည်း မေးမြန်းပြီး မရှိပါက မည်သည့်အချက်များကြောင့် ဝင်ငွေကွာခြားသည်ကို မေးမြန်းပါ။
- ထို့နောက် ဖြန့်ဖြူးခြင်းဆိုသည်မှာ ထုတ်လုပ်မှုတွင်ပါဝင်သူများအကြား ထုတ်လုပ်မှု၏ ရလဒ်များကို ကုန်ထုတ်စွမ်းအားစုများ၏ ပါဝင်မှုအချိုးအစားအတိုင်း ခွဲဝေဖြန့်ဖြူးခြင်းဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- ဝင်ငွေခွဲဝေဖြန့်ဖြူးမှု ကွာခြားမှုကို ဆက်လက်ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပေးပါ။ အုပ်စုများအလိုက် ပညာအရည်အချင်း၊ အတွေ့အကြုံ၊ ဥစ္စာဓနပိုင်ဆိုင်မှုပေါ်မူတည်ပြီးဝင်ငွေကွာခြားပုံကို ဥပမာများနှင့် ရှင်းလင်းပြောပြပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- အင်အားစုအခဝင်ငွေ(factor income)ကို ဆက်လက်ရှင်းပြပေးပါ။

DRLHOZ - Copyright Protected

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။ အုပ်စုများအလိုက် ကျောင်းသုံးစာအုပ်ပါ ဖြန့်ဖြူးခြင်းကို လေ့လာဖတ်ရှုစေပြီး အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ရှင်းလင်းပြောပြပါစေ။ လိုအပ်သည်များကို ကျန်သူများကဝိုင်းဝန်းဆွေးနွေးဖြည့်စွက်ပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- ထုတ်လုပ်မှု၏ရလဒ်များအား ခွဲဝေဖြန့်ဖြူးခြင်းကို နားလည်သလို ရှင်းပြပါ။
- ဖြန့်ဖြူးမှုကို ဆောင်ရွက်ခြင်းအားဖြင့် ရရှိသည့်အကျိုးကျေးဇူးများကို နားလည်သလို ဖော်ထုတ်ရှင်းပြပါ။
- သင်ခန်းစာ၏ အဓိကအချက်ကို ကျောင်းသားများအား ပြောပြ၍ နိဂုံးချုပ်ပါ။

**ရည်ညွှန်းချက်-ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၂၃)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## (ဂ)လဲလှယ်ခြင်း

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာမိတ်ဆက်** **(၁၅)မိနစ်**

- ပြီးခဲ့သည့်သင်ခန်းစာတွင် ကျောင်းသားများသိရှိခဲ့ပြီးသည့် အကြောင်းအရာများဖြစ်သော အလုပ်ခွဲခြားလုပ်ကိုင်ခြင်းနှင့်ဇောက်ချလုပ်ကိုင်ခြင်းတို့ကြောင့် လဲလှယ်ခြင်းနှင့် ကုန်သွယ်ခြင်းတို့ အလွန်အရေးပါလာခြင်းကို ဆရာကမေးမြန်းမည်။ ကျောင်းသားများမှတ်မိသလောက် ပြောပြပါစေ။
- ထို့နောက် လဲလှယ်ခြင်းသည် အလွန်အရေးပါသော စီးပွားရေးလုပ်ဆောင်ချက်ဖြစ်ကြောင်း ပြောပါ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- လဲလှယ်ခြင်းဆိုသည်မှာ လုပ်သားတို့၏ဇောက်ချလုပ်ကိုင်မှုကြောင့် ရရှိလာသောကုန်စည် အပိုအလျှံများကို မိမိတို့အလိုရှိရာ အခြားကုန်စည်များဖြင့် ဖလှယ်ရယူခြင်းဖြစ်ကြောင်းကို ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို လူဦးရေ ၅ ဦးနှင့် ဆန် ၁၀ ပြည်၊ လူဦးရေ ၈ ဦးနှင့် ဆီ ၅ ပိဿာ၊ လူဦးရေ ၆ ဦးနှင့် နွား ၅ ကောင်၊ လူဦးရေ ၃ ဦးနှင့် ဆိတ် ၂၀ကောင်စီ ပိုင်ဆိုင်သည့် အုပ်စု ၄ စု ဖွဲ့ပေးပါ။ မိမိတို့ကုန်စည်နှင့် ကျန်ကုန်စည်များ၏ လဲလှယ်နှုန်းများကိုလည်း အုပ်စုအလိုက်သတ်မှတ်ပါစေ။ ကုန်စည်ချင်းတိုက်ရိုက်ဖလှယ်သည့် စနစ်ကိုအသုံးပြုပြီး

DBE BOX - Copyright Protected

မိမိလူဦးရေအတွက် လိုအပ်သည့်အရေအတွက်ကို တွက်ချက်ပြီး ကုန်စည်များကို လဲလှယ်ပါစေ။ ထို့နောက် အုပ်စုတစ်စုလျှင်တစ်ဦးက လဲလှယ်ရရှိမှုအခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းပြပါစေ။

- ကုန်စည်ချင်းတိုက်ရိုက်ဖလှယ်သည့်စနစ်အစား ငွေကြေးအသုံးပြုပါက မည်ကဲ့သို့ ဆောင်ရွက်မည်ကို အုပ်စုများကိုမေးမြန်းပါ။ ထို့နောက် ကျောင်းသုံးစာအုပ်နှင့် တိုက်ဆိုင်ဖတ်ရှုပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- ကျောင်းသုံးစာအုပ်ကို အသုံးပြုပြီးဈေးကွက်(market)နှင့် ဈေးနှုန်း(price)တို့ကို ခွဲခြားရှင်းပြပေးပါ။
- ဆက်လက်၍ ရောင်းကုန်ဈေးနှုန်း၊ နှိုင်းယှဉ်ဈေးနှုန်း၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးတို့ကို ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို ပဲခူးတိုင်းဒေသကြီးမှဆန်ကို ကချင်ပြည်နယ်သို့ တင်ပို့ရောင်းချရာနှင့် ကချင်ပြည်နယ်မှသစ်သီးကို ပဲခူးတိုင်းဒေသကြီးသို့ တင်ပို့ရောင်းချရာတွင် ဒေသဈေးနှုန်းအတိုင်း ရောင်းချခြင်းရှိမရှိ မေးမြန်းပါ။ ဝေးကွာသောဒေသများကြား ကုန်စည်များလဲလှယ်ရာတွင် မည်သည့်အချက်များနှင့် မည်သည့်စရိတ်များ ထည့်သွင်းစဉ်းစားရမည်ကို ဆွေးနွေးပြောကြားပါစေ။ ထို့နောက် ကျောင်းသုံးစာအုပ်တွင် ပြန်လည်စစ်ဆေးခိုင်းပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- ခေတ်သစ်စီးပွားရေးအဆောက်အအုံတွင် ငွေကြေးသည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြောင်းကို ဥပမာများဖြင့် ရှင်းပြပါ။
- နှိုင်းယှဉ်ဈေးနှုန်းနှင့် ငွေကြေးဈေးနှုန်းတို့ကို ခွဲခြားဖော်ပြပါ။
- သင်ခန်းစာ၏ အဓိကအချက်ကို ကျောင်းသားများအား ပြောပြ၍ နိဂုံးချုပ်ပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၂၅) မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## (ဃ)စားသုံးခြင်းနှင့်စုဆောင်းခြင်း

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာမိတ်ဆက်** **(၁၅)မိနစ်**

- ပြီးခဲ့သည့်သင်ခန်းစာတွင် ကျောင်းသားများသိရှိခဲ့ပြီးသည့် အကြောင်းအရာများဖြစ်သော ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် လဲလှယ်ခြင်းတို့ကို ဆရာက မေးမြန်းမည်။ ကျောင်းသားများ မှတ်မိသလောက် ပြောပြပါစေ။

DDF BOX - Copyright Protected

- လဲလှယ်ပြီးသောကုန်စည်များကို လတ်တလောလိုအင်ဆန္ဒများ ဖြည့်စွမ်းရန်အတွက် အသုံးပြုခြင်းကို စားသုံးခြင်းဟုခေါ်ကြောင်း သင်ကြားပါ။

**သင်ကြားခြင်း** **(၂၀)မိနစ်**

- ကုန်စည်တစ်ခုကို စားသုံးလိုက်သည့်အခါ နောက်ထပ်အသုံးပြု၍ရ မရ ကျောင်းသားများအား မေးမြန်းပါ။ ဖြေဆိုချက်ပေါ် မူတည်ပြီး စားသုံးမှုသည် နောက်ဆုံးသုံးဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပတင်ပို့မှုတို့သည်လည်း နောက်ဆုံးသုံးဖြစ်ကြောင်းသင်ကြားပါ။

**လေ့ကျင့်ခြင်း** **(၁၀)မိနစ်**

- တစ်ဦးချင်းစားသုံးမှုနှင့် စုပေါင်းစားသုံးမှုကို အုပ်စုလိုက် ခွဲခြားဆွေးနွေးပါစေ။

**သင်ကြားခြင်း** **(၂၀)မိနစ်**

- စားသုံးခြင်းကို စီးပွားရေးလုပ်ဆောင်ချက် ၅ မျိုးမှ ခွဲခြားရှင်းပြပြီး၊ စားသုံးခြင်းနှင့် စုဆောင်းခြင်းတို့ကို ဒင်္ဂါးပြားတစ်ခု၏ မျက်နှာပြင်နှစ်ဖက်အဖြစ် ရှုမြင်နိုင်ကြောင်းကို သင်ထောက်ကူပစ္စည်းသုံး၍ ရှင်းပြပေးပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသား ၅ ဦးကို မိမိရရှိသည့်မုန့်ဖိုးထဲမှ စားသုံးမှုနှင့် စုဆောင်းမှု ဆုံးဖြတ်ချက် ရွေးချယ်မှုကို မေးမြန်းပါ။ ၎င်းရွေးချယ်မှုသည် ကာလ ၂ ခု၏ စားသုံးမှုကြား ရွေးချယ်ခြင်းဖြစ်ကြောင်း မည်သည့်ကာလကို ပိုမိုရွေးချယ်သင့်ကြောင်း၊ ထိုသို့ရွေးချယ်နိုင်ရန် မည်သို့ဆောင်ရွက်သင့်ကြောင်း အတန်းသို့ တင်ပြဆွေးနွေးပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ရွေ့ဆိုင်းထားသောစားသုံးမှုသည် စီးပွားရေးအဆောက်အအုံတွင် အရေးပါကြောင်း ရှင်းလင်းဖြေဆိုပါ။

**ရည်ညွှန်းချက်−ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၂၇)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**(င)ရင်းနှီးမြှုပ်နှံခြင်း**

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- ရင်းနှီးမြှုပ်နှံမှု၏အဓိပ္ပာယ်ကို ကျောင်းသားများ သိသလောက်ပြောပြပါစေ။ ထို့နောက် ရင်းနှီးမြှုပ်နှံခြင်းဆိုသည်မှာ ကုန်ထုတ်အရင်းအနှီးသစ်များ တိုးပွားလာခြင်း၊ ထုတ်လုပ်မှုကို အဆက်မပြတ် ဖြစ်ပေါ်စေရန် အသုံးပြုသည့် ကုန်ထုတ်အရင်းအနှီးများ၏ ချွတ်ယွင်းပြုန်းတီးမှု (depreciation) ကိုအစားထိုးခြင်းနှင့် အရင်းအနှီးကုန်လက်ကျန်များသို့ အရင်းအနှီးသစ်များ ထပ်ပေါင်းဖြည့်စွက်သည့် လုပ်ဆောင်ချက်ဖြစ်ကြောင်းသင်ကြားပါ။

DBE BOX - Copyright Protected

**သင်ကြားခြင်း** **(၁၅)မိနစ်**

- မိမိတို့ဒေသရှိ ထင်ရှားသည့်စက်ရုံအလုပ်ရုံများ၊ အဆောက်အဦများ၊ လမ်းများကို မေးမြန်းမည်။ ကျောင်းသားများ မှတ်မိသလောက်ပြောပြပါစေ။ ၎င်းတို့သည် ပုံသေအရင်းအနှီးများဖြစ်ကြောင်း၊ ၎င်းတို့တည်ဆောက်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်းရှင်းပြပါ။ အခြားရင်းနှီးမြှုပ်နှံမှုပုံစံများလည်းရှိကြောင်း ရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ပါ ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်သင်ကြားပါ။

**လေ့ကျင့်ခြင်း** **(၁၀)မိနစ်**

- ရင်းနှီးမြှုပ်နှံမှုပြုရန် မည်သည့်စီးပွားရေးလုပ်ဆောင်ချက်ရှိရန် လိုအပ်သည်ကို ဆွေးနွေးပြောကြားပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ရင်းနှီးမြှုပ်နှံမှုကို ဥပမာများဖြင့်ခွဲခြား ဖော်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၂၈) မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**၃.၂။ စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်**

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်သည် ထိုနိုင်ငံ၏စီးပွားရေးလုပ်ဆောင်ချက်များ၏ အချိုးအစားပုံသဏ္ဌာန်ဖြစ်သည်ကို ရှင်းပြတတ်စေရန်
- နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံကိုလေ့လာရာတွင် အဓိကအပိုင်းဖြစ်သော ထုတ်လုပ်မှုအချိုးအစားများကို ဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- ပြီးခဲ့သည့်သင်ခန်းစာတွင် စီးပွားရေးလုပ်ဆောင်ချက်များအကြောင်းကို သိရှိပြီးဖြစ်၍ တစ်တန်းလုံးအား အောက်ပါမေးခွန်းကို ပြန်လည်မေးမြန်းမည်။
- စီးပွားရေးလုပ်ဆောင်ချက်မည်မျှရှိသနည်း။ စီးပွားရေးလုပ်ဆောင်ချက်အားလုံး၏ အကြောင်းရင်းနှင့် စီးပွားရေးလုပ်ဆောင်ချက်များသည် တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်နေကြသနည်း စသည့်မေးခွန်းများကို ကျောင်းသားများသိသလောက်မေးမြန်းပါ။ ဖြေဆိုချက်ကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားပါ။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်သည် ထိုနိုင်ငံ၏စီးပွားရေး လုပ်ဆောင်ချက်များ၏ အချိုးအစားပုံသဏ္ဌာန်ပင်ဖြစ်သည်ကို ဥပမာများနှင့် ရှင်းပြပါ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို အုပ်စုဖွဲ့ပါ။ နိုင်ငံ၏စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်ကို သိရှိရန် မည်သည်တို့ကို သိရှိရန်လိုအပ်သနည်းဟူသောမေးခွန်းကို အုပ်စုလိုက်ဆွေးနွေးစေပြီး တင်ပြပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလုပ်ဆောင်ချက်များသည် ထိုနိုင်ငံ၏စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်တွင် ပါဝင်ပေါင်းစပ်နေကြောင်းကို ဥပမာများဖြင့် ရှင်းပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၂၉)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**၃.၃။ စီးပွားရေးစနစ်**

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- စီးပွားရေးစနစ်အကြောင်း လေ့လာသုံးသပ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- ကျောင်းသားများအား ကမ္ဘာပေါ်တွင်ရှိသည့် စီးပွားရေးစနစ်များကို သိသလောက် မေးမြန်းပါ။ ကျောင်းသားများ ဖြေဆိုချက်ကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားပါ။
- ထို့နောက် စီးပွားရေးစနစ်၏ အဓိပ္ပာယ်ကို ကျောင်းသုံးစာအုပ်ကိုအသုံးပြုပြီး ရှင်းပြပါ။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- စီးပွားရေးစနစ်ကို နိုင်ငံရေးဆိုင်ရာရှုထောင့်နှင့် နည်းပညာဆိုင်ရာရှုထောင့်နှစ်ရပ်မှ ရှုမြင်နိုင်သည်ကို ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။ ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့် အရင်းရှင်စီးပွားရေးစနစ်တို့ကို နိုင်ငံရေးဆိုင်ရာရှုထောင့်မှ ဆွေးနွေးစေပြီး တင်ပြပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- စီးပွားရေးစနစ်ကို မည်သည့်ရှုထောင့်မှ လေ့လာနိုင်သနည်း။
- ကမ္ဘာပေါ်တွင်ရှိသည့် စီးပွားရေးစနစ်များကို ဖော်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၃၀)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX -Copyright Protected

## ၃.၄။ စီးပွားရေးအဖွဲ့အစည်းများ

**စာသင်ချိန်(၄)ချိန်** **တစ်ချိန်(၄၅)မိနစ်**

### သင်ခန်းစာရည်ရွယ်ချက်

- စီးပွားရေးအဖွဲ့အစည်းများ၏ အမျိုးအစား၊ သဘောသဘာဝနှင့် လုပ်ဆောင်ချက်တို့ကို ခွဲခြားဖော်ထုတ်တတ်ရန်
- စီးပွားရေးနှင့် လက်ရှိမြန်မာနိုင်ငံတွင် လုပ်ဆောင်နေသော စီးပွားရေးလုပ်ဆောင်ချက်များကို ဆက်စပ်ဆွေးနွေးတတ်ရန်

### သင်ခန်းစာမိတ်ဆက် (၁၀)မိနစ်

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စု ၃ စုဖွဲ့ပါ။ ပြီးလျှင် လေကြောင်းဝန်ဆောင်မှုလုပ်ငန်း၊ ဆန်စပါးထုတ်လုပ်မှုလုပ်ငန်း၊ လက်ဖက်ရည်ဆိုင်စသည်တို့တွင် ပါဝင်ဆောင်ရွက်သည့် လုပ်သားအမျိုးအစားများကို အုပ်စုလိုက်ဆွေးနွေးပြီး အုပ်စုကိုယ်စားတစ်ဦးစီက တင်ပြပါစေ။
- ထိုသို့သောကုန်စည်နှင့် ဝန်ဆောင်မှုများထုတ်လုပ်ရာတွင် တစ်ဦးတည်း ဆောင်ရွက်၍မရဘဲ လုပ်သားအုပ်စုများဖြင့် ဆောင်ရွက်ရကြောင်း ပြောကြားပါ။

### သင်ကြားခြင်း (၁၅)မိနစ်

- ထိုသို့ကုန်စည်နှင့် ဝန်ဆောင်မှုထုတ်လုပ်ရန်ရည်ရွယ်၍ ဖွဲ့စည်းထားသော လုပ်သားအုပ်စုကို စီးပွားရေးအဖွဲ့အစည်းဟုခေါ်ကြောင်း၊ စီးပွားရေးအဖွဲ့အစည်းများကို စီးပွားရေးလုပ်ငန်းများဟုလည်း ခေါ်ကြောင်းသင်ကြားပါ။
- ခေတ်သစ်စီးပွားရေးအဆောက်အအုံအတွက် စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ရန် လိုအပ်မှုရှိ မရှိနှင့် လိုအပ်ပါက အဘယ်ကြောင့်လိုအပ်သည်ကို ကျောင်းသားအုပ်စုများအား မေးမြန်းပါ။

### လေ့ကျင့်ခြင်း (၂၀)မိနစ်

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ပါ နိုင်ငံတစ် နိုင်ငံကိုပင် စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ် သဘောထားနိုင်ကြောင်း ဟူသည့်အချက်ကို အုပ်စုလိုက်ဆွေးနွေးစေပြီး တင်ပြပါစေ။

### သင်ကြားခြင်း (၂၅)မိနစ်

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ ကုန်ထုတ်လုပ်ငန်း၏ နည်းပညာဆိုင်ရာအခြေအနေများသည် စီးပွားရေးအဖွဲ့အစည်းများ၏အရွယ်အစား၊ သဘောသဘာဝနှင့် လုပ်ဆောင်ချက်များအပေါ် အကျိုးသက်ရောက်မှုရှိသည်ကို အုပ်စုလိုက်ဆွေးနွေးစေပြီး



DBE BOX - Copyright Protected

တင်ပြပါစေ။ ထို့နောက် ကျောင်းသုံးစာအုပ်ပါ အချက်အလက်များအား ဖတ်ရှုပါစေ။ သိလိုသည်များကို ဆရာက ရှင်းပြဆွေးနွေးပါ။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ နိုင်ငံအများတွင်လုပ်ငန်းခွဲများရှိသည့် စီးပွားရေးအဖွဲ့အစည်းများ (Multinational Organizations)ကို သိရှိသလောက် ပြောကြားစေပြီး ၎င်းတို့သည် မည်သည့်အတွက်ကြောင့်ဖြစ်ပေါ်လာနိုင်သည်ကို အုပ်စုလိုက်ဆွေးနွေးစေပြီး တင်ပြပါစေ။
- မိမိဒေသအတွင်းရှိ စီးပွားရေးလုပ်ငန်းများ၊ အရွယ်အစား၊ သဘောသဘာဝနှင့် လုပ်ဆောင်ချက်များကို ဖော်ပြပြီး မည်သည့်စီးပွားရေးအမျိုးအစားတွင် အကျုံးဝင်ကြောင်းတင်ပြပါစေ။

**သင်ကြားခြင်း** **(၂၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ပါ ပြည်သူသုံးလုပ်ငန်းများကို လေ့လာစေပြီး ၎င်းတို့၏လက္ခဏာရပ်များကို အုပ်စုလိုက်ဆွေးနွေးကာ ဥပမာ ၃ ခုစီဖြင့် တင်ပြပါစေ။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- မိမိနေထိုင်ရာဒေသတွင် မည်သည့်ပြည်သူသုံးလုပ်ငန်းများ ရှိသနည်း။ မည်သည့်လုပ်ငန်းများ ထပ်မံလိုအပ်သနည်း။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- တိုင်းပြည်တစ်ပြည်၏ စီးပွားရေးအဖွဲ့အစည်းအမျိုးအစားကို ပြဌာန်းရာတွင် ကုန်ထုတ်အရင်းအနှီးပိုင်ဆိုင်မှုသည် အရေးကြီးသောအချက်တစ်ရပ်ဖြစ်ကြောင်း ဆက်လက်ရှင်းပြပါ။
- ကုန်ထုတ်အရင်းအနှီး ပိုင်ဆိုင်မှုရှုထောင့်မှ စီးပွားရေးအဖွဲ့အစည်းများကို ပုဂ္ဂလိကပိုင်အဖွဲ့အစည်းများ၊ နိုင်ငံပိုင်အဖွဲ့အစည်းများနှင့် သမဝါယမပိုင်အဖွဲ့အစည်းများဟူ၍ ခွဲခြားနိုင်သည်ကို ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကုန်ထုတ်အရင်းအနှီးပိုင်ဆိုင်မှု ပြောင်းလဲပါက စီးပွားရေးအဖွဲ့အစည်းများ၏ အမျိုးအစား၊ အရွယ်အစား၊ သဘာဝနှင့် လုပ်ဆောင်ချက်များ ပြောင်းလဲမှုရှိမရှိကို ပြည့်စုံစွာဖော်ပြပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- စီးပွားရေးအဖွဲ့အစည်းကို မည်သို့နားလည်သနည်း။
- ပြည်သူသုံးလုပ်ငန်းဟူသည် အဘယ်နည်း။ မြန်မာနိုင်ငံရှိ ပြည်သူသုံးလုပ်ငန်း လက္ခဏာရပ်များနှင့် ကိုက်ညီသောလုပ်ငန်းသုံးခုအကြောင်း ဝေဖန်ဆန်းစစ်ရေးသားပါ။


**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၃၄)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX - Copyright Protected

## အခန်း(၃)ကို ပြန်လည်ဆန်းစစ်ခြင်း

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

- နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလုပ်ဆောင်ချက်များသည် ထိုနိုင်ငံ၏ စီးပွားရေးအဆောက်အအုံ ပုံသဏ္ဌာန်တွင် ပါဝင်ပေါင်းစပ်နေကြောင်းကို ဥပမာများဖြင့်ရှင်းပြပါ။ စီးပွားရေးလုပ်ဆောင်ချက်များ အဆင့်ဆင့်ချိတ်ဆက်မှုကို အုပ်စုလိုက်ဖော်ပြဆွေးနွေးပါ။
- စီးပွားရေးစနစ်ကို မည်သည့်ရှုထောင့်မှ လေ့လာနိုင်သနည်း။
- တိုင်းပြည်တစ်ပြည်၏ စီးပွားရေးအဖွဲ့အစည်းအမျိုးအစားကို ပြဋ္ဌာန်းရာတွင် ကုန်ထုတ်အရင်းအနှီးပိုင်ဆိုင်မှုသည် အရေးကြီးသောအချက်တစ်ရပ်ဖြစ်သည်ကို ပြည့်စုံစွာရှင်းလင်းပါ။
- ထို့နောက် အောက်ပါပုံပြဇယားတွင် ကွက်လပ်ထား၍ လိုအပ်သောအချက်များကို ဖြည့်ခိုင်းပြီး အခန်း(၃)တွင်သင်ယူခဲ့သည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။




DBE BOX - Copyright Protected

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

## လေ့ကျင့်ခန်းများ

၁။ အောက်ပါမေးခွန်းများကို မှား မှန် ရွေးပါ။

(က) ကုန်ထုတ်စွမ်းအားစုများကို မြေယာ၊ လုပ်အား၊ အရင်းအနှီးဟူ၍ သုံးမျိုးခွဲခြားထားသော်လည်း အရင်းအနှီးသည် အခြေခံအကျဆုံးသော စွမ်းအားစုဖြစ်သည်။

(ခ) အိမ်ထောင်စုတစ်စုအတွက် ဆေးဝါးဝယ်ယူခြင်းကို စုပေါင်းစားသုံးခြင်းဟုခေါ်ပါသည်။

(ဂ) လယ်သမားတစ်ဦး၏ စားသုံးရန်ဆုံးဖြတ်ချက်သည် သွယ်ဝိုက်သောအားဖြင့် စုဆောင်းရန်ဆုံးဖြတ်ချက်ပင်ဖြစ်သည်။

(ဃ) မြေယာတွင် မြေအောက်ရှိ သဘာဝသယံဇာတ အားလုံးလည်း ပါဝင်သည်။

၂။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ရန်အတွက် ------------------ များကို ပေါင်းစပ်အသုံးပြုရသည်။

(ခ) လက်သမားက ပရိဘောဂများထုတ်လုပ်ခြင်း၊ လယ်သမားကစပါးစိုက်ပျိုးထုတ်လုပ်ခြင်း တို့ကို --------------------- ဟုခေါ်သည်။

(ဂ) ဖောက်ချလုပ်ကိုင်ခြင်း၊ အလုပ်ခွဲခြားလုပ်ကိုင်ခြင်းတို့ကြောင့် လဲလှယ်ခြင်းနှင့် ---------------------- တို့ အလွန်အရေးပါလာပေသည်။

(ဃ) ကုန်ထုတ်အင်အားစုများအတွက် ရရှိသည့်ဝင်ငွေများကို -----------------ဟု ခေါ်ပါသည်။

(င) မိမိတွင်ပိုလျှံနေသော ကုန်ပစ္စည်းကို မိမိလိုအပ်လျက်ရှိသော ကုန်ပစ္စည်းနှင့်တိုက်ရိုက်ဆက်သွယ်၍ လဲလှယ်ခြင်းကို ----------------------စနစ်ဟုခေါ်သည်။

(စ) ကုန်စည်များကို နောက်ဆုံးအသုံးပြုခြင်းတွင် စားသုံးခြင်း၊ --------------------နှင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချခြင်းတို့ပါဝင်သည်။

(ဆ) -----------------------လုပ်ငန်းများသည် ပြည်သူလူထုကောင်းကျိုးအတွက် မရှိမဖြစ် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ဆောင်ရွက်ပေးပါသည်။

Option

၃။ အဖြေမှန်ရွေးပါ။

(က) စီးပွားရေးလုပ်ဆောင်ချက်များကို (က) ၃မျိုး (ခ) ၄မျိုး (ဂ) ၅မျိုး ခွဲခြားဖော်ပြနိုင်ပါသည်။

(ခ) လူ့လုပ်အားတွင် ကာယလုပ်အားအပြင် ကျွမ်းကျင်မှုနှင့် (က)အဆောက်အဦများ (ခ) ရုပ်ဝတ္ထုများ (ဂ) အတတ်ပညာများလည်း ပါဝင်ပါသည်။

(ဂ) မြေယာပိုင်ဆိုင်သူများက (က) အမြတ်ဝေစု (ခ) ငှားရမ်းခ (ဂ) လုပ်ခနှင့်လစာ များ ရရှိကြပါသည်။

(ဃ) စီးပွားရေးစနစ်၏ နိုင်ငံရေးရှုထောင့်သည် (က) ကုန်စည်နှင့်ဝန်ဆောင်မှုများ (ခ) ကုန်ထွက်များ (ဂ) ကုန်ထုတ်အင်အားစုများကို မည်သူတို့ကပိုင်ဆိုင်ပြီး စုစုပေါင်းထုတ်ကုန်အား လူတန်းစားများအကြားတွင် မည်သို့ခွဲဝေဖြန့်ဖြူးသည်နှင့် သက်ဆိုင်ပါသည်။

(င) စီးပွားရေးလုပ်ဆောင်ချက်များ၏ အဓိကဦးတည်ချက်မှာ (က) စားသုံးခြင်း (ခ) စုဆောင်းခြင်း (ဂ)ရင်းနှီးမြှုပ်နှံခြင်း ဖြစ်သည်။

DBE BOX - Copyright Protected

၄။ အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

(က) လဲလှယ်ခြင်းမှ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ဖြစ်ပေါ်လာနိုင်ကြောင်းကို မြန်မာနိုင်ငံဒေသ အသီးသီးရှိ ကုန်စည်အချင်းချင်း လဲလှယ်ခြင်းကို အစပြု၍ရှင်းပြပါ။

(ခ) စီးပွားရေးလုပ်ဆောင်ချက်များတွင် စားသုံးခြင်းသည်မည်သို့အရေးပါသနည်း၊ ကျိုးကြောင်းပြ၍ ရှင်းပြပါ။

(ဂ) စီးပွားရေးစနစ်ဟူသည်မှာ အဘယ်နည်း။ ကမ္ဘာပေါ်ရှိစီးပွားရေးစနစ်ကို မည်သို့ခွဲခြားနိုင်ကြောင်း လက်ရှိကျင့်သုံးနေသောနိုင်ငံများဖြင့် ဥပမာပေး၍ဖြေဆိုပါ။

(ဃ) စီးပွားရေးအဖွဲ့အစည်းများ၏အမျိုးအစား၊ သဘောသဘာဝနှင့် လုပ်ဆောင်ချက်များကို ခွဲခြားဖော်ထုတ်၍ လက်တွေ့ဥပမာများဖြင့် သုံးသပ်ပြပါ။

DBE BOX - Copyright Protected

# အခန်း(၅)
# မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံ
# Economic Structure of Myanmar

**စာသင်ချိန်(၁၇)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ယူမှုရလဒ်များ**

- တိုင်းပြည်ဝင်ငွေ၏ အခြေခံသဘောကို ရှင်းပြနိုင်မည်။
- တိုင်းပြည်၏ထုတ်လုပ်မှုသည် တိုင်းပြည်၏ဝင်ငွေနှင့် တူညီသည်ကို ဆွေးနွေးနိုင်မည်။
- မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်ကို လေ့လာသုံးသပ်ပြီး ကုန်ထုတ်လုပ်ရာတွင် မည်သည့်ကဏ္ဍများဖြင့်တိုင်းပြည်၏စီးပွားရေးကို ဖော်ဆောင်နေသည်ကိုသုံးသပ်နိုင်မည်။
- စီးပွားရေးကဏ္ဍများအားလုံးမှ မည်သည့်ကဏ္ဍသည် အရေးအကြီးဆုံးဖြစ်သည်ကို စာရင်းဇယားများဖြင့် တွက်ချက်သုံးသပ်လာနိုင်မည်။
- ကုန်ထုတ်လုပ်မှုကြောင့်ရရှိလာသော တိုင်းပြည်ဝင်ငွေကိုမည်သို့ခွဲဝေရသည်ကို တွက်ချက်နိုင်မည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- တိုင်းပြည်ဝင်ငွေနှင့်ပတ်သက်သည့် စာရင်းဇယားများ

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- နိုင်ငံရှိ စီးပွားရေးလုပ်ဆောင်ချက်များ၏ ဆောင်ရွက်သည့်ပုံသဏ္ဌာန်၊ ကဏ္ဍများ၏ GDP တွင် ပါဝင်မှုတို့ကို အချင်းချင်းအပြန်အလှန်ဆွေးနွေးခြင်း၊ အုပ်စုလိုက်ဆောင်ရွက်တတ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာစဉ်းစားတတ်ခြင်း စသည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများကို ရရှိစေမည်။

## ၅.၁။ တိုင်းပြည်ဝင်ငွေ

**စာသင်ချိန်(၄)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံစီးပွားရေးကဏ္ဍများ၏ ခွဲခြားမှုကိုသိရှိရန်
- တိုင်းပြည်ဝင်ငွေ တွက်ချက်မှုကိုသိရှိရန်

**သင်ခန်းစာမိတ်ဆက်** **(၂၀)မိနစ်**

- ကျောင်းသားများသိရှိပြီးဖြစ်သည့် ထုတ်လုပ်မှု၊ စားသုံးမှုနှင့်စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးမှုစသည့်စီးပွားရေးလုပ်ဆောင်ချက်များ၏ အဓိပ္ပာယ်များကိုဖြေဆိုပါစေ။ စီးပွားရေးလုပ်ဆောင်ချက်များ၏ ဆောင်ရွက်သည့်ပုံသဏ္ဌာန်ဖြစ်သည့် စီးပွားရေးအဆောက်အအုံကို ဆက်လက်သင်ကြားမည်ကို ရှင်းပြပါ။

DBE BOX, Copyright Protected

**သင်ကြားခြင်း** **(၂၅)မိနစ်**

- ထုတ်လုပ်မှုပုံသဏ္ဍာန်ကို စီးပွားရေးကဏ္ဍများခွဲ၍ လေ့လာနိုင်ကြောင်း၊ စီးပွားရေးကဏ္ဍဆိုသည်မှာ ကုန်စည်ထုတ်လုပ်ရာတွင် ထုတ်လုပ်မှုနှင့်ပတ်သက်သည့် လက္ခဏာရပ်များ တူညီသည့် စီးပွားရေးလုပ်ငန်းများကို စုပေါင်းထားခြင်းဖြစ်ကြောင်းရှင်းပြပါ။
- ပြည်တွင်းထုတ်ကုန်သို့မဟုတ် ပြည်တွင်းဝင်ငွေနှင့် တိုင်းပြည်ထုတ်ကုန်သို့မဟုတ် တိုင်းပြည်ဝင်ငွေတို့၏ ခြားနားချက်ကိုရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၄၅)မိနစ်**

- ကျောင်းသားအရေအတွက်အပေါ် မူတည်၍ အုပ်စုဖွဲ့ပေးပါ။ စီးပွားရေးကဏ္ဍများတွင် ပါဝင်သည့် လုပ်ငန်းအနည်းဆုံး ၂ ခုစီကို ဆွေးနွေးဖော်ထုတ်ခိုင်းပြီး အုပ်စုလိုက်ရှင်းခိုင်းပါ။ ဆွေးနွေးစဉ် လှည့်လည်ကြီးကြပ်ပေးပါ။
- ပြည်တွင်းထုတ်ကုန်သို့မဟုတ် ပြည်တွင်းဝင်ငွေနှင့် တိုင်းပြည်ထုတ်ကုန်သို့မဟုတ် တိုင်းပြည်ဝင်ငွေတို့၏ ခြားနားချက်ကိုအချင်းချင်းဆွေးနွေးပါစေ။
- ထို့နောက် ဆွေးနွေးချက်ပေါ် မူတည်၍ ပြည်တွင်းထုတ်ကုန် သို့မဟုတ် ပြည်တွင်းဝင်ငွေနှင့် တိုင်းပြည်ထုတ်ကုန် သို့မဟုတ် တိုင်းပြည်ဝင်ငွေလျော့နည်းသည့်နိုင်ငံ၊ ပြည်တွင်းထုတ်ကုန် သို့မဟုတ် ပြည်တွင်းဝင်ငွေထက် တိုင်းပြည်ထုတ်ကုန် သို့မဟုတ် တိုင်းပြည်ဝင်ငွေကကျော်လွန်သည့်နိုင်ငံတို့တွင် မည်သည့်နိုင်ငံကအခြေအနေကောင်းမွန်သည်ကို စီးပွားရေးလုပ်ဆောင်ချက်များနှင့်တကွ လေ့လာဆန်းစစ်ပြီး တင်ပြပါစေ။ အုပ်စုအချင်းချင်း သုံးသပ်ခိုင်းပါ။ ဆရာက ဖြည့်စွက်ပေးပါ။

**သင်ကြားခြင်း** **(၄၅)မိနစ်**

- နှစ်အလိုက်ဈေးနှုန်း (current price)၊ ပုံသေဈေးနှုန်း(constant price) သဘောတရားတို့ကို ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

- ကျောင်းသားများကို အုပ်စုများဖွဲ့စေပြီး စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုးနှင့် စုစုပေါင်း ကုန်ထွက်တန်ဖိုးခြားနားမှုကို ကုန်စည် ၁ ခုကိုဥပမာပြုပြီး ဆွေးနွေးပါစေ။ ဆွေးနွေးစဉ်ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့တင်ပြပါစေ။
- ဈေးနှုန်းပြောင်းလဲခြင်းသည် တိုင်းပြည်ဝင်ငွေကို ပြောင်းလဲစေနိုင်သော်လည်း ထုတ်လုပ်သည့် ပမာဏကိုမူ ပြောင်းလဲစေမည်ဟု သေချာစွာမပြောနိုင်ကြောင်းကို အုပ်စုလိုက်ဆွေးနွေးပြီး တင်ပြပါစေ။ ဆရာက ဖြည့်စွက်ပေးပါ။

DBE BOX - Copyright Protected

- ကုန်သွယ်မှုလက်ကျန်ရှင်းတမ်း လိုငွေပြနေခြင်းသည် မည်သည့်အတွက်ကြောင့်ဖြစ်သည်၊ နိုင်ငံခြားကုန်သွယ်မှုအပေါ် မှီခိုအားထားမှုကို မည်သည့်အချိုးများက ဖော်ပြသည်တို့ကို အုပ်စုလိုက်ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်တစ်ဦးစီက နမူနာကိန်းဂဏန်းများနှင့်တကွ တင်ပြပါစေ။ ဆရာက ကြီးကြပ်ပေးပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၁၅)မိနစ်**

- စုစုပေါင်းကုန်ထွက်တန်ဖိုး၊ စုစုပေါင်းထုတ်ကုန်တန်ဖိုး၊ စုစုပေါင်းပြည်တွင်း ထုတ်ကုန်တန်ဖိုး၊ တစ်ဦးကျGDP၊ အရင်းတည်ဆောက်မှုနှုန်း၊ ကုန်သွယ်မှုလက်ကျန်ရှင်းတမ်းတို့ကို ရှင်းလင်းဖြေဆိုပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၆၅)နှင့်(၆၆)မှ အဓိကအချက်များကို အသုံးပြု၍ သင်ကြားရန်။**

## ၅.၂။ မြန်မာနိုင်ငံ၏ထုတ်လုပ်မှုအဆောက်အအုံ

**စာသင်ချိန်(၅)ချိန် တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- စီးပွားရေးကဏ္ဍအားလုံးမှ ထုတ်လုပ်သည့်စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုး GDP ကို လေ့လာသုံးသပ် ဆန်းစစ်တတ်ရန်
- စာရင်းဇယားများကို လေ့လာဆန်းစစ် ကောက်ချက်ချတတ်ရန်

**သင်ခန်းစာမိတ်ဆက် (၅)မိနစ်**

- ကျောင်းသားများအား မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများကို ပြန်လည်ဖြေဆိုပါစေ။ GDP ကိုလည်း မှတ်မိသလောက်ပြန်လည်ဖြေဆိုပါစေ။ ထို့နောက်မြန်မာနိုင်ငံ၏ GDP တွင် စီးပွားရေးကဏ္ဍအသီးသီးမှ ပါဝင်မှုကိုလေ့လာခြင်းဖြင့် မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုအဆောက်အအုံပုံသဏ္ဌာန်ကို သိရှိနိုင်ကြောင်းရှင်းပြပါ။

**သင်ကြားခြင်း (၄၀)မိနစ်**

- မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများကိုကုန်ပစ္စည်းထုတ်လုပ်သည့်ကဏ္ဍများ၊ ဝန်ဆောင်မှုထုတ်လုပ်သည့်ကဏ္ဍများနှင့် ကုန်သွယ်မှုကဏ္ဍဟု ၃ ခု ခွဲခြားလေ့လာနိုင်ကြောင်းနှင့် ကဏ္ဍများ၏ပါဝင်မှုအချိုးအစားတိုးတက်မှုနှုန်းတို့ကို ဇယား (၅. ၁)ဖြင့် ရှင်းပြပါ။

**လေ့ကျင့်ခြင်း (၄၅)မိနစ်**

- ကျောင်းသားများကို အုပ်စုများဖွဲ့စေပြီး မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများမှ ထုတ်လုပ်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဆွေးနွေးပါစေ။ ဆွေးနွေးစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့တင်ပြပါစေ။

DBE BOX - Copyright Protected


- GDP တွင်ပါဝင်မှုအချိုးနှင့် တိုးတက်မှုနှုန်းမြင့်မားလာသည့်ကဏ္ဍများ၊ GDP တွင်ပါဝင်မှုအချိုး နည်းပါးသော်လည်း တိုးတက်မှုနှုန်းမြင့်မားလာသောကဏ္ဍများ၊ GDP တွင်ပါဝင်မှုအချိုးနှင့် တိုးတက်မှုနှုန်း ကျဆင်းသွားသောကဏ္ဍများကို အုပ်စုလိုက်ခွဲခြားဖော်ပြပါစေ။

**သင်ကြားခြင်း** **(၄၅)မိနစ်**

- မြန်မာနိုင်ငံ၏ GDP တွင် ကဏ္ဍကြီး ၃ ခု မှ ပါဝင်သည့် အချိုးအစားကို ဇယား(၅. ၂) ဖြင့် ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၄၅)မိနစ်**

- ကျောင်းသားအရေအတွက်အပေါ် မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ဇယား (၅. ၂)ပါ စာရင်းဇယားများကို အသုံးပြုပြီး အောက်ပါ နမူနာပြထားသကဲ့သို့ဘားချပ်များကို ရေးဆွဲနိုင်းယှဉ်ပါစေ။ တိုင်းပြည်တိုးတက်ရေးအတွက် GDP တွင် ပါဝင်မှုအချိုးအစားများပြားရန် လိုအပ်သည့်ကဏ္ဍအဆင့်များကို အုပ်စုလိုက်ဆွေးနွေးစေပြီး ကိုယ်စားလှယ်တစ်ဦးစီကတင်ပြပါစေ။




**ပထမဆင့်ကဏ္ဍ** **ဒုတိယဆင့်ကဏ္ဍ** **တတိယဆင့်ကဏ္ဍ**

- ဇယား(၅. ၁)နှင့် ဇယား(၅. ၂) ပါအချက်များကို လေ့လာဆန်းစစ်စေပြီး ထပ်မံတွေ့ရှိချက်များကို အုပ်စုလိုက်ဆွေးနွေးပြီးတင်ပြပါစေ။ အုပ်စုအချင်းချင်းသုံးသပ်ခိုင်းပါ။ ဆရာက ဖြည့်စွက်ပေးပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၄၅)မိနစ်**

- တိုင်းပြည်ဝင်ငွေနှင့် ပြည်တွင်းဝင်ငွေကို သေချာရှင်းလင်းဖော်ပြပါ။
- ပုံသေဈေးနှုန်းများဖြင့် တိုင်းပြည်ဝင်ငွေတွက်ချက်ခြင်းကို ရှင်းလင်းဖော်ပြပါ။
- တစ်ဦးကျ GDP ၊ စီးပွားရေးလုပ်ဆောင်ချက်များတွင် တိုင်းပြည်ဝင်ငွေကို ခွဲဝေအသုံးပြုမှုတို့ကို လေ့လာပြီးထိုနိုင်ငံ၏ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေးအခြေအနေကို ဆန်းစစ်နိုင်ကြောင်း ဖော်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၇၂)မှ အဓိကအချက်များကိုအသုံးပြု၍သင်ကြားရန်။**

DRL BOX - Copyright Protected

## ၅.၃။ မြန်မာနိုင်ငံ၏ GDP ကိုခွဲဝေအသုံးပြုပုံ

**စာသင်ချိန်(၄)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံပုံသဏ္ဍာန်ကို သိရှိရန်
- မြန်မာနိုင်ငံ၏ GDP ခွဲဝေအသုံးပြုမှုကို သိရှိရန်

**သင်ခန်းစာမိတ်ဆက်** **(၂၀)မိနစ်**

- GDP ၊ တစ်ဦးကျ GDP တို့ကို သင်ကြားပြီးဖြစ်သည့်အတွက် ကျောင်းသားများမှတ်မိသလောက် ပြောပါစေ။

**သင်ကြားခြင်း** **(၂၅)မိနစ်**

- ကျောင်းသုံးစာအုပ်ဇယား(၅. ၃)ပါ အကြောင်းအရာများဖြင့် မြန်မာနိုင်ငံ၏ GDP ခွဲဝေအသုံးပြုပုံကို ရှင်းလင်းသင်ကြားပါ။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- ကျောင်းသားများကို အုပ်စုဖွဲ့ဆွေးနွေးပါစေ။
- ကျောင်းသုံးစာအုပ်ဇယား(၅. ၃) တွင်ဖော်ပြထားသော ကုန်ပစ္စည်းလက်ကျန် ကိန်းဂဏန်းများသည် ၂၀၁၄-၁၅ ခုနှစ် ထက် ၂၀၁၅-၁၆ ခုနှစ်တွင် မည်သည့်အတွက် လျော့နေသည်ကို ခွဲခြမ်းစိတ်ဖြာပါစေ။

**သင်ကြားခြင်း** **(၂၅)မိနစ်**

- ကျောင်းသုံးစာအုပ်ပါ စာရင်းဇယားများ ဆက်စပ်မှုရှိကြောင်း ရှင်းလင်းပါ။

**လေ့ကျင့်ခြင်း** **(၄၅)မိနစ်**

- ကျောင်းသားများကိုအုပ်စုဖွဲ့ဆွေးနွေးစေပြီး ကိန်းဂဏန်းများနှင့်တကွ ဇယား (၅. ၁)၊ (၅. ၂)၊ (၅. ၃) တို့၏စာရင်းဇယားများ ဆက်စပ်ပုံကိုရှင်းပြပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၄၅)မိနစ်**

- မြန်မာနိုင်ငံ၏ ၂၀၁၄-၁၅ ခုနှစ်နှင့် ၂၀၁၅-၁၆ ခုနှစ် GDP ခွဲဝေအသုံးပြုပုံကို နှိုင်းယှဉ်၍ တိုးတက်မှု လျော့ကျမှုတို့ကို ဆန်းစစ်တင်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၇၄)မှ အဓိကအချက်များကိုအသုံးပြု၍သင်ကြားရန်။**

DBE BOX - Copyright Protected

**အခန်း(၅)ကို ပြန်လည်ဆန်းစစ်ခြင်း**

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

- အောက်ပါပုံပြဇယားတွင် ကွက်လပ်ထား၍ လိုအပ်သောအချက်များကို ဖြည့်ခိုင်းပြီး အခန်း(၅)တွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။




**စာသင်ချိန်(၃)ချိန်** **တစ်ချိန်(၄၅)မိနစ်**

## လေ့ကျင့်ခန်းများ

၁။ အောက်ပါမေးခွန်းများကို မှား မှန် ရွေးပါ။

(က) နိုင်ငံတစ်နိုင်ငံ၏ တိုင်းပြည်ဝင်ငွေဆိုသည်မှာ ထိုနိုင်ငံရှိ နိုင်ငံသားနှင့် နိုင်ငံခြားသားများ တစ်နှစ်အတွင်း ထုတ်လုပ်မှုမှရရှိသော ဝင်ငွေများကို စုပေါင်းထားခြင်းဖြစ်သည်။

(ခ) စုစုပေါင်းထုတ်ကုန်တန်ဖိုးဆိုသည်မှာ စုစုပေါင်းကုန်ထွက်တန်ဖိုးမှ ကုန်ကြမ်းတန်ဖိုး မနုတ်ရသေးသော ဝင်ငွေဖြစ်သည်။

(ဂ) ပုံသေဈေးနှုန်းများအရ တွက်ချက်ထားသည့် တိုင်းပြည်ဝင်ငွေကို အမှန်တိုင်းပြည်ဝင်ငွေဟု ခေါ်သည်။

(ဃ) ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကုန်သွယ်မှုကဏ္ဍသည် စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုးတွင် အများဆုံးပါဝင်နေသည်။

(င) စီးပွားရေး တဖြည်းဖြည်း တိုးတက်လာသည်နှင့်အမျှ GDP တွင် ပါဝင်နေမှု အချိုးအစားသည်လည်း ပထမအဆင့်ကဏ္ဍတွင် တဖြည်းဖြည်းကျဆင်းသွားသည်။

UBE BOY - Copyright Protected

၂။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) စက်ရုံများတွင် ကုန်ကြမ်းနှင့်ကုန်ထုတ်အရင်းအနှီးများကို ပေါင်းစပ်ပြီး ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ပါက ထိုစီးပွားရေးလုပ်ငန်းများကို စုပေါင်းပြီး ------------------ ဟုခေါ်သည်။

(ခ) ကုန်ထုတ်လုပ်ရာတွင် ထုတ်လုပ်မှုနှင့်ပတ်သက်သည့် လက္ခဏာရပ်များတူညီသည့် စီးပွားရေး လုပ်ငန်းများစုပေါင်းထားခြင်းကို ------------------ ဟုခေါ်သည်။

(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့် GDP အချိုးကို ------------------ ဟုခေါ်သည်။

(ဃ) ယေဘုယျအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ------------------ဖြင့် တိုင်းတာနိုင်ပါသည်။

(င) ------------------ တွင် ဒုတိယအဆင့်ကဏ္ဍ၌ အလုပ်လုပ်သောဦးရေနှင့် GDP တွင် ပါဝင်မှုအချိုးအစား မြင့်မားကြောင်း တွေ့ရသည်။

၃။ အဖြေမှန်ရွေးပါ။

(က) မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်ကို ထုတ်လုပ်မှုအလိုက် (က) နှစ်မျိုး (ခ) သုံးမျိုး (ဂ) ငါးမျိုး ခွဲခြားထားသည်။

(ခ) နှစ်တစ်နှစ်အတွင်းပြည်တွင်းရှိစီးပွားရေးလုပ်ငန်းအသီးသီးမှ ထုတ်လုပ်လိုက်သော ထုတ်ကုန် တန်ဖိုးများစုပေါင်းထားခြင်းကို (က) စုစုပေါင်းပြည်တွင်းထုတ်ကုန် (ခ) စုစုပေါင်းတိုင်းပြည် ထုတ်ကုန် (ဂ) အသားတင်ထုတ်ကုန်တန်ဖိုး ဟုခေါ်သည်။

(ဂ) ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုးများ ခြားနားမှုကို (က) အသားတင်ပို့ကုန်တန်ဖိုး (ခ) ကုန်သွယ်မှုလက်ကျန် (ဂ) အသားတင်သွင်းကုန်တန်ဖိုး ဟုခေါ်သည်။

(ဃ) ၂၀၁၄-၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဝန်ဆောင်မှုကဏ္ဍ၏ ပါဝင်မှုအချိုးအစားမှာ (က) တိုးလာခဲ့သည်။ (ခ) ကျဆင်းသွားသည်။ (ဂ) မပြောင်းလဲပါ။

(င) မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍများအနက် (က) ပထမအဆင့် (ခ) ဒုတိယအဆင့် (ဂ) တတိယ အဆင့်ကဏ္ဍတွင်ပါဝင်သော စီးပွားရေးကဏ္ဍများမှာ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အားနှင့် ဆောက်လုပ်ရေးကဏ္ဍများ ဖြစ်သည်။

DBE BOX - Copyright Protected

၄။ အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

(က) နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံဆိုသည်မှာ အဘယ်နည်း။ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများ မည်သို့ခွဲခြားလေ့လာနိုင်သည်ကို ရှင်းပြပါ။

(ခ) ငွေကြေးဝင်ငွေနှင့် အမှန်ဝင်ငွေတို့ကို မည်သို့တွက်ချက်နိုင်သနည်း။ ၎င်းတို့၏ခြားနားချက်ကို ဥပမာနှင့် ရှင်းပြပါ။

(ဂ) နိုင်ငံတစ်နိုင်ငံ၏ GDPကို ခွဲဝေအသုံးပြုသည့်ပုံစံသည် ထိုနိုင်ငံ၏စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်ကို ဖော်ပြရာတွင် အလွန်အရေးပါသည်ကို မြန်မာနိုင်ငံအတွက်ရှင်းပြပါ။

(ဃ) အောက်ပါဇယား ကိန်းဂဏန်းများကိုအသုံးပြု၍တွက်ချက်ပြီး ကွက်လပ်တွင်ဖြည့်ပါ။ ရရှိသောအဖြေများကိုလည်း သုံးသပ်ပြပါ။

| စဉ် | အမျိုးအမည်(၁) | အမျိုးအမည်(၂) | အမျိုးအမည်(၃) တွက်ချက်ဖြည့်စွက်ရန် |
|---|---|---|---|
| ၁။ | GDP (ကျပ်သန်းပေါင်း) ၇၈၅၀၃၀. ၉ | လူဦးရေ (သန်း) ၂၅. ၄ | တစ်ဦးကျဝင်ငွေ(ကျပ်) ---------------------- |
| ၂။ | စားသုံးရန်လျာထားတန်ဖိုး (ကျပ်သန်းပေါင်း) ၃၅၆၇၂၁. ၇ | ငွေရင်းနှီးမြှုပ်နှံရန်လျာထားတန်ဖိုး (ကျပ်သန်းပေါင်း) ၁၂၅၆၄၃. ၂ | ပြည်တွင်းသုံးရန်လက်ကျန် (ကျပ်သန်းပေါင်း) ---------------------- |
| ၃။ | ပို့ကုန်တန်ဖိုး (ကျပ်သန်းပေါင်း) ၁၀၄၆၇၃. ၅ | သွင်းကုန်တန်ဖိုး (ကျပ်သန်းပေါင်း) ၁၂၅၃၄၂. ၈ | ကုန်သွယ်မှုလက်ကျန် (ကျပ်သန်းပေါင်း) ---------------------- |
| ၄။ | ငွေရင်းနှီးမြှုပ်နှံမှုတန်ဖိုး (ကျပ်သန်းပေါင်း) ၁၂၅၆၄၃. ၂ | GDP (ကျပ်သန်းပေါင်း) ၇၈၅၀၃၀. ၉ | အရင်းတည်ဆောက်မှုနှုန်း (%) ---------------------- |
| ၅။ | ပို့ကုန်တန်ဖိုး (ကျပ်သန်းပေါင်း) ၁၀၄၆၇၃. ၅ | GDP (ကျပ်သန်းပေါင်း) ၇၈၅၀၃၀. ၉ | ပို့ကုန်နှင့် GDP အချိုး (%) ---------------------- |

DBE BOX - Copyright Protected

# အခန်း(၆)
# မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍ
# Agriculture, Livestock and Fishery Sectors of Myanmar

**စာသင်ချိန်(၁၄)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ယူမှုရလဒ်များ**

- မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍတို့၏ အဓိကထုတ်ကုန်များ၊ အဓိကသွင်းအားစုများ ၊ ပို့ကုန်များ၊ အခြားစီးပွားရေးကဏ္ဍများနှင့် ဆက်စပ်မှုများကို ခွဲခြမ်းစိတ်ဖြာရှင်းပြတတ်မည်။
- မြန်မာနိုင်ငံ၏ စီးပွားရေးတွင်လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍတို့၏ အခြေအနေများကို ရှင်းပြတတ်မည်။
- မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်တွင် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍတို့၏ ပါဝင်မှုကို လေ့လာခြင်းဖြင့် ၎င်းကဏ္ဍတို့၏ အရေးပါမှုကိုသုံးသပ်တတ်မည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- စာရင်းဇယားများ၊ လယ်ယာသားငါးနှင့်သက်ဆိုင်သောဂျာနယ်များ၊ သတင်းစာများအား ရှာဖွေဖတ်ရှုထားပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍတို့၏ အရေးပါမှုအကြောင်းကို အချင်းချင်းအပြန်အလှန်ဆွေးနွေးခြင်း၊ အုပ်စုလိုက်ဆောင်ရွက်တတ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာစဉ်းစားတတ်ခြင်း စသည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများကို ရရှိစေမည်။

## ၆.၁။ လယ်ယာကဏ္ဍနှင့်သားငါးကဏ္ဍများအရေးပါမှု

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံ၏စီးပွားရေးတွင် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍများ၏အခြေအနေကို သိရှိရန်

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် အခန်း(၅)တွင် မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍ ၁၄ ခု ၊ မြန်မာနိုင်ငံ၏ထုတ်လုပ်မှုအဆောက်အအုံ၊ GDP တွင် ကဏ္ဍအလိုက်ပါဝင်မှုအချိုးအစားတို့ကိုသိရှိပြီးဖြစ်သဖြင့် ပထမအဆင့်ကဏ္ဍတွင်ပါဝင်သည့်ကဏ္ဍများအကြောင်း အုပ်စုလိုက်သိရှိသမျှ ပြောပါစေ။
- ထို့နောက်အဆိုပါကဏ္ဍတွင်ပါဝင်သည့် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍကို သင်ကြားမည်ဖြစ်ကြောင်း ပြောကြားပါ။

DBE BOX - Copyright Protected

**သင်ကြားခြင်း** **(၁၀)မိနစ်**

- လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍများ၏ မြန်မာ့စီးပွားရေးတွင်အရေးပါခြင်းကို ရှင်းလင်းသင်ကြားပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။ အခန်း(၅) ဇယား(၅. ၁)ကို ဖတ်ရှုပြီး မြန်မာ့စီးပွားရေးတွင် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍတို့၏ အရေးပါပုံကို အုပ်စုလိုက်ဆွေးနွေးပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ရလဒ်များကို အတန်းသို့တင်ပြပါစေ။ ဆရာကလိုအပ်သည်များကို ဖြည့်စွက်ပေးပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍတို့၏ မြန်မာ့စီးပွားရေးတွင်အရေးပါခြင်းအကြောင်းရင်းကို ရေးသားဖော်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၇၉)မှ အဓိကအချက်များကို အသုံးပြု၍ သင်ကြားရန်။**

## ၆. ၂။ လယ်ယာကဏ္ဍ၏ အဓိကထုတ်ကုန်များ

**စာသင်ချိန်(၃)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံ လယ်ယာကဏ္ဍ၏ အဓိကထုတ်ကုန်များကိုသိရှိပြီး စိုက်ပျိုးထုတ်လုပ်မှု အခြေအနေကို သုံးသပ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကျောင်းသားများကို လယ်ယာကဏ္ဍမှ ထုတ်လုပ်သည့်ထုတ်ကုန်များကို ပြောကြားစေပြီး သင်ပုန်းတွင် ရေးသားပါစေ။ ထို့နောက် ၎င်းတို့အထဲမှ အဓိကထုတ်ကုန်များကို ရွေးထုတ်ပါစေ။ ကျောင်းသုံးစာအုပ်နှင့် တိုက်ဆိုင်ကြည့်ရှုပါစေ။

**သင်ကြားခြင်း** **(၄၀)မိနစ်**

- ကျောင်းသားများကို အုပ်စု ၄ စုခွဲ၍ မြန်မာနိုင်ငံ၏ နှံစားသီးနှံများ၊ ဆီထွက်သီးနှံများ၊ ပဲမျိုးစုံနှင့် အခြားသီးနှံအုပ်စု ၄ စု မှ အရေးပါသောကုန်စည်များ၏ စိုက်ဧကများ၊ ထုတ်လုပ်မှုအခြေအနေများကို သီးနှံအုပ်စုတစ်ခုစီကို ကျောင်းသားတစ်စုစီ ကျောင်းသုံးစာအုပ်ကို အသုံးပြု၍ ရှာဖွေလေ့လာပါစေ။ တိုးတက်မှု၊ လျော့ကျမှု၊ ဆောင်ရွက်ရန်လိုအပ်မှုများကို ဆန်းစစ်ပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့တင်ပြပါစေ။ ဆရာက လိုအပ်သည်များကို ဖြည့်စွက်ရှင်းပြပေးပါ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၄၅)မိနစ်**

- ကျောင်းသားများအား မိမိတို့ဒေသ၏ စိုက်ပျိုးရေးထုတ်ကုန်များသည် နိုင်ငံစီးပွားရေးတွင် မည်သည့်အနေအထားဖြင့် ပါဝင်နေကြောင်း မှတ်စုတွင်ရှင်းလင်းရေးသားပါစေ။
- ကျောင်းသားများကို အုပ်စု ၄ စုဖွဲ့၍ မြန်မာနိုင်ငံလယ်ယာကဏ္ဍ၏ ထုတ်ကုန်များအကြောင်း ဆွေးနွေးဖော်ပြပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၄၅)မိနစ်**

- မြန်မာ့လယ်ယာကဏ္ဍ၏ထုတ်ကုန်များအနက် စိုက်ဧကနှင့်ထုတ်လုပ်မှုအများဆုံးဖြစ်သည့် အရေးအပါဆုံးသောထုတ်ကုန်အကြောင်း စာရင်းဇယားနှင့်တကွမှတ်စုတွင်ရေးသားပါ။

**ရည်ညွှန်းချက်-ကျောင်းသုံးစာအုပ်၏စာမျက်နှာ(၈၄)မှ အဓိကအချက်များကိုအသုံးပြု၍သင်ကြားရန်။**

**၆.၃။ လယ်ယာကဏ္ဍ၏သွင်းအားစုများ**

**စာသင်ချိန်(၃)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံလယ်ယာကဏ္ဍ၏ သွင်းအားစုများအခြေအနေကို သိရှိဆန်းစစ်နိုင်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- လယ်ယာကဏ္ဍထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရန်အတွက် သွင်းအားစုများလိုအပ်ကြောင်းနှင့် ယင်းတို့ရရှိမှုအခြေအနေကို လေ့လာကြမည်ဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **(၄၀)မိနစ်**

- ကျောင်းသားများကို အုပ်စု ၃ စုခွဲ၍ လယ်ယာကဏ္ဍအတွက် လိုအပ်မည့် သွင်းအားစုများကို အုပ်စုလိုက်ဆွေးနွေးပါစေ။ ဆွေးနွေးရရှိချက်များကို အုပ်စုလိုက်တင်ပြပါစေ။ မြန်မာ့လယ်ယာကဏ္ဍ၏ အဓိကသွင်းအားစုများကို အကျဉ်းချုံ့၍ရှင်းလင်းသင်ကြားပါ။

**လေ့ကျင့်ခြင်း** **(၄၅)မိနစ်**

- ကျောင်းသုံးစာအုပ်ကို အသုံးပြု၍သွင်းအားစု ၃ မျိုးစီကို ခွဲဝေပေးပြီး လေ့လာဆန်းစစ်၍ တင်ပြပါစေ။ လိုအပ်သည်များကို ဖြည့်စွက်ရှင်းပြပေးပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၄၅)မိနစ်**

- မြန်မာ့လယ်ယာကဏ္ဍ၏သွင်းအားစုများတွင် အရေးအပါဆုံးဟု သင်ထင်မြင်သည့်သွင်းအားစုကို ဖော်ပြပါ။ အဘယ်ကြောင့်ဖြစ်ကြောင်း ရှင်းလင်းပါ။

**ရည်ညွှန်းချက်-ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၈၈ နှင့် ၈၉)မှ အဓိကအချက်များကို အသုံးပြု၍ သင်ကြားရန်။**

DBE BOX - Copyright Protected

## ၆.၄။ အခြားကဏ္ဍများနှင့်ဆက်စပ်မှု

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာ့လယ်ယာကဏ္ဍနှင့် အခြားစီးပွားရေးကဏ္ဍများ ဆက်စပ်မှုကို ခွဲခြမ်းစိတ်ဖြာရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုခွဲပါ။ မြန်မာနိုင်ငံလယ်ယာကဏ္ဍ၏ အဓိက ထုတ်ကုန်များ၊ သွင်းအားစုများနှင့် လယ်ယာကဏ္ဍ၏အရေးပါမှုတို့ကို အုပ်စုလိုက်ပြန်လည် ဆွေးနွေးပါစေ။ ထို့နောက် လယ်ယာကဏ္ဍသည် အခြားသောကဏ္ဍများနှင့် မည်သို့ဆက်စပ်နေ သည်ကို သင်ကြားလေ့လာမည်ဖြစ်ကြောင်းရှင်းပြပါ။

**သင်ကြားခြင်း** **(၃၅)မိနစ်**

- ကျောင်းသားများအား လယ်ယာကဏ္ဍမှ ထုတ်ကုန်များကို မည်သည့်နေရာများတွင် အသုံးပြု သနည်း၊ လယ်ယာကဏ္ဍအတွက် လိုအပ်သောသွင်းအားစုများကို မည်သည့်နေရာက ရရှိ သနည်းဟူသော မေးခွန်းကိုမေးမြန်းပါ။
- ရသောအဖြေကို သင်ပုန်းတွင်ရေးပြီး ဆက်စပ်နေသည့်ကဏ္ဍများကို ကျောင်းသားများအား ဖော်ထုတ်ပါစေ။ ကျောင်းသုံးစာအုပ်ကို လေ့လာစေပြီး စာအုပ်ပါအချက်များနှင့်တိုက်ဆိုင် စစ်ဆေးပါစေ။

**လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ အနာဂတ်ကာလတွင် စက်မှုကဏ္ဍမှ လုပ်သားလိုအပ်ချက်ကို လယ်ယာလုပ်သားများအား ပြောင်းရွှေ့အသုံးပြုရာတွင် မည်သည့် အချက် လိုအပ်ပါသနည်းဟူသော မေးခွန်းကိုမေးမြန်းပါ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့တင်ပြပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၂၀)မိနစ်**

- မြန်မာ့လယ်ယာကဏ္ဍနှင့် အခြားစီးပွားရေးကဏ္ဍများ၏ ဆက်စပ်မှုကို ဖြေဆိုပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၉၀) မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## ၆.၅။ သားငါးကဏ္ဍ

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံ၏စီးပွားရေးတွင် သားငါးကဏ္ဍ၏ပါဝင်မှုနှင့် အရေးပါမှုကိုခွဲခြမ်းစိတ်ဖြာရှင်းပြ တတ်ရန်

DBE BOX - Copyright Protected

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- ကျောင်းသားအရေအတွက်ပေါ် မူတည်၍အုပ်စုဖွဲ့ပေးပါ။ ထို့နောက်အခန်း(၅)တွင် မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍ ၁၄ ခု၊ မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုအဆောက်အအုံ၊ GDPတွင် ကဏ္ဍအလိုက်ပါဝင်မှု အချိုးအစားတို့ကို သိရှိပြီးဖြစ်သဖြင့် ပထမဆင့်ကဏ္ဍတွင် ပါဝင်သည့် သားငါးကဏ္ဍအကြောင်း သိရှိသမျှပြောပါစေ။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- သားငါးကဏ္ဍတွင်ပါဝင်သည့် တိရစ္ဆာန်မွေးမြူရေး ထုတ်ကုန်များကို မည်သည့်နေရာတွင် အသုံးပြုသနည်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတိုးတက်လာစေရန် အစိုးရကမည်သို့ဆောင်ရွက်ပေးသနည်း ဟူသောမေးခွန်းကို ကျောင်းသားများအား မေးမြန်းပါမည်။
- အဖြေများနှင့် ကျောင်းသုံးစာအုပ်ပါအချက်အလက်များနှင့် ကိုက်ညီမှုရှိ မရှိ ကျောင်းသားများအား ပြန်လည်စစ်ဆေးပါစေ။ လိုအပ်ချက်များကို ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို အုပ်စုဖွဲ့ပါ။ ဇယား(၆. ၇)၊ (၆. ၈) နှင့် (၆. ၉) တို့ကိုလေ့လာပြီး မျက်မှောက်ကာလတိရစ္ဆာန်မွေးမြူရေးနှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှုအခြေအနေကို ဆွေးနွေးပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့ တင်ပြပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- မြန်မာနိုင်ငံ၏ GDP တွင် သားငါးကဏ္ဍ၏ ပါဝင်မှုနှင့်အရေးပါမှုကို သုံးသပ်ဖြေဆိုပါ။

**ရည်ညွှန်းချက်−ကျောင်းသုံးစာအုပ်၏စာမျက်နှာ(၉၃)မှ အဓိကအချက်များကိုအသုံးပြု၍သင်ကြားရန်။**

**၆.၆။ ရေလုပ်ငန်း**

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံ၏စီးပွားရေးတွင် ရေလုပ်ငန်းကဏ္ဍ၏ပါဝင်မှုကို ခွဲခြမ်းစိတ်ဖြာရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့၍ မြန်မာနိုင်ငံတွင် ရေလုပ်ငန်းလုပ်ကိုင်သည့် ဒေသများ၊ ထုတ်ကုန်များကို ဆွေးနွေးပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- သားငါးကဏ္ဍတွင်ပါဝင်သည့် ရေလုပ်ငန်းထုတ်ကုန်များကို ထုတ်လုပ်သည့်နေရာဒေသများနှင့် ငါးဖမ်းလုပ်ငန်းအတွက် လိုအပ်သည်များကို ကျောင်းသားများအား မေးမြန်းပါမည်။

DBE BOX Copyright Protected

- အဖြေများနှင့် ကျောင်းသုံးစာအုပ်ပါအချက်အလက်များနှင့် ကိုက်ညီမှုရှိ မရှိ ကျောင်းသားများအား ပြန်လည်စစ်ဆေးပါစေ။ လိုအပ်ချက်များကို ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို အုပ်စုဖွဲ့ပါ။ ထို့နောက်ကျောင်းသားများကို ရေလုပ်ငန်းကဏ္ဍ၏ အရေးပါမှုကို အချင်းချင်းဆွေးနွေးဖြေဆိုပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ၂၀၁၀-၁၁ ခုနှစ် မှ ၂၀၁၆-၁၇ ခုနှစ် အထိ ရေချိုရေငန်ငါးပုစွန် ထုတ်လုပ်မှုအခြေအနေကို သုံးသပ်ဖြေဆိုပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၉၆)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**အခန်း(၆)ကို ပြန်လည်ဆန်းစစ်ခြင်း**

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

- အောက်ပါပုံပြဇယားတွင် ကွက်လပ်ထား၍ လိုအပ်သောအချက်များကို ဖြည့်ခိုင်းပြီး အခန်း(၆)တွင် သင်ယူခဲ့သည့် အကြောင်းအရာများကိုပြန်လည်သုံးသပ်ပါ။




---

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

## လေ့ကျင့်ခန်းများ



၁။ အောက်ပါမေးခွန်းများကို မှား မှန် ရွေးပါ။

(က) လယ်ယာကဏ္ဍ နှင့် သားငါးကဏ္ဍ တို့သည် ယေဘုယျအားဖြင့် မြန်မာနိုင်ငံ၏ အစားအစာလိုအပ်ချက် အားလုံးနီးပါးကို ဖြည့်စွမ်းပေးနိုင်သည်။

(ခ) မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံမှာ ပဲမျိုးစုံဖြစ်သည်။

(ဂ) မြန်မာနိုင်ငံစီးပွားရေးအဆောက်အအုံ တိုးတက်မှုတွင်အရေးပါသော မတည်အရင်းအနှီး ကိရိယာများ၊ ကုန်ကြမ်းများနှင့် စားသုံးကုန်စည်များကို လယ်ယာကဏ္ဍ၏ ပို့ကုန်များ တင်ပို့ ရောင်းရငွေများဖြင့် ဝယ်ယူရသည်။

(ဃ) ရေချိုငါး၊ ပုစွန်ထုတ်လုပ်မှုတွင် မြစ်ချောင်းများမှ ထုတ်လုပ်မှုသည် အများဆုံးဖြစ်ပါသည်။

(င) ရေငန်ငါးထုတ်လုပ်မှုတွင် ကမ်းဝေးထုတ်လုပ်မှုက ကမ်းနီးထုတ်လုပ်မှုထက် ပိုမိုထုတ်လုပ် နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) ပဲမျိုးစုံအနက် မတ်ပဲ၊ ပဲတီစိမ်း နှင့် ပဲစင်းငုံတို့သည် အရေးအပါဆုံးဖြစ်သည်။



၂။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) မြေ၊ ရေ၊ လုပ်သား ၊ မျိုးစေ့၊ ခိုင်းကျွဲနွား၊ လယ်ယာသုံးစက်ကိရိယာ၊ ဓာတ်မြေဩဇာ၊ ပိုးသတ် ဆေးနှင့် စိုက်ပျိုးစရိတ်ငွေတို့သည် လယ်ယာကဏ္ဍ၏အဓိက ------------------များ ဖြစ်သည်။

(ခ) ၂၀၁၀-၂၀၁၁ ခုနှစ်တွင် အသားတင်စိုက်ပျိုးမြေစုစုပေါင်း၏------------------ရာခိုင်နှုန်း သည် ရေသွင်းစိုက်ပျိုးသည့် ဧရိယာဖြစ်သည်။

(ဂ) ------------------ အသုံးပြုခြင်းသည် သီးနှံအထွက်တိုးစေသော်လည်း မြေဆီလွှာ အသုံးပြု သူများနှင့် စားသုံးသူများတွင် အခြားသောဘေးထွက်ဆိုးကျိုးများ ကျရောက်နိုင်ပါသည်။

(ဃ) သဘာဝမြေဩဇာများမှာ သစ်ရွက်စိမ်း၊ တိရစ္ဆာန်တို့၏ ------------------ များမှ ရရှိနိုင် ပါသည်။

(င) မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ဒီဇယ်ဝယ်ယူရန်နှင့် လုပ်အားခပေးရန် ချေးပေးသော ချေးငွေများကို ------------------ဟုခေါ်သည်။

(စ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်မှုတိုးတက်လာခြင်းသည် ပြည်တွင်း စားနပ် ရိက္ခာကို ဖူလုံအောင်ဖြည့်စွမ်းပေးနိုင်ရုံသာမက ------------------ ကိုလည်း တိုးတက် စေပါသည်။

(ဆ) ငါးမွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းကို ------------------ ဟုလည်းခေါ်ပါသည်။

DBE BOX - Copyright Protected

Option

၃။ အဖြေမှန်ရွေးပါ။

(က) စက်မှုကုန်ကြမ်းထုတ်ကုန်များမှာ (က) ကြက်ပေါင်စေး (ခ) စပါး (ဂ) သဘာဝဓာတ်ငွေ့ တို့ ဖြစ်သည်။

(ခ) စက်မှုကဏ္ဍမှ လုပ်သားများလိုအပ်မှုကို လယ်ယာကဏ္ဍမှလယ်ယာလုပ်သားများပြောင်းရွှေ့နိုင်သည်ဖြစ်ရာ တောင်သူလယ်သမားများ၏ (က) နည်းပညာ (ခ) ကျွမ်းကျင်မှု (ဂ) ထုတ်လုပ်မှုစွမ်းအား လျင်မြန်စွာတိုးတက်ရန် လိုအပ်ပါသည်။

(ဂ) အခြားကဏ္ဍများမှ လယ်ယာကဏ္ဍ၏ ဝယ်ယူမှုကို အုပ်စု (က) နှစ်စု (ခ) သုံးစု (ဂ) လေးစု ခွဲခြားနိုင်ပါသည်။

(ဃ) (က) ဧရာဝတီတိုင်းဒေသကြီး (ခ) ရခိုင်ပြည်နယ် (ဂ) တနင်္သာရီတိုင်းဒေသကြီး မှ စုစုပေါင်းငါး၊ ပုစွန် အများဆုံးထုတ်လုပ်ပေးနေပါသည်။

(င) အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေပြင်ပိုင်နက်ဥပဒေအရ မြန်မာ့ရေပိုင်နက်သည် ၁၂ မိုင် ရှိပြီး ပင်လယ်ရေပြင်ပိုင်နက် သီးသန့်စီးပွားရေးဇုန်သည် ပင်လယ်ကမ်းရိုးတန်းမှ (က) မိုင် ၁၅၀ (ခ) မိုင် ၂၀၀ (ဂ) မိုင် ၂၅၀ သတ်မှတ်ထားပါသည်။

၄။ အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

(က) မြန်မာ့လယ်ယာထွက်ကုန်များအနက် မည်သည့်သီးနှံသည် အရေးအကြီးဆုံးဖြစ်သည်ကို ဖော်ပြ၍ ယင်းသီးနှံ၏စိုက်ပျိုးဧရိယာနှင့် အထွက်ကို ဆွေးနွေးဖော်ထုတ်ပြပါ။

(ခ) လယ်ယာကဏ္ဍသည် အခြားစီးပွားရေးကဏ္ဍများနှင့် မည်သို့ဆက်စပ်လျက်ရှိသည်ကို ဥပမာများဖြင့် ကိုးကားတင်ပြပါ။

(ဂ) ရေလုပ်ငန်းဆိုသည်မှာအဘယ်နည်း။ ယင်းလုပ်ငန်းအကြောင်းကို မြန်မာနိုင်ငံ၏ မည်သည့်ဒေသများတွင် လုပ်ကိုင်နေကြောင်းရှင်းလင်းဖြေဆိုပါ။

(ဃ) ယခုအခါ လယ်ယာနှင့်သားငါးကဏ္ဍများသည် နိုင်ငံ၏စီးပွားရေးအဆောက်အအုံတွင် ပါဝင်မှုအချိုးအစားအများဆုံး မဟုတ်သော်လည်း ထုတ်လုပ်မှုပမာဏတိုးတက်လျက်ရှိနေခြင်းသည် အဘယ်ကြောင့်ဟု သင်ထင်သနည်း။ သင်၏ထင်မြင်ယူဆချက်ကို အချက် ၃ ချက်ခန့်ဖြင့် ဝေဖန်သုံးသပ်ပြပါ။

DBE BOX - Copyright Protected

# အခန်း(၇)
# မြန်မာနိုင်ငံ၏သစ်တောကဏ္ဍ
# Forestry Sector of Myanmar

**စာသင်ချိန်(၈)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ယူမှုရလဒ်များ**

- မြန်မာနိုင်ငံသစ်တောကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုပမာဏ၊ သစ်တောထွက်ထုတ်ကုန်များ၏ ထုတ်လုပ်မှုပမာဏ၊ အသုံးပြုသောသွင်းအားစုများကို ရှင်းပြတတ်ပြီး အခြားစီးပွားရေးကဏ္ဍများနှင့် ဆက်စပ်ပုံ၊ မြန်မာ့စီးပွားရေးတွင်အရေးပါပုံတို့ကို ဝေဖန်သုံးသပ်နိုင်မည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- စာရင်းဇယားများ၊ သစ်တောနှင့်သက်ဆိုင်သောဂျာနယ်များ၊ သတင်းစာများရှာဖွေဖတ်ရှုထားပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- သစ်တောကဏ္ဍ၏ အရေးပါမှုအကြောင်းကို အချင်းချင်းအပြန်အလှန်ဆွေးနွေးခြင်း၊ အုပ်စုလိုက် ဆောင်ရွက်တတ်ခြင်းစသည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများကို ရရှိစေမည်။

## ၇.၁။ သစ်တောကဏ္ဍ၏အရေးပါမှု

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- သစ်တောကဏ္ဍ၏အရေးပါမှုကိုသိရှိပြီး သစ်တောထိန်းသိမ်းခြင်းသည် နိုင်ငံအတွက်အရေးပါကြောင်းသိရှိပြီး လိုက်နာဆောင်ရွက်နိုင်ရန်

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- ကျောင်းသားအရေးအတွက်ပေါ်မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ထို့နောက်အခန်း(၅)တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ၁၄ ခု၊ မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုအဆောက်အအုံ၊ GDPတွင်ကဏ္ဍအလိုက် ပါဝင်မှုအချိုးအစားတို့ကို သိရှိပြီးဖြစ်သဖြင့် ပထမအဆင့်ကဏ္ဍတွင်ပါဝင်သည့် သစ်တောကဏ္ဍအကြောင်း သိရှိသမျှပြောပါစေ။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများကို အုပ်စု ၃ စုခွဲ၍ သစ်တောဖုံးလွှမ်းမှုအခြေအနေ၊ သစ်တောအခြေအနေနှင့် သစ်တောထိန်းသိမ်းမှုအခြေအနေတို့ကို ကျောင်းသုံးစာအုပ်ကိုအသုံးပြု၍ လေ့လာဆန်းစစ်ပါစေ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ တင်ပြပါစေ။ လိုအပ်သည်များကို ဖြည့်စွက်ရှင်းပြပေးပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- မြန်မာ့သစ်တောကဏ္ဍ၏ အရေးပါမှုအခြေအနေကိုသုံးသပ်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၀၂)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**၇.၂။ သစ်တောကဏ္ဍ၏အဓိကထုတ်ကုန်များ**

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- နိုင်ငံစီးပွားရေးတွင် သစ်တောထုတ်ကုန်များ၏ ပါဝင်မှုအခြေအနေကိုသိရှိရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကျောင်းသားများအား သစ်တောကဏ္ဍ၏ထုတ်ကုန်များကို သိသလောက်ဖြေဆိုပါစေ။ ၎င်းတို့၏ရလဒ်မှ မည်သည်တို့သည် အဓိကထုတ်ကုန်များဖြစ်သည်ကို မေးမြန်းပါ။ ကျောင်းသုံးစာအုပ်နှင့် တိုက်ကြည့်ပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- ကျွန်းသစ်နှင့် သစ်မာထုတ်လုပ်မှု ခုတ်လှဲမှုနှင့် သစ်စက်သို့ရောက်ရှိ၍ အခြားသစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှုတို့ကို ကျောင်းသုံးစာအုပ်ကို အသုံးပြု၍ ရှင်းလင်းသင်ကြားပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများအား မိမိတို့ဒေသ၏ သစ်တောထုတ်ကုန်များသည် နိုင်ငံစီးပွားရေးတွင် မည်သည့်အနေအထားဖြင့် ပါဝင်နေကြောင်း မှတ်စုတွင်ရှင်းလင်းရေးသားပါစေ။

သို့မဟုတ်

- ကျောင်းသားကျောင်းသူများကို အုပ်စု ၄ စုခွဲ၍ မြန်မာနိုင်ငံသစ်တောကဏ္ဍ၏ ထုတ်ကုန်များအကြောင်း ဆွေးနွေးဖော်ပြပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- သစ်ထုတ်လုပ်မှုဖြစ်စဉ်ကို ရေးသားဖော်ပြပြီး သစ်ထုတ်လုပ်မှုပမာဏ အတက်အကျရှိခြင်းအကြောင်းရင်းကို စိစစ်ဖော်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၀၆)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX - Copyright Protected

## ၇.၃။ သစ်တောကဏ္ဍ၏ သွင်းအားစုများ

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- သစ်ပင်များသည် ပြန်လည်ဖြည့်ဆည်းနိုင်သော သဘာဝသယံဇာတများဖြစ်သော်လည်း သွင်းအားစုများဖြည့်ဆည်းရန်လိုအပ်ကြောင်း နားလည်သဘောပေါက်စေရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကျောင်းသားများအား သစ်ပင်များကိုခုတ်လှဲပြီးပါက ပြန်လည်စိုက်ပျိုးနိုင်ခြင်းရှိမရှိ မေးမြန်းပါ။ ထို့နောက် သစ်ပင်များသည် ပြန်လည်ဖြည့်ဆည်းနိုင်သော သဘာဝသယံဇာတ ပစ္စည်းများဖြစ်သော်လည်း သစ်တောထိန်းသိမ်းရေးလုပ်ငန်းနှင့် သွင်းအားစုပစ္စည်းများ ဖြည့်ဆည်းရန်လိုအပ်ကြောင်းရှင်းပြပါ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို အုပ်စု ၃ စု ဖွဲ့၍ ကျောင်းသုံးစာအုပ်ကိုအသုံးပြု၍ ရှာဖွေ လေ့လာပြီး သစ်တောကဏ္ဍအတွက်လိုအပ်မည့်သွင်းအားစုများကို အုပ်စုလိုက်ဆွေးနွေးပါစေ။

**လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ဆွေးနွေးရရှိချက်များကို အုပ်စုလိုက်တင်ပြပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့၍ သစ်တောထိန်းသိမ်းရေးလုပ်ငန်းနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတို့ကြောင့် ရရှိသောအကျိုးကျေးဇူးများကို အုပ်စုတစ်စုလျှင် အကြောင်းအရာတစ်ခုကို ဆွေးနွေးစေပြီး အတန်းသို့ ကိုယ်စားလှယ်တစ်ဦးစီက တင်ပြပါစေ။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- ၂၀၁၀-၁၁ ခုနှစ်မှ ၂၀၁၆-၁၇ ခုနှစ်အထိ မြန်မာ့သစ်တောစိုက်ခင်းများပြုစုပျိုးထောင်ခြင်းကို စိစစ်သုံးသပ်ပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- မြန်မာ့သစ်တောကဏ္ဍ၏ သွင်းအားစုကို ဖော်ပြရှင်းလင်းပါ။
- သစ်တောပြုန်းတီးမှုမရှိစေရန် မည်သည့်လုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြပါ။

**ရည်ညွှန်းချက်−ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၁၀)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX Copyright Protected

## ၇.၄။ အခြားစီးပွားရေးကဏ္ဍများနှင့်ဆက်စပ်ပုံ

**စာသင်ချိန်(၁)ချိန် (၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံ၏စီးပွားရေးတွင် သစ်တောကဏ္ဍ၏အရေးပါပုံကို အခြားစီးပွားရေးကဏ္ဍများနှင့် ဆက်စပ်မှုကိုကြည့်ခြင်းဖြင့် သိရှိနိုင်ရန်

**သင်ခန်းစာမိတ်ဆက် (၅)မိနစ်**

- သစ်တောကဏ္ဍ၏ အဓိကထုတ်ကုန်များနှင့် သွင်းအားစုများကို ကျောင်းသားအားများအား ပြန်လည်ပြောကြားပါစေ။ ထို့နောက် သစ်တောကဏ္ဍနှင့် အခြားစီးပွားရေးကဏ္ဍများ ဆက်စပ်မှုကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏စီးပွားရေးတွင် သစ်တောကဏ္ဍမည်မျှအရေး ပါသည်ကို သိရှိနိုင်ကြောင်း ရှင်းလင်းပါ။

**သင်ကြားခြင်း (၁၀)မိနစ်**

- ကျောင်းသားများကို သစ်တောကဏ္ဍမှထုတ်ကုန်များကို မည်သည့်နေရာများတွင် အသုံးပြုသနည်းဟူသောမေးခွန်းကို မေးမြန်းပါ။ ရသောအဖြေကို သင်ပုန်းတွင်ရေးပြီး ဆက်စပ်နေသည့်ကဏ္ဍများကို ဖော်ထုတ်ပါစေ။

**လေ့ကျင့်ခြင်း (၁၅)မိနစ်**

- သစ်တောကဏ္ဍနှင့် အခြားစီးပွားရေးကဏ္ဍများ၏ ဆက်စပ်မှုကို ကျောင်းသုံးစာအုပ်ကို ကြည့်ရှု၍ဖြေဆိုပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၁၅)မိနစ်**

- သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာပါက နိုင်ငံစီးပွားရေး တိုးတက်လာနိုင်ကြောင်း သုံးသပ်ဖြေဆိုပါ။


**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၁၂)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX - Copyright Protected

**အခန်း(၇)ကို ပြန်လည်ဆန်းစစ်ခြင်း**

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

- မြန်မာနိုင်ငံသစ်တောကဏ္ဍ၏ အခြေအနေကို ကျောင်းသားများနှင့်အတူ ဖော်ထုတ်သုံးသပ်ပါ။
- အောက်ပါပုံပြဇယားတွင် ကွက်လပ်ထား၍ လိုအပ်သောအချက်များကို ဖြည့်ခိုင်းပြီး အခန်း(၇)တွင် သင်ယူခဲ့သည့် အကြောင်းအရာများကိုပြန်လည်သုံးသပ်ပါ။




---

**စာသင်ချိန် ၂ချိန်** **(၉၀)မိနစ်**

## လေ့ကျင့်ခန်းများ

၁။ အောက်ပါမေးခွန်းများကို မှား မှန် ရွေးပါ။

(က) သစ်တောထွက်ပစ္စည်းများသည် မြန်မာနိုင်ငံ၏အရေးပါသော ပို့ကုန်တစ်မျိုးဖြစ်ပါသည်။

(ခ) ကျွန်းသစ်များကိုခုတ်လှဲပြီးသည်မှ သစ်စက်များရှိရာသို့ရောက်သည်အထိ အနည်းဆုံး ၃ နှစ် ခန့်ကြာသည်ဟု ခန့်မှန်းထားသည်။

(ဂ) သစ်တောများပြုန်းတီးမသွားစေရန်နှင့်စနစ်တကျခုတ်လှဲရေးကိစ္စများကို အစိုးရမှ တာဝန်ယူ ဆောင်ရွက်ခြင်းများ မပြုလုပ်ပါ။

(ဃ) သစ်တောထွက်ပစ္စည်းများ ရေရှည်ထုတ်လုပ်နိုင်ရေးအတွက် ပဝတ္တိမျိုးဆက်နည်းဖြင့် သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

(င) သစ်ခုတ်၊ သစ်ထုတ်၊ သစ်တိုက်လုပ်ငန်းများတွင် လောင်စာ၊ စက်ကိရိယာအပိုပစ္စည်းများ စသည်တို့သည် သာမန်သွင်းအားစုများအနေဖြင့် လိုအပ်သည်။

၂။ အောက်ပါကွက်လပ်များကိုဖြည့်စွက်ပါ။

(က) သစ်တောသည် မြန်မာနိုင်ငံ၏အရေးပါသော -------------------- တစ်ခုဖြစ်သည်။

(ခ) ၂၀၁၆-၂၀၁၇ ခုနှစ် မြန်မာနိုင်ငံစုစုပေါင်းမြေဧရိယာ၏ ------------------ရာခိုင်နှုန်းသည် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

(ဂ) ကျွန်းစိုများထုတ်ယူခြင်းသည် ထုတ်လုပ်သည့်အချိန်ကို လျှော့နည်းစေသော်လည်း ------ ကို ပိုမိုမြင့်မားစေသည်။

(ဃ) ခုတ်လှဲလိုက်သည့်အပင်များနေရာတွင် အပင်အသစ်များကို တစ်ဖန်ပြန်လည် စိုက်ပျိုးနိုင်သော ကြောင့် သစ်တောများသည် --------------------သဘာဝသယံဇာတပစ္စည်းများဖြစ်သည်။

(င) သစ်တောပစ္စည်းများ ရေရှည်ထုတ်လုပ်နိုင်ရေးအတွက် ------------------- နည်းဖြင့် သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းပြုလုပ်သည်။

(စ) နိုင်ငံခြားဝင်ငွေ ရရှိစေရန်အတွက် ပဲခူးရိုးမရှိ ------------------- သစ်တောစခန်းနှင့် ပုပ္ပါးတောင်အဆင့်မြင့်အနားယူစခန်းတို့ကို သဘာဝအခြေခံခရီးသွားလုပ်ငန်းများအဖြစ် ဆောင်ရွက်ထားသည်။

၃။ အဖြေမှန်ရွေးပါ။

(က) သစ်တောထိန်းသိမ်းရေးလုပ်ငန်းသည် မြန်မာနိုင်ငံသစ်တောကဏ္ဍအတွက် အရေးပါသော (က) ကုန်ထွက် (ခ) ထုတ်ကုန် (ဂ) သွင်းအားစုတစ်ခု ဖြစ်သည်။

(ခ) တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ခြင်းနှင့်သဘာဝနယ်မြေများထိန်းသိမ်း ခြင်းလုပ်ငန်းများကိုအမျိုးသားဥယျာဉ် (က) ၅ခု (ခ) ၆ခု (ဂ) ၇ခု သတ်မှတ်၍ ထိန်းသိမ်း စောင့်ရှောက်ထားသည်။

(ဂ) သစ်တောစိုက်ခင်းများပြုစုပျိုးထောင်ရာတွင် ထင်းမီးသွေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် (က) ကျေးရွာစိုက်ခင်း (ခ) စီးပွားရေးစိုက်ခင်း (ဂ) စက်မှုကုန်ကြမ်းစိုက်ခင်း အဖြစ်စိုက်ပျိုး ထားသည်။

(ဃ) ၂၀၀၁ ခုနှစ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်စေရန်အတွက် (က) ၂၀နှစ် (ခ) ၂၅နှစ် (ဂ) ၃၀နှစ် နှစ်ရှည်ဘက်စုံစီမံကိန်း ချမှတ်ခဲ့သည်။

(င) သစ်ထုတ်လုပ်ရေးလုပ်ငန်းများတွင်လိုအပ်သောသာမန်သွင်းအားစုများတွင် (က) လောင်စာ (ခ) ဆင်၊ ကျွဲ (ဂ) ထရပ်ကားသည် တစ်ခုအပါအဝင်ဖြစ်သည်။



DRE BOX - Copyright Protected

၄။ အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

(က) သစ်တောကဏ္ဍသည် မြန်မာ့စီးပွားရေးအဆောက်အအုံတွင် အရေးပါသည်ကို မည်သည့်အချက်များက ပေါ်လွင်စေသနည်း။ ယင်းအချက်များကို ဖော်ထုတ်ဆွေးနွေးပါ။

(ခ) မြန်မာနိုင်ငံ သစ်တောကဏ္ဍ၏ အဓိကထုတ်ကုန်များအကြောင်းကို ရှင်းပြပါ။

(ဂ) သစ်ထုတ်လုပ်ရေးလုပ်ငန်းသည် အချိန်ယူထုတ်လုပ်ရသော လုပ်ငန်းဖြစ်ကြောင်းကို ထုတ်လုပ်မှု အဆင့်များဖြင့် သရုပ်ဖော်သုံးသပ်ပြပါ။

(ဃ) သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို သစ်တောကဏ္ဍ၏ သွင်းအားစုတစ်ခုအဖြစ် အဘယ်ကြောင့် သတ်မှတ်သည်ကို ကျိုးကြောင်းပြ၍ဖြေဆိုပါ။

(င) သစ်တောကဏ္ဍသည် အခြားစီးပွားရေးကဏ္ဍများနှင့် မည်သို့ဆက်စပ်လျက်ရှိသည်ကိုရှင်းလင်းဖြေဆိုပါ။

(စ) သစ်တောကဏ္ဍတွင် လူသည်အလွန်အရေးပါသော လုပ်အားသွင်းအားစုဖြစ်ကြောင်း သစ်တောကဏ္ဍ၏ ပါဝင်ဆောင်ရွက်ရသော လုပ်ငန်းရှုထောင့်အမျိုးမျိုးဖြင့်သုံးသပ်တင်ပြပါ။

DBE BOX - Copyright Protected

# အခန်း(၈)
# မြန်မာနိုင်ငံ၏သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍနှင့်စွမ်းအင်ကဏ္ဍ
# Mining and Energy Sectors of Myanmar

**စာသင်ချိန်(၁၈)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ယူမှုရလဒ်များ**

- မြန်မာနိုင်ငံ၏ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့နှင့်စပ်လျဉ်း၍ အဓိက ထုတ်ကုန်များ၊ အသုံးပြုသောသွင်းအားစုများ၊ အခြားစီးပွားရေးကဏ္ဍများနှင့်ဆက်စပ်ပုံတို့ကို ဆွေးနွေးနိုင်ပြီး မြန်မာ့စီးပွားရေးတွင် အရေးပါမှုကိုသုံးသပ်နိုင်မည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- စာရင်းဇယားများ၊ သတ္တုတွင်းထွက်ပစ္စည်းနှင့်စွမ်းအင်ဆိုင်ရာ ဂျာနယ်များ၊ သတင်းစာများ ရှာဖွေဖတ်ရှုစဉ်းစားထားပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့နှင့် စပ်လျဉ်း၍ အချင်းချင်းအပြန်အလှန် ဆွေးနွေးခြင်း၊ အုပ်စုလိုက်ဆောင်ရွက်တတ်ခြင်း စသည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ ကို ရရှိစေမည်။

## ၈.၁။ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ အဓိကထုတ်ကုန်များ

**စာသင်ချိန်(၃)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ အဓိကထုတ်ကုန်များကို ခွဲခြမ်းစိတ်ဖြာရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကျောင်းသားများအား သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်ကုန်များကို အုပ်စုလိုက်ဆွေးနွေးစေပြီး သင်ပုန်းတွင်ရေးသားပါစေ။ ထို့နောက် သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်ကုန်ပစ္စည်းများကို သတ္တုတွင်းထွက်များ၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများ၊ ပုလဲ၊ ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းများဟူ၍ ခွဲခြားနိုင်သည်ကို ရှင်းပြပါ။

**သင်ကြားခြင်း** **(၄၀)မိနစ်**

- ကျောင်းသားများကို အုပ်စု ၆ စုဖွဲ့၍ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု၊ သတ္တုထုတ်လုပ်မှု၊ တွင်းထွက်လောင်စာထုတ်လုပ်မှု၊ တွင်းထွက်စက်မှုကုန်ကြမ်း ထုတ်လုပ်မှု၊ အဖိုးတန်တွင်းထွက်ပစ္စည်းများထုတ်လုပ်မှု၊ ပုလဲနှင့် ဆားထုတ်လုပ်မှုအခြေအနေများကို

DBE BOX Copyright Protected

ကျောင်းသုံးစာအုပ်ကို အသုံးပြု၍ ရှာဖွေလေ့လာပြီး တိုးတက်မှုလျော့ကျမှု ဆောင်ရွက်ရန် လိုအပ်မှုများကို ဆန်းစစ်ပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့တင်ပြပါစေ။ ဆရာမှ လိုအပ်သည်များကို ဖြည့်စွက်ရှင်းပြပေးပါ။

**လေ့ကျင့်ခြင်း** **(၄၅)မိနစ်**

- ကျောင်းသားများကို အုပ်စုလိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု၊ သတ္တုထုတ်လုပ်မှု၊ တွင်းထွက်လောင်စာထုတ်လုပ်မှု၊ တွင်းထွက်စက်မှုကုန်ကြမ်းထုတ်လုပ်မှု၊ အဖိုးတန်တွင်းထွက်ပစ္စည်းများထုတ်လုပ်မှု၊ ပုလဲနှင့်ဆားထုတ်လုပ်မှု အခြေအနေကို ဘားဂရပ်သို့မဟုတ် လိုင်းဂရပ်ရေးဆွဲစေပြီး အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့တင်ပြပါစေ။ မှတ်စုစာအုပ်တွင် မှတ်သားပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၄၅)မိနစ်**

- မြန်မာနိုင်ငံစီးပွားရေးတွင် သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍထုတ်ကုန်ပစ္စည်းများ၏ အရေးပါမှု အခြေအနေကို သုံးသပ်ဖော်ပြပါ။

**ရည်ညွှန်းချက်−ကျောင်းသုံးစာအုပ်၏စာမျက်နှာ(၁၁၉)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**၈.၂။ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏သွင်းအားစုများ**

**စာသင်ချိန်(၃)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ သွင်းအားစုများကို သိရှိနိုင်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ အဓိကထုတ်ကုန်များကို ကျောင်းသားများ မှတ်မိသလောက် ပြောပါစေ။ ၎င်းတို့ထုတ်လုပ်ရန်သွင်းအားစုများ လိုအပ်သည်ကိုရှင်းပြပါ။

**သင်ကြားခြင်း** **(၄၀)မိနစ်**

- ကျောင်းသားများကို အုပ်စု ၄ စုဖွဲ့၍ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍအတွက် လိုအပ်မည့် သွင်းအားစုများကို အုပ်စုလိုက်ဆွေးနွေးပါစေ။ ကျောင်းသုံးစာအုပ်နှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရှုပါစေ။ ဆွေးနွေးရရှိချက်များကို အုပ်စုလိုက်တင်ပြပါစေ။

**လေ့ကျင့်ခြင်း** **(၄၅)မိနစ်**

- ကျောင်းသားများကိုအုပ်စု ၄ စုဖွဲ့၍ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ အဓိကသွင်းအားစု ၁ ခုစီကို လေ့လာဆန်းစစ်စေပြီး အုပ်စုတစ်စုမှ ၁ ဦးစီက ရှင်းလင်းပါစေ။

DBE BOX - Copyright Protected

**ပြန်လည်ဆန်းစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၄၅)မိနစ်**

- သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ သွင်းအားစုများတွင် အရေးပါဆုံးဟု သင်ထင်မြင်သည့် သွင်းအားစုကိုဖော်ပြပြီး အဘယ်ကြောင့်ဖြစ်ကြောင်း မှတ်စုစာအုပ်တွင်ရေးသားပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၂၁)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**၈.၃။ စွမ်းအင်ကဏ္ဍ၏ အဓိကထုတ်ကုန်များ**

**စာသင်ချိန်(၃)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍ အဓိကထုတ်ကုန်များကို ခွဲခြမ်းစိတ်ဖြာ ရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကျောင်းသားများကို စွမ်းအင်ကဏ္ဍမှထုတ်ကုန်များကို ဖြေဆိုပါစေ။ မြန်မာနိုင်ငံ၏GDPတွင် စွမ်းအင်ကဏ္ဍ၏ပါဝင်မှုအခြေအနေကို ကျောင်းသုံးစာအုပ်အခန်း ၅ တွင်ကြည့်ရှုပါစေ။

**သင်ကြားခြင်း** **(၄၀)မိနစ်**

- ဆရာက ဦးဆောင်၍ စွမ်းအင်ကဏ္ဍ၏ အဓိကထုတ်ကုန်များကို ကျောင်းသားများအား မေးမြန်းပါမည်။ ထုတ်ကုန်များကို မည်သည့်နေရာဒေသများတွင် ထုတ်လုပ်ရရှိသည်ကို ဆက်လက်မေးမြန်းပါမည်။

**လေ့ကျင့်ခြင်း** **(၄၅)မိနစ်**

- ကျောင်းသားများကို အုပ်စုဖွဲ့ပါ။ ဇယား ၈. ၄ ပါ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု အခြေအနေကို အုပ်စုလိုက်လေ့လာဆန်းစစ်စေပြီး အုပ်စုတစ်စုမှ တစ်ဦးစီက ရှင်းလင်းပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၄၅)မိနစ်**

- ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ထုတ်လုပ်ရရှိနိုင်သော ထုတ်ကုန်များကိုဖော်ပြပြီး မျက်မှောက်ကာလ စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှုအခြေအနေကို ဆန်းစစ်ပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၂၃)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**၈.၄။ စွမ်းအင်ကဏ္ဍ၏ သွင်းအားစုများ**

**စာသင်ချိန်(၃)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍ သွင်းအားစုများကို ခွဲခြမ်းစိတ်ဖြာရှင်းပြတတ်ရန်

DBE BOX - Copyright Protected

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- စွမ်းအင်ကဏ္ဍ၏ ထုတ်ကုန်များကို ကျောင်းသားများအား ပြန်လည်မေးမြန်းပါ။ ထိုထုတ်ကုန်များ ထုတ်လုပ်ရရှိရေးအတွက် သွင်းအားစုများကိုဆက်လက် သင်ကြားမည် ဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **(၄၀)မိနစ်**

- စွမ်းအင်ကဏ္ဍသွင်းအားစုများကို မည်သို့ရရှိပါသနည်းဟူသောမေးခွန်းကို ကျောင်းသားများအား မေးမြန်းပါမည်။ အဖြေများနှင့် ကျောင်းသုံးစာအုပ်ပါ အချက်အလက်များနှင့် ကိုက်ညီမှုရှိ မရှိ ကျောင်းသားများအား ပြန်လည်စစ်ဆေးပါစေ။ လိုအပ်ချက်များကို ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၄၅)မိနစ်**

- ကျောင်းသားများကို အုပ်စုဖွဲ့ပါ။ ထို့နောက်ကျောင်းသားများကို စွမ်းအင်ကဏ္ဍသွင်းအားစုများတွင် အရေးပါဆုံးဟု ထင်မြင်သည့် သွင်းအားစုကို လေ့လာဆန်းစစ်စေပြီး အုပ်စုတစ်စုမှ ၁ ဦးစီက ရှင်းလင်းပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၄၅)မိနစ်**

- စွမ်းအင်ကဏ္ဍအတွက် သွင်းအားစုများရရှိအောင်ဆောင်ရွက်ခဲ့မှုကို ဆန်းစစ်ဖြေဆိုပြီး မျက်မှောက်ကာလတွင် စွမ်းအင်နှင့်လျှပ်စစ်ဝန်ကြီးဌာန၏ဆောင်ရွက်မှုအခြေအနေကိုဖြေဆိုပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၂၄)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**၈.၅။ အခြားကဏ္ဍများနှင့်ဆက်စပ်မှု**

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- သတ္တုတွင်းထွက်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့နှင့် အခြားကဏ္ဍများဆက်စပ်မှု၊ မှီခိုနေမှုတို့ကို ခွဲခြမ်းစိတ်ဖြာရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၁၅)မိနစ်**

- ကျောင်းသားများကို သတ္တုတွင်းထွက်နှင့်စွမ်းအင်ကဏ္ဍတို့၏ မြန်မာ့စီးပွားရေးတွင်ပါဝင်မှုကို မှတ်မိသလောက် ပြန်လည်ဖြေဆိုပါစေ။ ထို့နောက် သတ္တုတွင်းထွက်နှင့်စွမ်းအင်ကဏ္ဍအနေဖြင့် အခြားကဏ္ဍများမှလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍမှ ထုတ်ကုန်များကို မည်သည့်နေရာများတွင် အသုံးပြုသနည်းဟူသောမေးခွန်းကို မေးမြန်းပါ။ ရသောအဖြေကို သင်ပုန်းတွင်ရေးပြီး ဆက်စပ်နေသည့်ကဏ္ဍများကို ကျောင်းသားများအား ဖော်ထုတ်ပါစေ။ ကျောင်းသုံးစာအုပ်ပါအချက်များနှင့် တိုက်ဆိုင်စစ်ဆေးပါ။

DRE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ အခြားကဏ္ဍများ၏ လိုအပ်ချက်ကို သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍမှ ဖြည့်ဆည်းပေးရာတွင် မည်သည့်အချက်များ လိုအပ်ပါသနည်း ဟူသောမေးခွန်းကို မေးမြန်းပါ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ တင်ပြပေးပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- စွမ်းအင်ကဏ္ဍမှ ထုတ်ကုန်များကို မည်သည့်နေရာများတွင် အသုံးပြုသနည်းဟူသောမေးခွန်းကို မေးမြန်းပါ။ ရသောအဖြေကို သင်ပုန်းတွင်ရေးပြီး ဆက်စပ်နေသည့်ကဏ္ဍများကို ကျောင်းသားများအား ဖော်ထုတ်ပါစေ။ ကျောင်းသုံးစာအုပ်ပါ အချက်များနှင့် တိုက်ဆိုင်စစ်ဆေးပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ အခြားကဏ္ဍများ၏လိုအပ်ချက်ကို စွမ်းအင်ကဏ္ဍမှ ဖြည့်ဆည်းပေးရာတွင် မည်သည့်အချက်များ လိုအပ်ပါသနည်းဟူသော မေးခွန်းကို မေးမြန်းပါ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့တင်ပြပေးပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**


- သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့မှ အခြားစီးပွားရေးကဏ္ဍများအတွက် ဖြည့်ဆည်းပေးမှုကို ဖြေဆိုပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၂၅–၁၂၆)မှ အဓိကအချက်များကို အသုံးပြု၍ သင်ကြားရန်။**

**အခန်း(၈)ကို ပြန်လည်ဆန်းစစ်ခြင်း**

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

- မြန်မာနိုင်ငံ၏ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍနှင့် စွမ်းအင်ကဏ္ဍ၏အခြေအနေကို ကျောင်းသားများနှင့်အတူ ဖော်ထုတ်မည်ဖြစ်ပါသည်။




DBE BOX - Copyright Protected

**စာသင်ချိန်(၃)ချိန်** **တစ်ချိန်(၄၅)မိနစ်**

# လေ့ကျင့်ခန်းများ

၁။ အောက်ပါမေးခွန်းများကို မှား မှန် ရွေးပါ။

(က) သတ္တုနှင့်တွင်းထွက်ပစ္စည်းများသည် ထုတ်ယူသုံးစွဲပြီးပါက ပြန်လည်ပြည့်ဖြိုးနိုင်သော သဘာဝအရင်းအမြစ်များဖြစ်သည်။

(ခ) သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍသည် စက်မှုကုန်ကြမ်းများ ထုတ်လုပ်ပေးသည့်အတွက် ဒုတိယအဆင့်ကဏ္ဍများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

(ဂ) မြန်မာ့ဆားလုပ်ငန်းသည်ဆားကြမ်း၊ ဆားချောနှင့် အပိုဓာတ်ဆားများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

(ဃ) မြန်မာနိုင်ငံတွင်မြိတ်ကျွန်းစုတွင်သာ ပုလဲမွေးမြူထုတ်လုပ်ပါသည်။

(င) ဘရိုက်တီးကျောက်သည်ဘိလပ်မြေ၊ မှန်၊ စက္ကူ၊ သကြားနှင့် သံမဏိထုတ်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းဖြစ်သည်။

၂။ အောက်ပါကွက်လပ်များကိုဖြည့်စွက်ပါ။

(က) ကြေးနီ၊ ခဲ၊ သွပ်၊ ခဲမဖြူ တို့သည် သံမဲ့သတ္တုများဖြစ်ပြီး ရွှေ၊ ငွေ၊ ပလက်တီနမ် တို့သည် ---------------- များဖြစ်သည်။

(ခ) ----------------သည် အားဖြည့်လောင်စာဖြစ်ပြီး သတ္တုမဟုတ်သော တွင်းထွက်တစ်မျိုးလည်းဖြစ်သည်။

(ဂ) သတ္တုတွင်းထွက်ပစ္စည်းများဖြစ်သည့် ခဲ၊ သွပ်၊ ငွေသတ္တုများကို ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ----------------မှ အဓိကတူးဖော်ရရှိသည်။

(ဃ) ဆောက်လုပ်ရေးကဏ္ဍတွင် အသုံးပြုသော အဓိကကုန်ကြမ်းများကို ----------------ကဏ္ဍမှ ရရှိသည်။

(င) စွမ်းအင်ကဏ္ဍမှ ထုတ်ကုန်တစ်မျိုးဖြစ်သော ------------ကို နိုင်ငံခြားသို့တင်ပို့ရောင်းချပြီး နိုင်ငံခြားငွေရှာဖွေပေးသည်။

DBE BOX - Copyright Protected

Option

၃။ အဖြေမှန်ရွေးပါ။

(က) သတ္တုမဟုတ်သော တွင်းထွက်များကို အဖိုးတန်တွင်းထွက်ရတနာများ၊ စက်မှုတွင်းထွက်ကုန်ကြမ်းနှင့် (က) ရေနံနှင့်သဘာဝဓာတ်ငွေ့ (ခ) သတ္တုရိုင်းများ (ဂ) ဆောက်လုပ်ရေးပစ္စည်းများဟု ခွဲခြားနိုင်သည်။

(ခ) ရေနံနှင့်သဘာဝဓာတ်ငွေ့သည် အားဖြည့်လောင်စာအမျိုးအစားဖြစ်ပြီး စွမ်းအင်ကို ထုတ်လုပ်ပေးသည့် (က) သတ္တု (ခ) သတ္တုမဟုတ်သော (ဂ) ပြန်လည်ပြည့်ဖြိုးနိုင်သော တွင်းထွက်ပစ္စည်းများဖြစ်သည်။

(ဂ) (က) သဘာဝဓာတ်ငွေ့ (ခ) ချောဆီ (ဂ) ရေနံစိမ်းသည် လျှပ်စစ်ဓာတ်အား၊ ယူရီးယားဓာတ်မြေဩဇာ၊ ဘိလပ်မြေစသည်တို့ ထုတ်လုပ်ရာတွင်အထူးအရေးပါသည်။

(ဃ) သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍသည် (က) အရင်းအနှီးပမာဏ (ခ) လူအင်အား (ဂ) လောင်စာမြောက်မြားစွာ သုံးစွဲရန်လိုအပ်သည့် စီးပွားရေးကဏ္ဍတစ်ခုဖြစ်သည်။

၄။ အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

(က) သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ အဓိကထုတ်ကုန်များကို ဖော်ပြဆွေးနွေးပါ။

(ခ) သတ္တုတွင်းထွက်ပစ္စည်းများကို ဒေသအလိုက်ထွက်ရှိမှုများကို ရှင်းပြပါ။

(ဂ) သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍနှင့်စွမ်းအင်ကဏ္ဍတို့သည် အခြားမည်သည့်ကဏ္ဍများနှင့် မည်သို့ဆက်စပ်မှုရှိသည်ကို ရှင်းပြဖြေဆိုပါ။

(ဃ) စွမ်းအင်ကဏ္ဍ၏ အဓိကထုတ်ကုန်များကို ဖော်ပြဆွေးနွေးပါ။

DREBOX - Copyright Protected

# အခန်း(၉)
# မြန်မာနိုင်ငံစက်မှုလုပ်ငန်းကဏ္ဍများ
# Industrial Sectors of Myanmar

**စာသင်ချိန်(၂၁)ချိန်** **တစ်ချိန်လျှင်(၄၅)မိနစ်**

**သင်ယူမှုရလဒ်များ**

- မြန်မာနိုင်ငံတွင် စက်မှုလုပ်ငန်းကဏ္ဍများ၏ စုစုပေါင်းထုတ်လုပ်မှု၊ အဓိကထုတ်ကုန်များ၊ အသုံးပြုသောသွင်းအားစုများ၊ အခြားစီးပွားရေးကဏ္ဍများနှင့် ဆက်စပ်ပုံတို့ကို ဆွေးနွေးနိုင်ပြီး မြန်မာ့စီးပွားရေးတွင် အရေးပါသည်ကို သုံးသပ်နိုင်မည်။

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- စက်မှုလုပ်ငန်းကဏ္ဍနှင့် ပတ်သက်သည့် ဂျာနယ်များ ၊ စာစောင်များကို ရှာဖွေဖတ်ရှုထားပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- စက်မှုလုပ်ငန်းကဏ္ဍ၏ ထုတ်ကုန်များ၊ ဆက်စပ်သည့် လုပ်ငန်းကဏ္ဍများအပြင် ၎င်းတို့နှင့် စပ်လျဉ်းသည့် စာရင်းအင်းများအကြောင်းကို အချင်းချင်းအပြန်အလှန် ဆွေးနွေး ဆက်သွယ်ပြောဆိုခြင်းဖြင့် အုပ်စုလိုက်ဆောင်ရွက်တတ်ခြင်း၊ ကြောင်းကျိုးဆက်စပ် စဉ်းစားခြင်းစသည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများကို ရရှိစေမည်။

**၉.၁။ မြန်မာနိုင်ငံစက်မှုလုပ်ငန်းကဏ္ဍများ၏အရေးပါမှု**

**၉.၂။ မြန်မာနိုင်ငံတွင်စက်မှုထူထောင်ရန်လိုအပ်ခြင်း**

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံ စက်မှုလုပ်ငန်းကဏ္ဍများတွင်ပါဝင်သည့် ကဏ္ဍများကိုခွဲခြား၍ သဘာဝခြင်း မတူညီပုံကို ရှင်းပြတတ်ရန်
- ဒုတိယအဆင့်ကဏ္ဍတွင် ပါဝင်သောစက်မှုလုပ်ငန်းကဏ္ဍများ၏ လုပ်ငန်းသဘာဝများကိုဖော်ပြတတ်ရန်
- မြန်မာနိုင်ငံတွင် စက်မှုထူထောင်ရန်လိုအပ်သည့် အကြောင်းရင်းများကို သိရှိရန်
- စက်မှုကဏ္ဍထူထောင်သည့်အခါတွင် တွေ့ကြုံရသည့်အခက်အခဲများကို သုံးသပ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- မိမိတို့ပတ်ဝန်းကျင်တွင် မည်သို့သော စက်ရုံ၊ အလုပ်ရုံများ ရှိသနည်း။ မြန်မာနိုင်ငံစက်မှုကဏ္ဍများတွင် မည်သည့်ကဏ္ဍများ ပါဝင်သည်ဟုယူဆပါသလဲဟူသော မေးခွန်းကို ကျောင်းသားများအား မေးမြန်း၍ စက်မှုလုပ်ငန်းကဏ္ဍကို သင်ကြားမည်ဖြစ်ကြောင်းရှင်းပြပါ။

DBE BOX Copyright Protected

**သင်ကြားခြင်း** **(၄၀) မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့၍မြန်မာနိုင်ငံတွင် စက်မှုထူထောင်ရန် လိုအပ်သည့်အကြောင်းရင်းများကို အုပ်စုတွင်းဆွေးနွေးပါစေ။ လိုအပ်ချက်များကို ဆရာက ဖြည့်စွက်ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၃၅)မိနစ်**

- မိမိတို့ဆွေးနွေးခဲ့သောအချက်များကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါစေ။
- သက်ဆိုင်ရာအုပ်စုများမှ ကိုယ်စားလှယ်တစ်ဦးစီက အတန်းတွင်းသို့ ပြန်လည်ဆွေးနွေးတင်ပြပါ။ ကျောင်းသုံးစာအုပ်နှင့် တိုက်ဆိုင်စစ်ဆေးပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- စက်မှုလုပ်ငန်းထူထောင်ရာတွင် မည်သည့်အခက်အခဲများ တွေ့ကြုံနိုင်သနည်း။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏စာမျက်နှာ(၁၃၀နှင့်၁၃၃)မှ အဓိကအချက်များကို အသုံးပြု၍ သင်ကြားရန်။**

## ၉.၃။ စက်မှုလုပ်ငန်းတည်နေရာရွေးချယ်ခြင်း

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုတွင် စက်မှုထူထောင်ရန်အတွက် တည်နေရာရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အခြေခံစည်းမျဉ်းများကို ရှင်းပြတတ်ရန်
- စက်မှုလုပ်ငန်းတည်နေရာရွေးချယ်ခြင်းဖြင့် ကြုံတွေ့ရမည့်အကျိုးသက်ရောက်မှုများကို ပြောပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- မိမိတို့ပတ်ဝန်းကျင်ရှိ စက်ရုံ၊ အလုပ်ရုံများကို မည်သည့်နေရာများတွင် တွေ့ရှိပါသနည်း။ စက်ရုံ၊ အလုပ်ရုံ တည်ဆောက်ရာတွင်မည်သည့်အချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသနည်း ဟူသောမေးခွန်းများကို ကျောင်းသားများအား သိရှိသလောက်ပြောကြားပါစေ။

**သင်ကြားခြင်း** **(၄၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုများဖွဲ့စေပြီး ကျောင်းသုံးစာအုပ်ပါ စက်မှုလုပ်ငန်းတည်နေရာရွေးချယ်ရာတွင် စဉ်းစားရမည့်အဓိကအချက်များကို အုပ်စုလိုက်လေ့လာစေမည်။ လိုအပ်ချက်ရှိပါက ဆရာကဖြည့်စွက်ရှင်းပြပါ။

DBE BOX Copyright Protected

**လေ့ကျင့်ခြင်း** **(၃၅)မိနစ်**

- မိမိတို့မြို့၊ မြို့နယ်များတွင် တည်ထောင်ထားသောစက်ရုံ၊ အလုပ်ရုံများကို သိရှိသမျှဖော်ပြစေပြီး ၎င်းစက်ရုံများရှိခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများရရှိနိုင်သည်ကို အုပ်စုလိုက်ဆွေးနွေးပါစေ။
- ဆွေးနွေးမှတ်တမ်းတင်ထားမှုများအား အဖွဲ့တစ်ဖွဲ့စီမှကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့တင်ပြပြီး လိုအပ်ချက်များကို ဆရာကရှင်းပြမည်။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

- စက်မှုလုပ်ငန်းတည်နေရာရွေးချယ်ရာတွင် မည်သည့်အချက်များကိုစဉ်းစားရမည်နည်း။
- စက်မှုလုပ်ငန်းတည်နေရာရွေးချယ်ခြင်းဖြင့် မည်သည့်အကျိုးသက်ရောက်မှုများရရှိနိုင်သနည်း။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၃၅)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**၉.၄။ စက်မှုလုပ်ငန်းအမျိုးအစားခွဲခြားပုံများ**

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- စက်မှုလက်မှုကဏ္ဍ၏ လုပ်ငန်းအမျိုးအစားများကို ဖော်ထုတ်ဆွေးနွေးတတ်ရန်
- စက်မှုလက်မှုကဏ္ဍမှ ထုတ်လုပ်သောထုတ်ကုန်အမျိုးအစားများကို ဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကျောင်းသားများအား စက်မှုကဏ္ဍတွင် မည်သည့်စက်မှုလုပ်ငန်းများပါဝင်သည်ကို သိသလောက် ပြောပြပါစေ။

**သင်ကြားခြင်း** **(၄၀) မိနစ်**

- စက်မှုလက်မှုကဏ္ဍ၏ လုပ်ငန်းအမျိုးအစားများကို အုပ်စုလိုက်ဖော်ထုတ် ဆွေးနွေးစေပြီး ကျောင်းသုံးစာအုပ်ပါ စက်မှုလုပ်ငန်းအမျိုးအစားများကို မူတည်၍ ပါဝင်သည့် စက်ရုံများ(ထုတ်ကုန်များ)ကို တွဲ၍စာရင်းပြုစုပါစေ။ ဆရာက အတန်းတွင်းလှည့်၍ ကျောင်းသားများ၏ လိုအပ်ချက်များကို ဖြည့်စွက်ပေးပါ။

**လေ့ကျင့်ခြင်း** **(၃၅)မိနစ်**

- အုပ်စုလိုက်ဖော်ထုတ် ဆွေးနွေးထားသော စာရင်းဇယားများကို အခြေခံပြီး အုပ်စုတစ်စုစီမှ ကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးတင်ပြပါစေ။ စက်မှုလုပ်ငန်းမှရရှိသော အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံ၏GDPနှင့် လုပ်သားအင်အားအခြေအနေတို့ကို ဆရာကဖြည့်စွက်ရှင်းပြမည်။

DBE BOX - Copyright Protected

**ပြန်လည်ဆန်းစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း (၁၀)မိနစ်**

- စက်မှုလုပ်ငန်းများ၏ အမျိုးအစားများကိုခွဲခြားဖော်ပြပါ။
- မိမိတို့အသုံးပြုရန် လိုအပ်သောပစ္စည်း ၅ မျိုးကိုဖော်ပြ၍ မည်သည့်စက်မှုလုပ်ငန်း၏ ကုန်စည်အုပ်စုတွင် ပါဝင်သနည်း။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏စာမျက်နှာ(၁၃၇)မှ အဓိကအချက်များကို အသုံးပြု၍ သင်ကြားရန်။**

**၉.၅။ မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍ**

**၉.၅(၁)။မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍ၏ အဓိကထုတ်ကုန်များ**

**စာသင်ချိန်(၁)ချိန် (၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍတွင် အရေးပါဆုံးလုပ်ငန်းများနှင့် ကုန်စည်အုပ်စုအမျိုးအစားများကို ဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက် (၅)မိနစ်**

- စက်မှုထုတ်ကုန်များကို ကျောင်းသားများသိသလောက် ပြောကြားပါစေ။

**သင်ကြားခြင်း (၂၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့၍ မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍ၏ အဓိကထုတ်ကုန်များကို အုပ်စုတွင်းဆွေးနွေးပါစေ။

**လေ့ကျင့်ခြင်း (၁၅)မိနစ်**

- မိမိတို့ဆွေးနွေးခဲ့သောအချက်များကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။
- သက်ဆိုင်ရာအုပ်စုများမှ ကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ ပြန်လည်ဆွေးနွေးတင်ပြပါ။ ဆွေးနွေးစဉ်လိုအပ်ချက်ရှိလျှင် ဆရာက ဖြည့်စွက်ရှင်းပြမည်။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၅)မိနစ်**

- မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍတွင် အရေးပါဆုံးလုပ်ငန်းများကိုဖော်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏စာမျက်နှာ(၁၄၀)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**၉.၅(၂)။ စက်မှုလက်မှုကဏ္ဍ၏ အဓိကသွင်းအားစုများ**

**၉.၅(၃)။ အခြားကဏ္ဍများနှင့် ဆက်စပ်မှု**

**စာသင်ချိန်(၂)ချိန် တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍ၏ လိုအပ်သော အဓိကသွင်းအားစုများကို ဖော်ထုတ်တတ်ရန်

JBE BOX - Copyright Protected

- စက်မှုလက်မှုကဏ္ဍနှင့် အခြားကဏ္ဍများ အပြန်အလှန် ဆက်စပ်ပုံကိုရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက် (၁၀)မိနစ်**

- စက်မှုလက်မှုကဏ္ဍတွင် လိုအပ်သောသွင်းအားစုများကိုကျောင်းသားများသိသလောက် ပြောပါစေ။

**သင်ကြားခြင်း (၃၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုများဖွဲ့စေပြီး မိမိတို့သိသော စက်ရုံတစ်ရုံ (ဥပမာ- ဆန်စက်၊ ဆီစက်၊ အထည်ချုပ်စက်၊ သစ်စက်၊ ရေသန့်စက်)လည်ပတ်နိုင်ရန် မည်သည့် သွင်းအားစုများ လိုအပ်ကြောင်းကို အုပ်စုလိုက်ဆွေးနွေးပါစေ။ ထို့နောက် ကျောင်းသုံး ဖတ်စာအုပ်ပါ အဓိကသွင်းအားစုများနှင့် ပြန်လည်စစ်ဆေးပါစေ။

**လေ့ကျင့်ခြင်း (၃၅) မိနစ်**

- အုပ်စုလိုက်ဆွေးနွေး ရရှိလာသောအချက်များကို အဖွဲ့ကိုယ်စားလှယ်တစ်ဦးစီက တင်ပြပြီး လိုအပ်ချက်များကို ဆရာကရှင်းပြပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၁၀)မိနစ်**

- စက်မှုလက်မှုကဏ္ဍ၏လိုအပ်သော အဓိကသွင်းအားစုများကို ဖော်ပြပြီး စက်မှုလက်မှုကဏ္ဍ နှင့် အခြားကဏ္ဍများ ဆက်စပ်မှုသည် မြန်မာ့စီးပွားရေးအဆောက်အအုံတွင် စက်မှုလက် မှုကဏ္ဍ၏ အရေးပါမှုကို ဖော်ညွှန်းနေကြောင်း သုံးသပ်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏စာမျက်နှာ(၁၄၁ နှင့် ၁၄၃)မှ အဓိကအချက်များကို အသုံးပြု၍ သင်ကြားရန်။**

**၉.၆။ မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားကဏ္ဍ**

**၉.၆(၁)။ မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု**

**စာသင်ချိန်(၃)ချိန် တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အရေးပါမှုကိုဖော်ပြတတ်ရန်
- မြန်မာနိုင်ငံတွင် ထုတ်လုပ်အသုံးပြုနေသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအခြေအနေများကို ပြောပြတတ်ရန်

**သင်ခန်းစာမိတ်ဆက် (၅)မိနစ်**

- မိမိတို့နေထိုင်ရာဒေသတွင် လျှပ်စစ်မီးရရှိပါသလား။ ရရှိပါကမည်သည့်နည်းစနစ်ဖြင့် ရရှိသည်ကို ပြောပြပါ။
- လျှပ်စစ်မီးရရှိသောဒေသဖြစ်ပါက လျှပ်စစ်မီးမရရှိသောအခါ မည်သည့်အခက်အခဲမျိုး တွေ့ရပါသလဲ။



DBEBOX - Copyright Protected

- လျှပ်စစ်မီးသည် မိမိတို့လူနေမှုစနစ်တွင် မည်မျှအသုံးဝင်သည်ဟုသင်ထင်ပါသလဲ။ ထို့နောက် လူနေမှုစနစ်တွင် အသုံးဝင်အရေးပါသည့် လျှပ်စစ်ဓာတ်အားကဏ္ဍကို သင်ကြားမည်ဖြစ်ကြောင်းရှင်းပြပါ။

**သင်ကြားခြင်း** **(၂၅)မိနစ်**

- ကျောင်းသားများကို အုပ်စု ၅ စု ဖွဲ့စေမည်။ ကျောင်းသုံးစာအုပ်ပါ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ထုတ်လုပ်မှု၊ သုံးစွဲမှုတို့ကိုလေ့လာစေပြီး လျှပ်စစ်ဓာတ်အားကဏ္ဍ၏အရေးပါမှုကို ဆွေးနွေးပါစေ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- အုပ်စုအသီးသီးမှ ကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးရရှိချက်များကို တင်ပြပါစေ။ ဆရာက လိုအပ်သည်များကိုဖြည့်စွက်ပေးပါ။

**သင်ကြားခြင်း** **(၄၅)မိနစ်**

- ကျောင်းသားများကို အုပ်စု ၅ စု ဖွဲ့စေမည်။ ကျောင်းသုံးစာအုပ်ကို အသုံးပြုပြီး ရေအားလျှပ်စစ်ထုတ်လုပ်ပုံ၊ ရေနွေးငွေ့အားဖြင့် လျှပ်စစ်ထုတ်လုပ်ပုံ၊ သဘာဝဓာတ်ငွေ့အားဖြင့် လျှပ်စစ်ထုတ်လုပ်ပုံ၊ ဒီဇယ်အားဖြင့် လျှပ်စစ်ထုတ်လုပ်ပုံ၊ လေအားလျှပ်စစ်ထုတ်လုပ်ပုံ၊ စသည့် လျှပ်စစ်ထုတ်လုပ်ပုံများကို လေ့လာဆွေးနွေးစေမည်။ လိုအပ်ချက်များကို ဆရာက ဖြည့်စွက်ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၃၅)မိနစ်**

- မိမိတို့နေအိမ်၊ ဆွေမျိုး၊ သူငယ်ချင်းများ၏နေအိမ်၊ ရပ်ရွာပတ်ဝန်းကျင်တွင် အသုံးပြုနေသော လျှပ်စစ်ပစ္စည်းများကိုဖော်ပြပြီး ထိုပစ္စည်းများသည် မည်သည့်လျှပ်စစ်ထုတ်လုပ်ပုံများကို အသုံးပြု၍ သုံးစွဲကြောင်း ဆွေးနွေးတင်ပြပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားကို မည်သည့်နည်းစနစ်များဖြင့် ထုတ်ယူရရှိသနည်း။
- ရေအား၊ လေအားတို့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် နိုင်ငံ၏စီးပွားရေးအပေါ် မည်မျှအကျိုး သက်ရောက်မှုရှိစေသနည်း။
- သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားကို မည်မျှထုတ်ယူသုံးစွဲနိုင်သနည်း။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏စာမျက်နှာ(၁၄၄ နှင့် ၁၄၈)မှ အဓိကအချက်များကို အသုံးပြု၍ သင်ကြားရန်။**

DBE BOX - Copyright Protected

**၉.၆(၂)။ မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားကဏ္ဍ၏ သွင်းအားစုများ**

**၉.၆(၃)။ အခြားကဏ္ဍများနှင့် ဆက်စပ်မှု**

**စာသင်ချိန်(၁)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- လျှပ်စစ်ဓာတ်အား၏အရေးပါပုံကို ဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- မည်သည့်နည်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် စရိတ်အသက်သာဆုံးဖြစ်သနည်း။
- လျှပ်စစ်မီးရရှိသောဒေသဖြစ်ပါက လျှပ်စစ်မီးသည် အခမဲ့ရရှိသည့်ကုန်စည်ဟု ယူဆပါသလား။
- လျှပ်စစ်မီးကို မည်သည့်နေရာများတွင် အသုံးပြုပါသနည်း။ ၎င်းအသုံးပြုမှုသည် အရေးပါသည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

**သင်ကြားခြင်း** **(၂၀)မိနစ်**

- ကျောင်းသားများကိုသင့်လျော်သလို အုပ်စုဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားကဏ္ဍ၏ သွင်းအားစုများ၊ အခြားကဏ္ဍများနှင့် ဆက်စပ်မှုများကို ဆွေးနွေးပါစေ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ဆွေးနွေးရရှိလာသောအချက်များကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့တင်ပြပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- ကျောင်း၊ ဆေးရုံ၊ ရုံးများတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများ ရရှိနိုင်သနည်း။
- မျက်မှောက်ကာလ မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အားသုံးစွဲမှုများပြားလာခြင်းသည် လူမှုဘဝတွင် မည်သို့ဖြစ်စေသနည်း။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၄၈)မှ အဓိကအချက်များကိုအသုံးပြု၍သင်ကြားရန်။**

**၉.၇။ ဆောက်လုပ်ရေးကဏ္ဍ**

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- ဆောက်လုပ်ရေးကဏ္ဍသည် အရေးပါသောကဏ္ဍဖြစ်ကြောင်းဖော်ပြတတ်ရန်
- ဆောက်လုပ်ရေးကဏ္ဍသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောကဏ္ဍဖြစ်ကြောင်း ရှင်းပြတတ်ရန်

DBE BOX Copyright Protected

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကျောင်းသားများအား ဆောက်လုပ်ရေးကဏ္ဍသည် အရေးပါသောကဏ္ဍဟုထင်ပါသလား ဟူသောမေးခွန်းကို ဥပမာများနှင့် ဖြေဆိုပါစေ။

**သင်ကြားခြင်း** **(၂၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့၍ ဆောက်လုပ်ရေးကဏ္ဍသည် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် အရေးပါသောကဏ္ဍဖြစ်ပြီး၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် ဆောက်လုပ်ရေးကဏ္ဍ၏ပါဝင်မှုကို ဆွေးနွေးပါစေ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများအားဆွေးနွေးခဲ့သောအချက်များကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါစေ။
- အုပ်စုကိုယ်စားလှယ်တစ်ဦးစီးက အတန်းသို့ပြန်လည်တင်ပြပါစေ။ တင်ပြစဉ် လိုအပ်ချက် ရှိလျှင် ဆရာက ဖြည့်စွက်ရှင်းပြမည်။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးကဏ္ဍက မည်သို့ဆောင်ရွက်ပေးသနည်း။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၅၁)မှ အဓိကအချက်များကိုအသုံးပြု၍သင်ကြားရန်။**

**၉.၇(၁)။ မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍ၏ တည်ဆောက်ရေးလုပ်ငန်းများ**

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍတွင် ပါဝင်သည့်ပိုင်ဆိုင်မှုအခန်းကဏ္ဍများကို ခွဲခြား လေ့လာတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- နိုင်ငံ၏ လူမှုစီးပွားရေးတွင်အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်သည့်ဆောက်လုပ်ရေးကဏ္ဍမှ တည်ဆောက်မှုများကို ကျောင်းသားများသိရှိသလောက်ပြောပါစေ။

**သင်ကြားခြင်း** **(၄၀) မိနစ်**

- ကျောင်းသုံးစာအုပ်ကိုအသုံးပြု၍ ဆောက်လုပ်ရေးကဏ္ဍ၏ တည်ဆောက်ရေးလုပ်ငန်းများကို ဆရာကရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၄၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ မိမိတို့ဒေသရှိ ပိုင်ဆိုင်မှုအခန်းကဏ္ဍအလိုက် ဆောက်လုပ်မှုအခြေအနေများကို ကျောင်းသုံးစာအုပ်ကိုလေ့လာ၍ အုပ်စုကိုယ်စားလှယ် တစ်ဦးစီက အတန်းသို့တင်ပြပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- တည်ဆောက်ရေးလုပ်ငန်းများနှင့် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို ရှင်းလင်းဖော်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၅၁)မှအဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX - Copyright Protected

**၉.၇(၂)။ ဆောက်လုပ်ရေးကဏ္ဍ၏ အဓိကသွင်းအားစုများ**

**၉.၇(၃)။ အခြားကဏ္ဍများနှင့် ဆက်စပ်မှု**

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- ဆောက်လုပ်ရေးကဏ္ဍ၏ အဓိကသွင်းအားစုများကို ဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးကဏ္ဍက ဆောင်ရွက်ပေးမှုများကို ကျောင်းသားများအား ပြန်လည်မေးမြန်းပါ။

**သင်ကြားခြင်း** **(၂၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့၍ ဆောက်လုပ်ရေးကဏ္ဍ၏ အဓိကသွင်းအားစုများကို ဖော်ထုတ်စေပြီး လုပ်ငန်းအရွယ်အစား၊ ပမာဏပေါ်မူတည်ပြီး အသုံးပြုသော သွင်းအားစုများ၊ အရင်းအနှီးပမာဏများ၊ ကျွမ်းကျင်လုပ်သားများ ကွာခြားမှုကိုလုပ်ငန်းအမျိုးအစား ၅ မျိုးဖြင့် ဆွေးနွေးဖော်ထုတ်ပါစေ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- မိမိတို့ဆွေးနွေးခဲ့သောအချက်များကို မှတ်စုစာအုပ်တွင် မှတ်တမ်းတင်ပါ။
- သက်ဆိုင်ရာအုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ ပြန်လည်တင်ပြပါ။ တင်ပြစဉ် လိုအပ်ချက်ရှိပါက ဆရာက ဖြည့်စွက်ရှင်းပြပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**


- ဆောက်လုပ်ရေးကဏ္ဍ၏ အဓိကသွင်းအားစုများကို ဖော်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၅၁)မှအဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX, Copyright Protected

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**အခန်း(၉)ကို ပြန်လည်ဆန်းစစ်ခြင်း**




---

**စာသင်ချိန်(၃)ချိန်** **တစ်ချိန်(၄၅)မိနစ်**

## လေ့ကျင့်ခန်းများ

၁။ အောက်ပါမေးခွန်းများကို မှား မှန် ရွေးပါ။

(က) စက်မှုလုပ်ငန်းကဏ္ဍများကို ပထမအဆင့်လုပ်ငန်းကဏ္ဍများဟူ၍လည်း ခေါ်ဝေါ်ကြသည်။

(ခ) မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းကဏ္ဍများတွင် စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတို့ပါဝင်သည်။

(ဂ) ကုန်ချောထုတ်ကုန် သယ်ယူပို့ဆောင်စရိတ်ကြီးသော လုပ်ငန်းများအတွက် တည်နေရာကို ဈေးကွက်နှင့်နီးရာတွင် ရွေးချယ်သင့်သည်။

(ဃ) အသေးစားစက်မှုလုပ်ငန်းဆိုသည်မှာ လုပ်သားများ၏အိမ်တွင်လုပ်ကိုင်သော စက်မှုလက်မှုလုပ်ငန်းများဖြစ်သည်။

(င) စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာများကို အသုံးချရန်လိုအပ်သည်။

၂။ အောက်ပါကွက်လပ်များကိုဖြည့်စွက်ပါ။

(က) အရွယ်အစားသေးငယ်ပြီး စားသုံးကုန်စည်ထုတ်လုပ်သော လုပ်ငန်းများသည် ---------- လုပ်ငန်းအမျိုးအစားတွင် ပါဝင်သည်။

(ခ) မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍတွင် ထုတ်လုပ်မှုပမာဏ အများဆုံးလုပ်ငန်းမှာ ---------- လုပ်ငန်းဖြစ်သည်။

(ဂ) စက်မှု၊ လက်မှုကဏ္ဍရှိ လုပ်ငန်းများကို ---------------နှင့် ကုန်ချောထုတ်လုပ်ငန်းများ ဟူ၍ ခွဲခြားနိုင်သည်။

(ဃ) ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ---------------ဝန်ကြီးဌာနအား ဖွဲ့စည်းခဲ့သည်။

(င) ရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ---------တိုင်းဒေသကြီးတွင်တည်ရှိသည်။

၃။ အဖြေမှန်ရွေးပါ။

(က) မြန်မာနိုင်ငံတွင် စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၆-၁၇ ခုနှစ်စာရင်းများ အရ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးစုစုပေါင်း GDP ၏ (က) ၃၀ (ခ) ၂၀ (ဂ) ၁၃ ရာခိုင်နှုန်းခန့်ရှိသည်။

(ခ) မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားကို အဓိကထုတ်လုပ်ဖြန့်ဖြူးပေးသည်မှာ (က) လျှပ်စစ်ဓာတ်အားဝန်ကြီးဌာန (ခ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန (ဂ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဖြစ်သည်။

(ဂ) (က) ဆင့်တက်ပြုပြင်သောလုပ်ငန်း (ခ) ကုန်ချောထုတ်လုပ်ငန်း (ဂ) စက်မှုလုပ်ငန်း ဆိုသည်မှာ အများအားဖြင့် ကုန်ကြမ်းပစ္စည်းအမျိုးမျိုးကို အသုံးပြုပြီး ကွဲပြားခြားနားသော ဖြစ်စဉ်များဖြင့် ထုတ်ကုန်များထုတ်လုပ်သော လုပ်ငန်းဖြစ်သည်။

(ဃ) လုပ်သားအမြောက်အမြားနှင့် အရင်းအနှီးများစွာအသုံးပြုရသော လုပ်ငန်းကြီးများကို (က) အကြီးစားစက်မှုလုပ်ငန်း (ခ) အသေးစားစက်မှုလုပ်ငန်း (ဂ) ကုန်ချောထုတ်လုပ်ငန်းများဟု သတ်မှတ်သည်။

(င) (က) ရေနွေးငွေ့စွမ်းအင် (ခ) နျူကလီးယားစွမ်းအင် (ဂ) နေစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို မြန်မာနိုင်ငံ၌ အသုံးပြုနိုင်ခြင်းမရှိသေးပေ။

DBE BOX - Copyright Protected

၄။ အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

(က) မြန်မာနိုင်ငံသည် စက်မှုထူထောင်ရန် အဘယ်ကြောင့်လိုအပ်သည်ကို ကျိုးကြောင်းပြဆွေးနွေးပါ။

(ခ) စက်မှုလုပ်ငန်းရှင်တစ်ဦးသည် မည်သည့်နေရာမျိုးတွင် စက်ရုံတည်ဆောက်သင့်သည်ကို စက်ရုံတည်နေရာရွေးချယ်ရာ၌ ထည့်သွင်းစဉ်းစားရမည့် အချက်များကို ဆွေးနွေးပါ။

(ဂ) စက်မှုလက်မှုကဏ္ဍသည် အခြားကဏ္ဍများနှင့် မည်သို့ဆက်စပ်လျက်ရှိသည်ကို သုံးသပ်ပါ။

(ဃ) လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သည့်နည်းစနစ်အမျိုးမျိုးကို ရှင်းလင်းဖြေဆိုပါ။

(င) ဆောက်လုပ်ရေးကဏ္ဍ၏ တည်ဆောက်ရေးလုပ်ငန်းများကို ဖော်ပြပြီး ယင်းကဏ္ဍ၏ အဓိကသွင်းအားစုများကိုလည်း ဆွေးနွေးပါ။

DBE BOX - Copyright Protected

# အခန်း (၁၀)
# မြန်မာနိုင်ငံ၏ ဝန်ဆောင်မှုကဏ္ဍများ
# Services Sector of Myanmar

**စာသင်ချိန်(၁၆)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ယူမှုရလဒ်များ**

- မြန်မာနိုင်ငံ၏ဝန်ဆောင်မှုကဏ္ဍများသည် ကုန်စည်ထုတ်လုပ်သည့်ကဏ္ဍများကဲ့သို့အရေးပါကြောင်းနှင့် ကုန်စည်ထုတ်လုပ်သောကဏ္ဍများ၏ ထုတ်လုပ်မှုတိုးတက်လာစေရေးအတွက် ဝန်ဆောင်မှုကဏ္ဍများက အထောက်အပံ့ပေးနိုင်မှုတို့ကို လေ့လာဆန်းစစ်တတ်မည်။

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- ဝန်ဆောင်မှုကဏ္ဍများနှင့်ပတ်သက်သော စာရင်းဇယားများကို ဖတ်ရှုထားရန်

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ကုန်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍများ၏ လုပ်ဆောင်မှုများ၊ ၎င်းတို့နှင့်ဆက်စပ်သည့် လုပ်ငန်းကဏ္ဍများအပြင် ၎င်းတို့နှင့်စပ်လျဉ်းသည့် စာရင်းဇယားများအကြောင်းကို အချင်းချင်းအပြန်အလှန်ဆွေးနွေးဆက်သွယ်ပြောဆိုခြင်းဖြင့် အုပ်စုလိုက်ဆောင်ရွက်တတ်ခြင်း၊ ကြောင်းကျိုးဆက်စပ်စဉ်းစားခြင်း စသည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများကို ရရှိစေမည်။

## ၁၀.၁။ ကုန်သွယ်ရေးကဏ္ဍ

### ၁၀.၁(၁)။ ပင်လယ်ရေကြောင်းကုန်သွယ်ရေး

### ၁၀.၁(၂)။ နယ်စပ်ကုန်သွယ်ရေး

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- ကုန်သွယ်ရေးကဏ္ဍပေါ်ပေါက်လာပုံနှင့် လုပ်ဆောင်ချက်များကို ဖော်ပြတတ်ရန်
- ကုန်သွယ်ရေးကဏ္ဍ၏အရေးပါမှုကို ဆွေးနွေးတင်ပြတတ်ရန်
- ကုန်သွယ်ရေးလုပ်ငန်းအမျိုးအစားများကို ခွဲခြားဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- မည်သည့်အတွက် ကုန်သွယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ရသနည်းဟူသောမေးခွန်းကို ကျောင်းသားများသိသလောက် ဖြေကြားပါစေ။

**သင်ကြားခြင်း** **(၄၀)မိနစ်**

ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ကိုအသုံးပြု၍ ပင်လယ်

DBE BOX - Copyright Protected

ရေကြောင်းကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးတို့ကို အုပ်စုလိုက်လေ့လာဆွေးနွေးပါစေ။

**လေ့ကျင့်ခြင်း** **(၃၅)မိနစ်**

- အုပ်စုတစ်စုစီက မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်အခြေအနေများကို အတန်းသို့ တင်ပြပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းကုန်သွယ်ရေးအခြေအနေတို့ကို သုံးသပ်ဆွေးနွေးပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၆၀)မှ အဓိကအချက်များကိုအသုံးပြု၍သင်ကြားရန်။**

## ၁၀.၂။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ

**စာသင်ချိန်(၄)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏သဘောနှင့် အကျိုးကျေးဇူးများကိုရှင်းပြတတ်ရန်
- ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ရှင်းလင်းဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ခရီးသွားဖူးပါသလား။ မည်သည့်ဒေသများသို့ခရီးသွားဖူးပါသလဲ။ ခရီးသွားခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများရရှိနိုင်ပါသနည်းစသည့် မေးခွန်းများကို ကျောင်းသားများအား မေးမြန်းပါ။

**သင်ကြားခြင်း** **(၂၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ပါ ကမ္ဘာလှည့်ခရီးသွားခြင်းလုပ်ငန်းသည် မီးခိုးမထွက်သည့်စက်ရုံ(ကုန်စည်ထုတ်လုပ်သောလုပ်ငန်းများမဟုတ်ဘဲ ဝန်ဆောင်မှုပေးသောလုပ်ငန်းများ)နှင့် အလားသဏ္ဍာန်တူသည်ဟု တင်စားပြောဆိုမှုအပေါ် အဖွဲ့လိုက် ဆွေးနွေးပါစေ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ဆွေးနွေးရရှိချက်များကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ ပြန်လည်တင်ပြပါစေ။ လိုအပ်ချက်ရှိလျှင် ဆရာက ဖြည့်စွက်ရှင်းပြမည်။

**သင်ကြားခြင်း** **(၂၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ကို အသုံးပြုပြီး မိမိဒေသရှိ ယဉ်ကျေးမှုကို အခြေခံ၍ သွားရောက်နိုင်သောခရီးစဉ်များကို ဆွေးနွေးပါစေ။ ထို့ပြင် သဘာဝအခြေခံခရီးသွားခြင်းမှ ရနိုင်သောအတွေ့အကြုံများ၊ ကောင်းကျိုးများကိုပါ ဆွေးနွေးပါစေ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- ဆွေးနွေးခဲ့သောအချက်များကို သင်ပုန်းပေါ်တွင်မှတ်တမ်းတင်ပါစေ။ ထို့နောက် သက်ဆိုင်ရာအုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ ပြန်လည်တင်ပြပါစေ။

**သင်ကြားခြင်း** **(၄၅)မိနစ်**

- ကျောင်းသုံးစာအုပ်ပါ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများနှင့် ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများကို ဖတ်ရှုလေ့လာပါစေ။

**လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အုပ်စုလိုက်ဆွေးနွေးပါစေ။
- မိမိတို့ဆွေးနွေးခဲ့သောအချက်များကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။
- သက်ဆိုင်ရာအုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ တင်ပြပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးရရှိနိုင်ပါသနည်း။
- ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကြောင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ဖော်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၆၅)မှအဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**၁၀.၃။ ငွေရေးကြေးရေးကဏ္ဍ**

**စာသင်ချိန်(၃)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်များ**

- ငွေရေးကြေးရေးကဏ္ဍတွင်ပါဝင်သော အဖွဲ့အစည်းများကိုဖော်ပြတတ်ရန်
- ငွေရေးကြေးရေးကဏ္ဍ၏ဆောင်ရွက်ပုံကို သိရှိဖော်ပြတတ်ရန်။

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကျောင်းသားများအား ငွေရေးကြေးရေးကဏ္ဍတွင် ပါဝင်သည့်အဖွဲ့အစည်းများကိုသိရှိသလောက် ပြောကြားပါစေ။

**သင်ကြားခြင်း** **(၄၀)မိနစ်**

- ကျောင်းသားများကို အုပ်စု ၅ စု ဖွဲ့ပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ကို အသုံးပြုပြီး အုပ်စုများအလိုက် ငွေရေးကြေးရေးကဏ္ဍတွင်ပါဝင်သော အဖွဲ့အစည်းများ၊ ငွေရေးကြေးရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးနှင့် GDP တွင်ပါဝင်မှုနှုန်း (၂၀၁၇-၂၀၁၈ ခုနှစ်) ဘဏ်များ၏ ဆောင်ရွက်ချက်များကို အုပ်စုလိုက် လေ့လာဆွေးနွေးပါစေ။ မှတ်စုစာအုပ်တွင် မှတ်တမ်းတင်ပါစေ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၄၅)မိနစ်**

- အုပ်စုတစ်စုစီက မိမိတို့ဆွေးနွေးရရှိလာသော ရလဒ်များကို အတန်းသို့ပြန်လည်တင်ပြပါစေ။

**သင်ကြားခြင်း** **(၂၅)မိနစ်**

- ကျောင်းသုံးစာအုပ်ပါ ပြည်သူတို့၏ စုဆောင်းငွေ၊ ဘဏ်မဟုတ်သောငွေကြေးအဖွဲ့အစည်းများ၊ အခြားကဏ္ဍများနှင့် ဆက်စပ်မှုတို့ကို အုပ်စုလိုက်ဖတ်ရှုလေ့လာဆွေးနွေးပါစေ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- အုပ်စုတစ်စုစီက ဆွေးနွေးရရှိချက်များကို အတန်းသို့ပြန်လည် တင်ပြပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဖော်ပြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဆောင်ရွက်မှုကို ဖော်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၇၀)မှ အဓိကအချက်များကိုအသုံးပြု၍သင်ကြားရန်။**

**၁၀.၄။ ပို့ဆောင်ရေးကဏ္ဍ**

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်များ**

- မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးအခြေအနေကို ရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကျောင်းသားများအားခရီးသွားဖူးပါသလား။ ခရီးသွားရာတွင်မည်သို့သွားသနည်း ဟူသောမေးခွန်းနှင့် ဒေသများကြား ကုန်စည်သယ်ယူရောင်းချရာတွင် အဆင်ပြေချောမွေ့စေရန် မည်သည့်လုပ်ငန်း လိုအပ်ပါသနည်း ဟူသောမေးခွန်းများကို မေးမြန်းပါ။ ထို့နောက် အဆိုပါကိစ္စရပ်များအတွက် ပို့ဆောင်ရေးသည်လိုအပ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **(၄၀)မိနစ်**

- ကျောင်းသုံးစာအုပ်ပါ လက်ရှိမြန်မာနိုင်ငံ၏ ပို့ဆောင်ရေးအနေအထားများကို ဆရာက ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ပါ ဇယား (၁၀. ၈)၊ (၁၀. ၉)၊ (၁၀. ၁၀)၊ (၁၀. ၁၁) တို့ကို အသုံးပြု၍ ပို့ဆောင်ရေးကဏ္ဍ၏ တိုးတက်မှုအခြေအနေကို အုပ်စုလိုက်သုံးသပ်တင်ပြပါစေ။



DRE BOX - Copyright Protected

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- သင့်ဒေသ၏ ပို့ဆောင်ရေးအခြေအနေကို ရေးသား၍ တိုးတက်စေရန် မည်ကဲ့သို့ဆောင်ရွက်သင့်ကြောင်းသုံးသပ်ဖော်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၇၃)မှ အဓိကအချက်များကိုအသုံးပြု၍သင်ကြားရန်။**

## ၁၀.၅။ ဆက်သွယ်ရေးကဏ္ဍ

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်များ**

- မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးအခြေအနေကို ရှင်းပြတတ်ရန်။

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ဆက်သွယ်ရေးလုပ်ငန်းကြောင့် မည်သို့သောအကျိုးကျေးဇူးများရနိုင်သနည်းဟူသော မေးခွန်းကို ကျောင်းသားများအားမေးမြန်းပြီး နိုင်ငံ၏ဆက်သွယ်ရေးအဆင့်အတန်းမြင့်မားခြင်းမရှိပါက ဘက်ညီဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်မည်မဟုတ်ကြောင်းရှင်းပြပါ။

**သင်ကြားခြင်း** **(၄၀)မိနစ်**

- ကျောင်းသုံးစာအုပ်ပါ ဆက်သွယ်ရေးအမျိုးအစားများ၏ လုပ်ဆောင်မှုပုံစံ၊ ဆောင်ရွက်ချက်အခြေအနေများ၊ မြန်မာနိုင်ငံ၏ GDP တွင် ပါဝင်မှုအခြေအနေများကို ဆရာကရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၄၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပြီး ဇယား(၁၀. ၁၂) ကို လေ့လာသုံးသပ်စေ၍ တွေ့ရှိချက်များကို အတန်းသို့တင်ပြပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**


- မြန်မာနိုင်ငံဆက်သွယ်ရေးလုပ်ငန်း၏ အရေးပါပုံကို ရှင်းပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၇၆)မှအဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX - Copyright Protected

**စာသင်ချိန်(၁)ချိန်**　　　　**(၄၅)မိနစ်**

## ၁၀.၆။ အခန်း(၁၀)ကို ပြန်လည်ဆန်းစစ်ခြင်း




**စာသင်ချိန်(၂)ချိန်**　　　　**တစ်ချိန်(၄၅)မိနစ်**

## လေ့ကျင့်ခန်းများ

၁။　အောက်ပါမေးခွန်းများကို မှား မှန် ရွေးပါ။

(က)　ဖောက်ချထုတ်လုပ်မှုနှင့်ဖလှယ်မှုတို့ ပေါ်ပေါက်လာခြင်းသည် လူသားတို့အတွက် ကုန်ထုတ်လုပ်မှုနှင့်စားသုံးမှုတို့ကို ပိုမိုတိုးတက်လာစေသည်။

(ခ)　ကုန်သွယ်မှုလုပ်ငန်းတွင် ဝယ်ယူရေးဝန်ဆောင်မှုများနှင့် ရောင်းချရေးဝန်ဆောင်မှုများပါဝင်သည်။

(ဂ)　မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေစက္ကူထုတ်ဝေခွင့်အာဏာရရှိထားသောဘဏ်ဖြစ်သည်။

(ဃ)　မြန်မာ့စီးပွားရေးဘဏ်သည် ကျပ်ငွေဖြင့် ကုန်သွယ်မှုအတွက် လိုအပ်သော ချေးငွေများကို ထုတ်ချေးပေးသည်။

(င) မြန်မာနိုင်ငံ၏ပြည်တွင်းရေကြောင်းတွင် သဘာဝမြစ်ကြောင်းလမ်းများသာပါဝင်သည်။

၂။ အောက်ပါကွက်လပ်များကိုဖြည့်စွက်ပါ။

(က) ကုန်စည်နှင့်ဝန်ဆောင်မှုများ ဖလှယ်မှုကြောင့် ------------- ပေါ်ပေါက်လာသည်။

(ခ) ပို့ကုန်ဦးစွာတင်ပို့ပြီး ရသည့်ငွေဖြင့် ပြန်လည်ဝယ်ယူသည့်မူကို ------------ ဘက်ညီမှုရှိရန်အတွက် ကျင့်သုံးသည်။

(ဂ) ဗဟိုဘဏ်၏ အဓိကတာဝန်များမှာ တိုင်းပြည်၏ငွေကြေးမူဝါဒနှင့် ----------- ကို အကောင်အထည်ဖော်ဆောင်ရွက်ရသည်။

(ဃ) နိုင်ငံတကာဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆက်သွယ်ဆောင်ရွက်ပေးသောဘဏ်သည် ------------ဖြစ်သည်။

(င) သဘာဝဖြစ်စဉ်များကိုအရှိအတိုင်း လေ့လာဗဟုသုတရယူသော အပန်းဖြေခရီးစဉ်တစ်ခုမှာ -------------- ဖြစ်သည်။

Option

၃။ အဖြေမှန်ရွေးပါ။

(က) (က) နယ်စပ်ကုန်သွယ်ရေး (ခ) ကမ္ဘာ့ကုန်သွယ်ရေး (ဂ) ပြည်တွင်းကမ်းရိုးတန်းကုန်သွယ်ရေး ဆိုသည်မှာ နိုင်ငံသားတစ်ဦးနှင့် နိုင်ငံခြားသားတစ်ဦးတို့ နယ်စပ်ဒေသတွင် တွေ့ဆုံလျက် ပစ္စည်းကိုကြည့်၍ အရောင်းအဝယ်အပေးအယူလုပ်ခြင်းပင်ဖြစ်သည်။

(ခ) (က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ခ) နိုင်ငံ့ဝန်ထမ်းများဘဏ် (ဂ) မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသလူမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သောချေးငွေများ ထုတ်ပေးသည်။

(ဂ) (က) ကုန်သွယ်ရေး (ခ) ဆက်သွယ်ရေး (ဂ) ပို့ဆောင်ရေးလုပ်ငန်းသည်နိုင်ငံ၏ အာရုံကြောနှင့် တူသည်။

(ဃ) မြန်မာနိုင်ငံတွင် ရထားလမ်း မရှိသော ပြည်နယ် ၂ ခုမှာ ချင်းပြည်နယ်နှင့် (က) မွန်ပြည်နယ် (ခ) ရခိုင်ပြည်နယ် (ဂ) ရှမ်းပြည်နယ် တို့ဖြစ်သည်။

(င) ဗဟိုဘဏ်သည် အစိုးရဘဏ်ဖြစ်ပြီး (က) အပ်ငွေလက်ခံခြင်း (ခ) ချေးငွေထုတ်ချေးခြင်း (ဂ) ငွေစက္ကူထုတ်ဝေခြင်းအတွက် အခွင့်အာဏာရရှိထားသော တစ်ခုတည်းသောဘဏ်ဖြစ်သည်။

DBE BOX Copyright Protected

၄။ အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

(က) မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်းကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးတို့ကို ခွဲခြားဖော်ပြပါ။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အခြားနိုင်ငံများ၏ဗဟိုဘဏ်များကဲ့သို့ ဆောင်ရွက်ပုံကို သုံးသပ်တင်ပြပါ။

(ဂ) မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးလုပ်ငန်းများအကြောင်းကို အကျဉ်းချုံးသုံးသပ်တင်ပြပါ။

(ဃ) မြန်မာနိုင်ငံ၏ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို သုံးသပ်တင်ပြပါ။

(င) မြန်မာနိုင်ငံ၏ ဝန်ဆောင်မှုကဏ္ဍများထဲမှ နှစ်သက်ရာဝန်ဆောင်မှုကဏ္ဍတစ်မျိုး၏ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါပုံကို ဆန်းစစ်အကဲဖြတ်ပါ။

DBE BOX - Copyright Protected

## ဝေါဟာရ

**အခန်း(၁)**
အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ
ချွေတာရေး
အခြေခံကျသောလိုအပ်ချက်
အခြေခံမကျသောလိုအပ်ချက်
ထုတ်လုပ်မှုအရင်းအမြစ်များ
ဘောဂဗေဒဘာသာရပ်

**အခန်း(၂)**
ကုန်စည်
ဝန်ဆောင်မှု
အခမဲ့ကုန်စည်
ရှားပါးကုန်စည်
စီးပွားရေးကုန်စည်
သွင်းအားစု
ကုန်ထွက်
ကုန်ထုတ်သွင်းအားစု
မူလသွင်းအားစု
ကြားသုံးသွင်းအားစု
ကုန်ချော
ကုန်ကြမ်း
တစ်ဝက်တစ်ပျက်ပြီးကုန်ချော
နောက်ဆုံးသုံးကုန်စည်
ကြားသုံးကုန်စည်
စားသုံးကုန်စည်
ထုတ်လုပ်သူသုံးကုန်စည်
ကြာရှည်သုံးကုန်စည်
တစ်ခါသုံးကုန်စည်
ပျက်စီးလွယ်သောကုန်စည်
မပျက်စီးလွယ်သောကုန်စည်
ကုန်လက်ကျန်
ကုန်စီးဆင်းမှု

**အခန်း(၃)**
စီးပွားရေးလုပ်ဆောင်ချက်များ
ထုတ်လုပ်ခြင်း
အလုပ်ခွဲခြားလုပ်ကိုင်ခြင်း
ဖြန့်ဖြူးခြင်း
အင်အားစုအခဝင်ငွေ
လဲလှယ်ခြင်း
တိုက်ရိုက်ဖလှယ်သည့်စနစ်
ရောင်းကုန်များ
ဈေးနှုန်းများ
နှိုင်းယှဉ်ဈေးနှုန်း
ငွေကြေးဈေးနှုန်း
အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး
စားသုံးခြင်း
တစ်ဦးချင်း သို့မဟုတ်
အိမ်ထောင်စုအလိုက်စားသုံးခြင်း
စုပေါင်းစားသုံးခြင်း
စုဆောင်းခြင်း
ရင်းနှီးမြှုပ်နှံခြင်း
စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်
စီးပွားရေးစနစ်
စီးပွားရေးအဖွဲ့အစည်း
နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ

**အခန်း(၄)**
မွေးနှုန်းကြမ်း
သေနှုန်းကြမ်း
အသားတင်ရွှေ့ပြောင်းမှုနှုန်း
အသက်နှင့်ကျားမအလိုက်လူဦးရေပျံ့နှံ့မှု
အလုပ်လုပ်နိုင်သည့်အသက်အုပ်စု
ဒေသအလိုက်လူဦးရေပျံ့နှံ့မှု
မြို့ပြတိုးတက်မှုနှုန်း

DBE BOX - Copyright Protected

လုပ်သားအင်အား
အလုပ်အကိုင်အလိုက်လုပ်သားအင်အားပျံ့နှံ့မှု
လုပ်သားအင်အားပါဝင်မှုအချိုးကြမ်း
လူဦးရေသိပ်သည်းမှု
အနေတော်လူဦးရေ
လူဦးရေများလွန်းခြင်း
လူဦးရေနည်းလွန်းခြင်း

**အခန်း(၅)**
စီးပွားရေးအဆောက်အအုံ
စီးပွားရေးကဏ္ဍ
တိုင်းပြည်ဝင်ငွေ
စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး
တိုင်းပြည်ထုတ်ကုန်
စုစုပေါင်းကုန်ထွက်တန်ဖိုး
အမည်ခံဝင်ငွေ
ငွေကြေးဝင်ငွေ
ပုံသေဈေးနှုန်းအရ တိုင်းပြည်ဝင်ငွေ
အမှန်တိုင်းပြည်ဝင်ငွေ
တစ်ဦးကျထုတ်ကုန်
အရင်းတည်ဆောက်မှုနှုန်း
ကုန်သွယ်မှုလက်ကျန်ရှင်းတမ်း

**အခန်း(၉)**
ဆင့်တက်ပြုပြင်သောလုပ်ငန်း
ကုန်ချောထုတ်လုပ်ငန်း
အိမ်တွင်းစက်မှုလုပ်ငန်း
အသေးစားစက်မှုလုပ်ငန်း
အကြီးစားစက်မှုလုပ်ငန်း
အပေါ့စားစက်မှုလုပ်ငန်း
အလေးစားစက်မှုလုပ်ငန်း

**အခန်း(၁၀)**
နယ်စပ်ကုန်သွယ်ရေး
သဘာဝအခြေခံခရီးသွားလုပ်ငန်း

DBE BOX - Copyright Protected

# အဖြေများ

## အခန်း(၁)

၁။ (က) မှန်
(ခ) မှား
(ဂ) မှား
(ဃ) မှန်
(င) မှား
(စ) မှား

၂။ (က) စီမံခန့်ခွဲခြင်း
(ခ) ကုန်စည်နှင့် ဝန်ဆောင်မှု
(ဂ) အိမ်ထောင်ဦးစီးတစ်ယောက်
(ဃ) အိမ်ရာအဆောက်အအုံ
(င) အကန့်အသတ်မရှိ
(စ) ထုတ်လုပ်မှု

၃။ (က) က။ မိသားစုစီမံခန့်ခွဲခြင်း
(ခ) ဂ။ ကုန်ထုတ်အင်အားစုများကိုလေ့လာခြင်းနှင့်ချွေတာသုံးစွဲရေးတို့ကိုလေ့လာခြင်း
(ဂ) ဂ။ ပျော်ပွဲရွှင်ပွဲများ
(ဃ) ဂ။ လူမှုရေးသိပ္ပံဘာသာရပ်ခွဲ

## အခန်း(၂)

၁။ (က) မှန်
(ခ) မှား
(ဂ) မှား
(ဃ) မှန်
(င) မှား

၂။ (က) တစ်ဝက်တစ်ပျက်ပြီး ကုန်ချောများ
(ခ) ကုန်ကြမ်း
(ဂ) ကြားသုံးသွင်းအားစုများ
(ဃ) ကုန်လက်ကျန်
(င) နောက်ဆုံးသုံး

DBE BOX - Copyright Protected

၃။ (က) က။ မူလသွင်းအားစုများ
(ခ) က။ အဝတ်အထည်များ
(ဂ) ဂ။ ကုန်ကြမ်း
(ဃ) ဂ။ ရှားပါးကုန်စည်
(င) ခ။ ၁၀၀ တင်း

**အခန်း(၃)**

၁။ (က) မှန်
(ခ) မှား
(ဂ) မှန်
(ဃ) မှား
၂။ (က) ကုန်ထုတ်စွမ်းအားစုများ
(ခ) အလုပ်ခွဲခြားလုပ်ကိုင်ခြင်း
(ဂ) ကုန်သွယ်ခြင်း
(ဃ) အင်အားစုအခဝင်ငွေ
(င) ကုန်စည်ချင်းတိုက်ရိုက်ဖလှယ်သော
(စ) ရင်းနှီးမြှုပ်နှံခြင်း
(ဆ) ပြည်သူသုံး
၃။ (က) ဂ။ ၅ မျိုး
(ခ) ဂ။ အတတ်ပညာများ
(ဂ) ခ။ ငှားရမ်းခ
(ဃ) ဂ။ ကုန်ထုတ်စွမ်းအားစုများ
(င) က။ စားသုံးခြင်း

DBE BOX - Copyright Protected

**အခန်း(၄)**

၁။ (က) မှား
(ခ) မှန်
(ဂ) မှား
(ဃ) မှန်
(င) မှန်
၂။ (က) မွေးဖွားနှုန်းကြမ်း
(ခ) လူဦးရေတိုးတက်မှု
(ဂ) အလုပ်လုပ်နိုင်သည့် အသက်အုပ်စု

၃။ (က) ခ ။ ၅၁. ၄၉သန်း
(ခ) က။ အမျိုးသမီး
(ဂ) ခ ။ လုပ်သားအင်အား
(ဃ) က။ အနေတော်လူဦးရေ
(င) ဂ ။ မွေးနှုန်းများ နဲ့ သေနှုန်းများ

**အခန်း(၅)**

၁။ (က) မှား
(ခ) မှား
(ဂ) မှန်
(ဃ) မှား
(င) မှန်
၂။ (က) စက်မှုလက်မှုကဏ္ဍ
(ခ) စီးပွားရေးကဏ္ဍ
(ဂ) အရင်းတည်ဆောက်မှုနှုန်း
(ဃ) GDP တိုးတက်မှုနှုန်း
(င) ဖွံ့ဖြိုးပြီးနိုင်ငံများ
၃။ (က) ခ ။ သုံးမျိုး
(ခ) က။ စုစုပေါင်းပြည်တွင်းထုတ်ကုန်
(ဂ) ခ ။ ကုန်သွယ်မှုလက်ကျန်
(ဃ) က။ တိုးလာခဲ့သည်။
(င) ခ ။ ဒုတိယအဆင့်

**အခန်း(၆)**

၁။ (က) မှန်
(ခ) မှား
(ဂ) မှန်
(ဃ) မှား
(င) မှန်
(စ) မှန်
၂။ (က) သွင်းအားစု
(ခ) ၁၆. ၇
(ဂ) ဓာတ်မြေဩဇာ
(ဃ) စွန့်ပစ်ပစ္စည်း

DBE BOX - Copyright Protected

(င) စိုက်ပျိုးစရိတ်ချေးငွေ
(စ) တစ်ဦးကျစားသုံးနိုင်မှု
(ဆ) ရေလုပ်ငန်း

၃။ (က) က။ ကြက်ပေါင်စေး
(ခ) ဂ ။ ထုတ်လုပ်မှုစွမ်းအား
(ဂ) က။ ၂ စု
(ဃ) က။ ဧရာဝတီတိုင်းဒေသကြီး
(င) ခ ။ မိုင် ၂၀၀

## အခန်း(၇)

၁။ (က) မှန်
(ခ) မှား
(ဂ) မှား
(ဃ) မှား
(င) မှန်

၂။ (က) သဘာဝသယံဇာတ
(ခ) ၄၂. ၁၁
(ဂ) ထုတ်လုပ်မှုစရိတ်
(ဃ) ပြန်လည်ပြည့်ဖြိုးနိုင်သော
(င) ခမ္ဘာ့မျိုးဆက်
(စ) စိမ့်ရေ

၃။ (က) ဂ ။ သွင်းအားစု
(ခ) ဂ ။ ၇ ခု
(ဂ) က။ ကျေးရွာစိုက်ခင်း
(ဃ) ဂ ။ ၃၀ နှစ်
(င) က။ လောင်စာ

## အခန်း(၈)

၁။ (က) မှား
(ခ) မှား
(ဂ) မှန်
(ဃ) မှား
(င) မှန်

DBE BOX - Copyright Protected

၂။ (က) အဖိုးတန်သတ္တု
(ခ) ကျောက်မီးသွေး
(ဂ) နမ္မတူဘော်တွင်း
(ဃ) သတ္တုတွင်းထွက်ပစ္စည်း
(င) သဘာဝဓာတ်ငွေ့
၃။ (က) ဂ ။ ဆောက်လုပ်ရေးပစ္စည်းများ
(ခ) ခ ။ သတ္တုမဟုတ်သော
(ဂ) ဂ ။ ရေနံစိမ်း
(ဃ) က။ အရင်းအနှီးပမာဏ

## အခန်း(၉)

၁။ (က) မှား
(ခ) မှား
(ဂ) မှန်
(ဃ) မှား
(င) မှန်
၂။ (က) အပေါ့စားစက်မှုလုပ်ငန်း
(ခ) စားသောက်ရေး
(ဂ) ဆင့်တက်ပြုပြင်သောလုပ်ငန်းများ
(ဃ) လှိုင်သာယာစက်မှုဇုန်
(င) မန္တလေးတိုင်းဒေသကြီး
၃။ (က) က ။ ၃၀
(ခ) ဂ ။ လှိုင်သာယာစက်မှုဇုန်
(ဂ) ခ ။ ကုန်ချောထုတ်လုပ်ငန်း
(ဃ) က။ အကြီးစားစက်မှုလုပ်ငန်း
(င) ခ ။ နျူကလီးယားစွမ်းအင်

## အခန်း(၁၀)

၁။ (က) မှန်
(ခ) မှန်
(ဂ) မှန်
(ဃ) မှား
(င) မှား

DBE BOX - Copyright Protected

၂။ (က) ကုန်သွယ်မှု သို့မဟုတ် ကုန်သွယ်ရေး
(ခ) ပြည်ပကုန်သွယ်မှုရှင်းတမ်း
(ဂ) နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒ
(ဃ) မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်
(င) သဘာဝအခြေခံခရီးသွားလုပ်ငန်း

၃။ (က) က။ နယ်စပ်ကုန်သွယ်ရေး
(ခ) က။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
(ဂ) ခ ။ ဆက်သွယ်ရေး
(ဃ) ခ ။ ရခိုင်ပြည်နယ်
(င) ဂ ။ ငွေစက္ကူထုတ်ဝေခြင်း

DBE BOX - Copyright Protected

# အခန်း(၄)
# မြန်မာနိုင်ငံ၏ လူဦးရေ
# Population of Myanmar

**စာသင်ချိန်(၂၀)ချိန်** **တစ်ချိန်(၄၅)မိနစ်**

## သင်ယူမှုရလဒ်များ

- မြန်မာနိုင်ငံ၏ လူဦးရေတည်ဆောက်ပုံနှင့် ပတ်သက်သော အခြေခံသဘောတရားများကို ခွဲခြားဖော်ထုတ်၍ သုံးသပ်တတ်မည်။
- လူဦးရေဆိုင်ရာ မွေးဖွားနှုန်းကြမ်း၊ သေနှုန်းကြမ်း၊ အသားတင်ပြောင်းရွှေ့မှုနှုန်းတို့ကို လက်တွေ့တွက်ချက်တတ်မည်။
- လူဦးရေကို တိုင်းပြည်၏စီးပွားရေးစနစ်အတွင်း ထုတ်လုပ်သူအဖြစ်လည်းကောင်း၊ စားသုံးသူအဖြစ်လည်းကောင်း ခွဲခြား၍ လေ့လာဆန်းစစ်တတ်မည်။
- လူဦးရေသည် နိုင်ငံ၏လုပ်သားအင်အားကို ဖြည့်တင်းပေးနိုင်ကြောင်း ဆွေးနွေးနိုင်မည်။
- တိုင်းပြည်၏လူဦးရေနှင့် စီးပွားရေးဆိုင်ရာ ရုပ်ဝတ္ထုတို့ကြား အားမျှမှုရှိစေရန် လိုအပ်သည်ကို သိရှိ၍ ရှင်းပြတတ်မည်။

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- စာရင်းဇယားများ၊ ပုံပြကားချပ်များ၊ မြန်မာနိုင်ငံမြေပုံတို့ကို ပြင်ဆင်ထားပါ။

## ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

- တိုင်းပြည်၏ စီးပွားရေးစနစ်အတွင်း လူဦးရေ၏ အရေးပါမှုကို ဆရာနှင့်သော်လည်းကောင်း၊ ကျောင်းသားအချင်းချင်းသော်လည်းကောင်း အပြန်အလှန်ဆွေးနွေးခြင်းဖြင့် ဆက်သွယ်ပြောဆိုတတ်လာမည်။
- မြန်မာနိုင်ငံ၏ လူဦးရေဆိုင်ရာ အဓိကသဘောတရားများနှင့်ပတ်သက်ပြီး အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊ အုပ်စုလိုက်ဆောင်ရွက်တတ်ခြင်း၊ လေးနက်စွာဆန်းစစ်ဝေဖန်တတ်ခြင်း စသည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများကို ရရှိစေမည်။

DBE BOX - Copyright Protected

## ၄.၁။ မြန်မာနိုင်ငံ၏လူဦးရေအဆောက်အအုံပုံသဏ္ဌာန်

### (က) စုစုပေါင်းလူဦးရေပမာဏနှင့်တိုးတက်မှုနှုန်း

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

### သင်ခန်းစာရည်ရွယ်ချက်

- လူဦးရေတည်ဆောက်မှုဆိုင်ရာ သဘောတရားများကို ဆွေးနွေးတတ်ရန်
- လူဦးရေစာရင်းများတွက်ချက်တတ်ရန်
- လူဦးရေစာရင်း၏ အရေးပါမှုကို ကောက်ချက်ချတတ်ရန်

### သင်ခန်းစာမိတ်ဆက် (၁၅)မိနစ်

- ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ရာတွင် အရေးအပါဆုံးဟုထင်မြင်သည့် ကုန်ထုတ်စွမ်းအားစုကိုမေးမြန်းပါ။ ထုတ်လုပ်လိုက်သည့်ကုန်စည်များကို မည်သူကစားသုံးသည်ကိုလည်း မေးမြန်းပါ။ အဖြေများကို သင်ပုန်းပေါ်တွင်မှတ်တမ်းတင်ပြီး အဖြေများမှတစ်ဆင့် လူဦးရေကို ထုတ်လုပ်သူနှင့် စားသုံးသူအဖြစ် နှစ်မျိုးလေ့လာနိုင်သည်ကို ရှင်းပြပါ။
- မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိနိုင်ငံများအားလုံးတွင် လူဦးရေအခြေအနေသည် တသမတ်တည်း ရှိမရှိ ပြောင်းလဲခြင်းရှိ မရှိကို ကျောင်းသားများအား ဖြေဆိုပါစေ။ ထို့နောက် မိမိတို့ဒေသ၏ လူဦးရေတိုးတက်မှု ဆုတ်ယုတ်မှု အခြေအနေကိုမေးမြန်းပါ။

### သင်ကြားခြင်း (၃၀)မိနစ်

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ အုပ်စုလိုက် ကျောင်းသားတစ်ဦးလျှင် မိမိတို့အိမ်နီးနားချင်း ၅ အိမ်၏ ယခုလက်ရှိ အိမ်ထောင်စုများ၏ အိမ်သူအိမ်သားစာရင်းနှင့် လွန်ခဲ့သော ၅ နှစ်ကရှိခဲ့သော အိမ်ထောင်စုများ၏ အိမ်သူ အိမ်သားများစာရင်းကို ဆွေးနွေးပါစေ။ တွေ့ရှိချက်များကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက သင်ပုန်းတွင်မှတ်တမ်းတင်ပါစေ။ ပြောင်းလဲမှုရှိပါက မည်သည့်အခြေအနေများကြောင့် ပြောင်းလဲသည်ကို မေးမြန်းပါ။
- ထို့နောက် ကျောင်းသုံးစာအုပ်ပါ လူဦးရေဆိုင်ရာသဘောတရား အယူအဆများ၊ မွေးဖွားနှုန်းကြမ်း၊ သေနှုန်းကြမ်း၊ ပြောင်းရွှေ့နှုန်းများကို ရှင်းပြပါ။

### လေ့ကျင့်ခြင်း (၃၀)မိနစ်

- ကျောင်းသားအရေအတွက်အပေါ်မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ကျောင်းသားများအား မြန်မာနိုင်ငံလူဦးရေပမာဏနှင့် နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်းတို့ကို အုပ်စုလိုက်ဖတ်စေပြီး လူဦးရေပမာဏကို ပြောင်းလဲစေနိုင်သည့် အကြောင်းများကို ဆွေးနွေးပါစေ။ ဆွေးနွေးစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့ တင်ပြပေးပါ။

DEF BOX - Copyright Protected

- နိုင်ငံ၏လူဦးရေပမာဏအနည်းအများ၊ လူဦးရေတိုးနှုန်းတို့သည် နိုင်ငံအတွက် မည်သည့်အတွက်ကြောင့် အရေးပါသနည်းဟူသောမေးခွန်းကို အုပ်စုလိုက်ဆွေးနွေးဖြေဆိုစေပြီး မှတ်စုတွင် ရေးသားပါစေ။
- အာဆီယံဒေသတွင်း နိုင်ငံများ၏လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို ကျောင်းသုံးစာအုပ်ပါ ဇယားကိုကြည့်ပြီးဆွေးနွေးပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ ဆွေးနွေးချက်ရလဒ်ကို တင်ပြပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၁၅)မိနစ်**

- နိုင်ငံတစ်နိုင်ငံ၏မွေးဖွားနှုန်းကြမ်း၊ သေနှုန်းကြမ်း၊ အသားတင်ပြောင်းရွှေ့မှုနှုန်းတို့ကို မည်သို့တွက်ချက်နိုင်သနည်း။
- နှစ်စဉ် ပျမ်းမျှလူဦးရေတိုးတက်မှုနှုန်းသည် မည်သည့်အချက်များအပေါ် မူတည်နေသနည်း။ အသားတင်ပြောင်းရွှေ့မှုနှုန်းမြင့်ပါက မည်ကဲ့သို့ဖြစ်ပေါ်လာနိုင်မည်နည်း။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၄၁)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## (ခ) အသက်နှင့်ကျား မအလိုက် လူဦးရေပျံ့နှံ့မှု

**စာသင်ချိန်(၃)ချိန် တစ်ချိန်(၄၅)မိနစ်**

### သင်ခန်းစာရည်ရွယ်ချက်

- လူဦးရေပျံ့နှံ့မှု သဘောတရားများကို ရှင်းပြနိုင်ပြီး ကောက်ချက်ချတတ်ရန်

**သင်ခန်းစာမိတ်ဆက် (၁၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ အုပ်စုအလိုက် မိမိတို့အိမ်ရှိ လူဦးရေ၊ ကျား မ အရေ အတွက်၊ အသက်အရွယ်၊ အလုပ်အကိုင်တို့ကို သင်ပုန်းတွင်ရေးပါစေ။ ဆရာက ၎င်းအချက်အလက်များကိုအသုံးပြုပြီး ၎င်းအိမ်ထောင်စုများ၏ အသက်အလိုက် ကျား မ ပျံ့နှံ့မှု ၎င်းနှင့် ဆက်နွှယ်နေသော အခြေအနေများကိုရှင်းပြပါ။
- ထို့နောက် မြန်မာနိုင်ငံ၏အသက်နှင့်ကျား မအလိုက်ပျံ့နှံ့မှုကို လေ့လာဆန်းစစ်မည်ဖြစ်ကြောင်း ပြောကြားပါ။

**သင်ကြားခြင်း (၃၀)မိနစ်**

- ကျောင်းသုံးစာအုပ်ကိုအသုံးပြုပြီး အသက်နှင့်ကျား မ အလိုက်ပျံ့နှံ့မှုအကြောင်း ရှင်းလင်းသင်ကြားပါ။

DRE BOX Copyright Protected


**လေ့ကျင့်ခြင်း** **(၄၅)မိနစ်**

- ကျောင်းသားများကိုအုပ်စု ၄ စု ဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ပါဇယား(၄. ၃)၊ ပုံ(၄. ၂)(၄. ၃)၊ ဇယား(၄. ၄)တို့ကို လေ့လာစေပြီး ၁၉၈၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေများကို အုပ်စုလိုက် ဆွေးနွေးပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးရရှိချက်များကို အတန်းသို့တင်ပြပါစေ။
- အသက်နှင့်ကျား မအလိုက်ပျံ့နှံ့မှုသည် မည်သည့်စီးပွားရေးအကြောင်းနှင့် ဆက်နွယ်နေသည်ကို ကျောင်းသုံးစာအုပ်ပါ အချက်အလက်များကိုအသုံးပြု၍ အုပ်စုလိုက် ရှာဖွေလေ့လာပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ထို့နောက် ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၄၅)မိနစ်**

- အသက်အုပ်စုကို မည်သို့ခွဲခြားထားသနည်း။ မည်သည့်အသက်အုပ်စုသည် အရေးအပါဆုံးဟု ထင်သနည်း။ အဘယ်ကြောင့်နည်း။
- ပုံတွင်ဖော်ပြထားသည့် အသက်ပိရမစ်များကိုလေ့လာစေပြီး မည်သည့်ပုံက စီးပွားရေးအခြေအနေအကောင်းဆုံး ဖြစ်စေနိုင်သည်ကို အုပ်စုလိုက်ဆွေးနွေးပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးရရှိချက်များကို အတန်းသို့တင်ပြပါစေ။

DBE BOX - Copyright Protected




**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၄၆)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## (ဂ) ဒေသအလိုက်လူဦးရေပျံ့နှံ့မှု

**စာသင်ချိန်(၄)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာနိုင်ငံ၏ လူဦးရေပျံ့နှံ့မှုကို ဆန်းစစ်သုံးသပ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- မြန်မာနိုင်ငံ၏ ဒေသများအကြောင်းကိုကျောင်းသားများ သိရှိသလောက် ပြောပါစေ။ လူနေအထူထပ်ဆုံးဒေသနှင့် လူနေအနည်းပါးဆုံး ဒေသများကိုလည်း ဖော်ပြပါစေ။

- မိမိတို့ဒေသအတွင်းရှိ လူနေအထူထပ်ဆုံးခရိုင်၊ မြို့နယ်၊ မြို့များ၊ လူနေအနည်းပါးဆုံးခရိုင်၊ မြို့နယ်၊ မြို့များကိုလည်း သိရှိသလောက်ဖော်ထုတ်ပါစေ။
- ထို့နောက် ဒေသအလိုက်လူဦးရေပျံ့နှံ့မှုကို သင်ကြားမည်ဖြစ်ကြောင်း ပြောကြားပါ။

**သင်ကြားခြင်း** **(၄၀)မိနစ်**

- ကျောင်းသားများကိုအုပ်စုဖွဲ့ပါ။ မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ်များရှိ မြို့များ၊ မြို့ကြီးများ၏ အခြေအနေများကို အုပ်စုလိုက် လေ့လာဆန်းစစ်ပါစေ။ အုပ်စုလိုက် လေ့လာတွေ့ရှိချက်များကို သင်ပုန်းတွင် မှတ်တမ်းတင်ပါစေ။
- မြန်မာနိုင်ငံ၏ မြေပုံပေါ်တွင် လူနေထိုင်မှု ကွဲပြားပုံတို့ကို အုပ်စုလိုက် ဆေးရောင်ခြယ်ပါစေ။ ဒေသများကြား မည်သည့်အတွက်ကြောင့် ကွဲပြားခြားနားမှုရှိသည်ကို အုပ်စုလိုက်ထပ်မံ ဆွေးနွေးပါစေ။
- ထို့နောက် ကျောင်းသုံးစာအုပ်ပါ အကြောင်းအရာများကို ဖတ်ရှုပါစေ။ ဇယား (၄. ၅ )တွင် လူဦးရေတူညီသည့်ဒေသများကို အုပ်စုလိုက် လေ့လာသုံးသပ်ပါစေ။ နေထိုင်သူများပြားလာပါက မည်သို့သောအခြေအနေများ လိုအပ်သနည်း။ မည်သို့သောအနေအထားများ ဖြစ်ပေါ်ပြောင်းလဲလာနိုင်သနည်းဆိုသည့် အချက်များကို အုပ်စုလိုက်ဆွေးနွေးပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့ တင်ပြပါစေ။ ဆွေးနွေးချက်ရလဒ်များကို ဆရာက ဖြည့်စွက်ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၄၅)မိနစ်**

- ကျောင်းသားများကို အုပ်စု ၄ စု ဖွဲ့ပါ။ ဒေသအလိုက် လူဦးရေပျံ့နှံ့မှုတွင် အရေးကြီးသော အချက်ကို ကျောင်းသုံးစာအုပ်ပါ အချက်အလက်များကို အုပ်စုလိုက် ရှာဖွေလေ့လာပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့တင်ပြပေးပါ။ ထို့နောက် ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။
- ကျောင်းသားများကို အုပ်စု ၄ စုဖွဲ့ပါ။ မိမိဒေသ၏ လူဦးရေပျံ့နှံ့မှုနှင့် လူဦးရေပျံ့နှံ့မှုတွင် အရေးကြီးသောအချက်များကို အုပ်စုလိုက် ဆွေးနွေးပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးချက် ရလဒ်များကို အတန်းသို့တင်ပြပေးပါ။ အတန်းမှ လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးပါစေ။

**သင်ကြားခြင်း** **(၄၅)မိနစ်**

- ကျောင်းသားများအား မြန်မာနိုင်ငံမြို့ပြဒေသများ၏ လူဦးရေသည် ကျေးလက်ဒေသနှင့် နှိုင်းယှဉ်ပါက မည်သည်က ပိုမိုသနည်း၊ မည်သို့သော အကြောင်းများကြောင့် ဖြစ်နိုင်သနည်း ဟူသော မေးခွန်းကိုမေးမြန်းပါ။

DPE BOX - Copyright Protected

- ထို့နောက် ကျောင်းသုံးစာအုပ်ပါဇယားကို အသုံးပြုပြီးမြန်မာနိုင်ငံ၏ကျေးလက်မြို့ပြ လူဦးရေပျံ့နှံ့မှုကိုရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ထို့နောက် နိုင်ငံစီးပွားရေးတွင် မြို့ပြဒေသ၏အရေးပါပုံ၊ မြို့ပြဖြစ်ထွန်းမှုနှုန်းလျင်မြန်ပါက ဖြစ်ပေါ်လာမည့် အကျိုးကျေးဇူးများ နှင့် လိုအပ်ချက်များ၊ ပြည်ပသို့ပြောင်းရွှေ့မှု များလာပါက ဖြစ်ပေါ်လာမည့် အချက်များကို အုပ်စုလိုက်ဆွေးနွေးပါစေ။ ဆွေးနွေးစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုကိုယ်စား လှယ်တစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့တင်ပြပေးပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၂၀)မိနစ်**

- လုပ်သားပြောင်းရွှေ့မှုများပြားလာပါက မည်သို့သောအခြေအနေများ လိုအပ်လာမည်နည်း။ မည်သို့သောအနေအထားများ ဖြစ်ပေါ်ပြောင်းလဲလာနိုင်သည်ကို ဆန်းစစ်ဖြေဆိုပါ။
- ဒေသအလိုက် လူဦးရေပျံ့နှံ့မှုသည် မည်သည့်အချက်ပေါ်မူတည်သနည်း။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၄၉)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## ၄.၁။(ဃ) အလုပ်အကိုင်အလိုက်နှင့် ကဏ္ဍအလိုက်လူဦးရေပျံ့နှံ့မှု

## ၄.၂။ လုပ်သားအင်အား

**စာသင်ချိန်(၂)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- လုပ်သားအင်အားနှင့်ပတ်သက်သော အဓိကသဘောတရားကို ရှင်းပြတတ်ရန်
- မြန်မာနိုင်ငံ၏ လူဦးရေတည်ဆောက်ပုံကို အလုပ်အကိုင်အလိုက်နှင့် ကဏ္ဍအလိုက် လူဦးရေပျံ့နှံ့မှုအရ ခွဲခြားသုံးသပ်တတ်ရန်
- မြန်မာနိုင်ငံ၏ အဆင့်အလိုက် စီးပွားရေးကဏ္ဍများတွင် လုပ်သားအင်အားပျံ့နှံ့မှုကို ဆွေးနွေး တတ်ရန်
- လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဟူသော ဝေါဟာရကို သိရှိ၍ ရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- ကျောင်းသားများအား အလုပ်မလုပ်နိုင်သည့် အသက်အရွယ်နှင့် အလုပ်မလုပ်သောသူများ သည် မည်သူတို့ဖြစ်သည်ကို မေးမြန်းဆွေးနွေးပါ။ ၎င်းတို့များပြားလာပါက နိုင်ငံတွင် မည်သို့ဖြစ်ပေါ်လာနိုင်သည်ကို ဆွေးနွေးပါစေ။ ထို့နောက် လုပ်သားအင်အားအကြောင်း သင်ကြားမည်ဖြစ်ကြောင်းပြောပါ။



DRE BOX - Copyright Protected

**သင်ကြားခြင်း** **(၃၅)မိနစ်**

- အမှန်တကယ်အလုပ်လုပ်နေသူများ သို့မဟုတ် အလုပ်အကိုင်ရရှိရန် အားတက်သရော ရှာဖွေသူများအားလုံးကို လုပ်သားအင်အားဟု သတ်မှတ်နိုင်ကြောင်းကို ဆရာကရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

- ကျောင်းသားများကိုအုပ်စုဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ပါ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏လုပ်သား အင်အားကိုကြည့်၍ မြန်မာနိုင်ငံ၏အခြေအနေကို အုပ်စုလိုက်ဆွေးနွေးစေပြီး အုပ်စု ကိုယ်စားလှယ်တစ်ဦးစီက တင်ပြပါစေ။
- ဇယား(၄. ၇)ပါ လုပ်သားအင်အား၊ အလုပ်လက်မဲ့ရာခိုင်နှုန်း၊ အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုးတို့ကို အုပ်စုလိုက်လေ့လာဆန်းစစ်ပါစေ။ အုပ်စုလိုက် လေ့လာတွေ့ရှိချက်များကို သင်ပုန်းတွင် မှတ်တမ်းတင်ပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- အဘယ်ကြောင့်လုပ်သားအင်အားကို သတ်မှတ်သနည်း။ လုပ်သားအင်အားသည် မည်သည့် အသက်အုပ်စုတွင် ပါဝင်သနည်း။
- လုပ်သားအင်အားကို လေ့လာရာတွင် အရေးပါသောအချက်တစ်ရပ်ဖြစ်သည့် လုပ်သားများ၏ ကျွမ်းကျင်မှုနှင့် အရည်အသွေးသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးသက်ရောက်မှု ရှိစေသည်ကို ဆန်းစစ်ဖော်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၅၂)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## ၄.၃။ စားသုံးသူများ

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- လူဦးရေနှင့် စားသုံးမှုပုံသဏ္ဍာန်ဆက်စပ်မှုကို သိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကျေးလက်ဒေသနှင့်မြို့ပြဒေသ စားသောက်မှုပုံစံမည်သို့ရှိကြောင်း ကျောင်းသားများအား မေးမြန်းဆွေးနွေးပါ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများအား ကျေးလက်ဒေသနှင့်မြို့ပြဒေသစားသောက်မှုပုံစံ ကွဲပြားမှုပေါ် မူတည်ပြီး စားသုံးမှုအသုံးစရိတ် ကွဲပြားကြောင်းနှင့် စားသုံးမှုအသုံးစရိတ်တွင် စားဝတ်နေရေး အသုံးစရိတ်က အဓိကပါဝင်ကြောင်း ရှင်းလင်းပြပါ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများအား သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ ပုဂ္ဂလိကစားသုံးမှု၊ အိမ်ထောင်စုစားသုံးမှု၊ စုပေါင်းစားသုံးမှုတို့တွင် စားသုံးမှုပုံသဏ္ဍာန်မတူရခြင်း အကြောင်းရင်းများကို ကျောင်းသုံးဖတ်စာအုပ်ကို လေ့လာစေပြီး အုပ်စုကိုယ်စားလှယ်တစ်ဦးစီက လေ့လာတွေ့ရှိချက်များကို ဥပမာများနှင့်တကွ အတန်းသို့တင်ပြပါစေ။
- ကျောင်းသားများအား ကျောင်းသုံးစာအုပ်ကို လေ့လာစေပြီး လူဦးရေပမာဏနှင့် စားသုံးမှုပမာဏ၊ လူဦးရေတိုးတက်မှုနှုန်းနှင့် စားသုံးမှုနှုန်းတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှုန်းတိုးတက်မှု၊ ဈေးကွက်အရွယ်အစားတို့ မည်ကဲ့သို့ဆက်စပ်နေသည်ကို အုပ်စုလိုက် ဆွေးနွေးပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့တင်ပြပါစေ။ ဆွေးနွေးချက်ရလဒ်များကို ဆရာက ဖြည့်စွက်ရှင်းပြပါ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- လူဦးရေပျံ့နှံ့မှုနှင့် စားသုံးမှုပုံသဏ္ဍာန်ဆက်စပ်မှုကို ရှင်းလင်းရေးသားပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၅၄)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## ၄.၄။ အနေတော်လူဦးရေ

**စာသင်ချိန်(၄)ချိန်** **တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- တိုင်းပြည်၏လူဦးရေနှင့် စီးပွားရေးဆိုင်ရာ ရုပ်ဝတ္ထုအရင်းအမြစ်တို့အကြား အားမျှခြေရှိရန် လိုအပ်သည်ကို ရှင်းပြတတ်စေရန်

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- လူနေထူထပ်သည့်ဒေသနှင့် လူနေနည်းသည့်ဒေသများကို ကျောင်းသားများအား မေးမြန်းဆွေးနွေးပါ။ ပြီးလျှင် ကျောင်းသုံးစာအုပ်နှင့် တိုက်ဆိုင်စစ်ဆေးကြည့်ပါ။

**သင်ကြားခြင်း** **(၃၅)မိနစ်**

- ကျောင်းသားများအား သင့်လျော်သလို အုပ်စုဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ကိုကြည့်ပြီး ဒေသအလိုက်လူဦးရေသိပ်သည်းမှုနှင့် လူဦးရေပျံ့နှံ့မှုတူညီမှု ရှိ မရှိကို ဆွေးနွေးပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက လေ့လာတွေ့ရှိချက်များကို ဥပမာများနှင့်တကွ အတန်းသို့ တင်ပြပါစေ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၄၅)မိနစ်**

- ကျောင်းသားများအား သင့်လျော်သလို အုပ်စုဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ပါ စာရင်းဇယားများကို လေ့လာစေပြီး မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းမှုများသည့်ဒေသနှင့် လူဦးရေသိပ်သည်းမှု နည်းသည့်ဒေသတို့ကို အုပ်စုလိုက် မြန်မာပြည်မြေပုံရေးဆွဲ ဆေးရောင်ခြယ်ပါစေ။ ပြီးလျှင် အတန်းကိုတင်ပြပါစေ။
- ကျောင်းသုံးစာအုပ်ကိုအသုံးပြုပြီး လူဦးရေနည်းလွန်းခြင်း၊ လူဦးရေများလွန်းခြင်း၊ အနေတော်လူဦးရေသဘောတို့ကို ရှင်းပြပါစေ။

**သင်ကြားခြင်း** **(၄၅)မိနစ်**

- ကျောင်းသားများအားအုပ်စု ၂ စုဖွဲ့ပါ။ ပထမအုပ်စုကို လူနေထူထပ်များပြားသည့် ဒေသများရှိ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ သစ်တော၊ သတ္တုတွင်း၊ မြေယာစသည့် သဘာဝသယံဇာတများကိုလည်းကောင်း၊ ဒုတိယအုပ်စုကို တူးမြောင်းများ၊ တံတားများ၊ အိမ်ရာအဆောက်အအုံများ၊ သင်္ဘောဆိပ်များ၊ လေဆိပ်များ၊ ကားလမ်းများအစရှိသည့် လူတို့ဖန်တီးထားသည့် သယံဇာတများကိုလည်းကောင်း၊ ဆွေးနွေးဖော်ထုတ်စေပြီး အုပ်စုကိုယ်စားလှယ် တစ်ဦးစီက လေ့လာတွေ့ရှိချက်များကို အတန်းသို့တင်ပြပါစေ။ ကျောင်းသုံးစာအုပ်ပါ လူနေသိပ်သည်းမှုနှင့် တွက်ချက်ပုံကို ဆရာကရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

- ကျောင်းသားများအားအုပ်စု ၂ စု ဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ကိုကြည့်ပြီး နည်းပညာဖွံ့ဖြိုးမှုနှင့်လူတို့ဖန်တီးသောအရင်းအမြစ်များသည် အနေတော်လူဦးရေသဘောတရားတွင် လိုအပ်ကြောင်း ဆွေးနွေးပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးရရှိချက်များကို အတန်းသို့ တင်ပြပါစေ။ မှတ်စုတွင် ရှင်းလင်းရေးသားပါစေ။
- မိမိဒေသတွင်ရှိသည့် လူဦးရေသိပ်သည်းမှုပုံစံကို ရှင်းလင်းရေးသားပါစေ။
- ဒေသတစ်ခုအတွက် အနေတော်လူဦးရေကို ခန့်မှန်းရန် အဘယ်ကြောင့်ခဲယဉ်းသနည်းဟူသော မေးခွန်းကို ရှင်းလင်းဖြေဆိုပါစေ။

**ပြန်လည်ဆန်းစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- မြန်မာနိုင်ငံတွင် လူဦးရေသိပ်သည်းမှုကို မည်သို့တိုင်းတာသနည်း။
- ဒေသတစ်ခုအတွက် အနေတော်လူဦးရေကိုခန့်မှန်းရန် အဘယ်ကြောင့်ခဲယဉ်းသနည်း။ ရှင်းလင်းရေးသားပါ။


**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၅၈)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX - Copyright Protected

## အခန်း(၄)ကို ပြန်လည်ဆန်းစစ်ခြင်း

**စာသင်ချိန်(၁)ချိန်** **(၄၅)မိနစ်**

- အောက်ပါပုံပြဇယားတွင် ကွက်လပ်ထား၍ လိုအပ်သောအချက်များကို ဖြည့်ခိုင်းပြီး အခန်း(၄)တွင် သင်ယူခဲ့သည့် အကြောင်းအရာများကိုပြန်လည်သုံးသပ်ပါ။




DBE BOX - Copyright Protected

**စာသင်ချိန်(၃)ချိန်** **တစ်ချိန်(၄၅)မိနစ်**

### လေ့ကျင့်ခန်းများ

၁။ အောက်ပါမေးခွန်းများကို မှား မှန် ရွေးပါ။

(က) ပြည်ပမှရွှေ့ပြောင်းဝင်လာသူနှင့် ပြည်ပသို့ရွှေ့ပြောင်းထွက်သွားသူတို့၏ ခြားနားမှုကို အသားတင်ရွှေ့ပြောင်းမှုဟုခေါ်သည်။

(ခ) ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ ဒေသအလိုက်လူဦးရေပျံ့နှံ့နေထိုင်မှုတွင် မန္တလေးတိုင်းဒေသကြီးသည် လူဦးရေအများဆုံးနေထိုင်ရာဒေသဖြစ်သည်။

(ဂ) ၂၀၁၄ ခုနှစ် လုပ်သားအင်အား လေ့လာချက်စစ်တမ်းအရ မြန်မာနိုင်ငံလုပ်သားအင်အား၏ ၅၆. ၅ ရာခိုင်နှုန်းသည် ပထမအဆင့်ကဏ္ဍများတွင် လုပ်ကိုင်ကြကြောင်းတွေ့ရှိရသည်။

(ဃ) မြန်မာနိုင်ငံတွင်လူဦးရေသိပ်သည်းမှုကို မြေဇရိယာစတုရန်းမိုင်တွင်နေထိုင်သော လူဦးရေဖြင့် တိုင်းတာသည်။

(င) လူဦးရေနည်းလွန်းလျှင် ဖောက်ချလုပ်ကိုင်ခြင်းနှင့် စကေးကြီးထုတ်လုပ်မှုတို့အတွက် ဖြစ်နိုင်ခြေနည်းပါးသဖြင့် ထုတ်လုပ်မှုမထိရောက်နိုင်ပေ။

၂။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) မွေးဖွားသူဦးရေနှင့် စုစုပေါင်းလူဦးရေ၏အချိုးကို -------------------- ဟုခေါ်သည်။

(ခ) လူနေမှုအဆင့်အတန်းကို မြှင့်တင်လိုပါက ထုတ်လုပ်မှုသည် -------------------ထက် ပိုမိုလျင်မြန်သောနှုန်းထားဖြင့် တိုးတက်ရန်လိုအပ်သည်။

(ဂ) အသက် ၁၅ နှစ်မှ ၆၄ နှစ် အုပ်စုရှိသူများသည် အလုပ်လုပ်ရန် အသင့်လျော်ဆုံး အသက် အရွယ် ဖြစ်သောကြောင့် ------------------- ဟုခေါ်သည်။

Option

၃။ အဖြေမှန်ရွေးပါ။

(က) ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေသည် (က) ၅၀. ၄၉သန်း (ခ) ၅၁. ၄၉သန်း (ဂ) ၅၂. ၄၉သန်း ရှိသည်ဟု ခန့်မှန်းထားသည်။

(ခ) ကျား မ အချိုးသည် (က) အမျိုးသမီး (ခ) အမျိုးသား (ဂ) စုစုပေါင်းလူဦးရေ (၁၀၀)လျှင် ရှိသော အမျိုးသားဦးရေကို ဖော်ပြသည်။

(ဂ) အမှန်တကယ် အလုပ်လုပ်နေသူများ သို့မဟုတ် အလုပ်အကိုင်ရရှိရန် အားတက်သရော ရှာဖွေနေသူများအားလုံးကို (က) အလုပ်လုပ်နိုင်သောအသက်အုပ်စု (ခ) လုပ်သားအင်အား (ဂ) လူဦးရေပျံ့နှံ့မှုဟုခေါ်သည်။

(ဃ) ဒေသတစ်ခုအတွင်း မှန်ကန်သောလူဦးရေပမာဏကို ၎င်းဒေသ၏ (က) အနေတော်လူဦးရေ (ခ) လူဦးရေသိပ်သည်းမှု (ဂ) စုစုပေါင်းလူဦးရေဟုသတ်မှတ်သည်။

(င) ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးပြီးနိုင်ငံများတွင် (က) မွေးနှုန်းများ (ခ) သေနှုန်းများ (ဂ) မွေးနှုန်းများနှင့်သေနှုန်းများ ပိုမိုနိမ့်ကျကာ ကလေးများဦးရေ အချိုးအစားနည်းပြီး အသက်ကြီးသူအချိုးအစားမြင့်သည်။

DBE BOX - Copyright Protected

၄။ အောက်ပါမေးခွန်းများကိုဖြေပါ။

(က) ၂၀၁၄ ခုနှစ်လူဦးရေ စာရင်းအရကြည့်လျှင် သင်နေထိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် လူဦးရေမည်မျှရှိသနည်း။ နည်းပါးသလား၊ များပြားသလား။ အဘယ်ကြောင့် လူဦးရေနည်းပါး များပြားရသည်ကို ဝေဖန်သုံးသပ်ပြပါ။

(ခ) နှစ်စဉ် လူဦးရေတိုးတက်မှုနှုန်းသည် မည်သည့်အချက်များပေါ်တွင် တည်မှီနေသည်ကို ရှင်းပြပါ။

(ဂ) အသက်နှင့် ကျား မအလိုက် လူဦးရေပျံ့နှံ့မှုသည် အလွန်အရေးပါသောစီးပွားရေးအကြောင်း အရာများနှင့် မည်သို့ဆက်နွှယ်နေသည်ကို သုံးသပ်ဖြေဆိုပါ။

(ဃ) မြို့ပြတိုးတက်မှုနှုန်းသည် လူဦးရေ၏စားသုံးမှုပုံသဏ္ဍာန်ကို မည်သို့ပြောင်းလဲစေကြောင်း ဆက်စပ်၍ရှင်းပြပါ။

(င) အနေတော်လူဦးရေဆိုသည်မှာ အဘယ်နည်း။ မြန်မာနိုင်ငံ၏လူဦးရေသည် အနေတော် လူဦးရေ ဖြစ် မဖြစ်သုံးသပ်ဖြေဆိုပါ။

DBE BOX - Copyright Protected